
www.burmeseclassic.com

# ဝိတြွအဂ္ဂ

## ကန္တာရမြွေဟောက်



L လင်း

09 420040335

www.burmeseclassic.com

www.burmeseclassic.com

# စိတြွအဂ္ဂ

ကန္တာရ မြွေဟောက်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်ဖိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ အမှတ်(၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အဖုံးပန်းချီ - L လင်း
အတွင်းပလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ်-၁၈၂ (B)၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း။ ၀၉ -၅၃၀၅၁၆၆၄ ၀၉-၅၃၁၂၆၃၅

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## အကာလအော်သံ

## သက်မဲ့သက်သေ

## လျှို့ဝှက်လူသတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## အကာလအော်သံ

တစ်ခုသောနွေရာသီဝယ်။

အပူဒဏ်ကိုကြောက်ရွံ့သော ကျွန်ုပ်သည် ရန်ကုန်မြို့၏ နွေအပူဒဏ်ကိုရှောင်ရန် မောရှမ်းဒေသ၏ လှပသည့် တောင်ပေါ်မြို့လေး ကလောသို့သွားရောက်ကာ မိတ်ဆွေတစ်ဦးပိုင်သော မြို့ပတ်လမ်းမှ တိုက်ပုလေးတွင် အေးချမ်းစွာတည်းခိုနေထိုင်ရင်း လုံးချင်းဝတ္ထုတစ်အုပ်ကို ရေးသားလျက်ရှိလေ၏။

ကလောမြို့လေး၏နွေညသည် အေးတစိမ့်စိမ့်ရှိလှသဖြင့် အနွေးထည်ဝတ်ကာ အိပ်ခန်းထဲရှိ စာရေးစားပွဲတွင် စိတ်အေး



www.burmeseclassic.com

www.burmeseclassic.com



လက်အေး စာထိုင်နေရာလျက်ရှိစဉ် ဘေးခြံရှိ နှစ်ထပ်တိုက်ကြီး ဘက်ဆီမှ ငယ်သံပါအောင် အော်သံတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

"အား ... အမလေး"

ကျွန်ုပ်နေထိုင်ရာ မြို့ပတ်လမ်းရှိ ခြံများမှာ အတော် အတန်ကျယ်ဝန်းကြသော်လည်း ညဆယ်နာရီကျော်ကျော်ခန့် တိတ်ဆိတ်ငြိမ်သက်နေသော အကာလပေမို့ အနီအော်သံကြီးကို ထိထိမိမိ ကြားလိုက်ရခြင်းဖြစ်ပေ၏။

သို့ကြောင့် ကျွန်ုပ်သည် ပါကားဖောင်တိန်ကို ချထား လိုက်ပြီးနောက် ထိုင်ရာမှထကာ ပြတင်းပေါက်တံခါးကိုဖွင့်လျက် တစ်ဘက်ခြံဆီ လှမ်းကြည့် ရှုစမ်းလိုက်လေသည်။

တစ်ဘက်ခြံကြီးထဲရှိ နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်မှ အခန်းအားလုံးနီးပါး မီးများလင်းလာသည်ကို တွေ့ရသဖြင့် ထူးခြားဖြစ်စဉ် တစ်ခုခုတော့ဖြစ်နေပြီဟု သုံးသပ်မိလိုက်လေ၏။

"အင်း ... ဘာများဖြစ်သလဲ မသိဘူး"

ခြိမ်းချင်းမို့ လူမှုရေးအရ သတင်းသွားမေးလိုသော်လည်း ကျွန်ုပ်သည် ဤဒေသတွင် လူသစ်တစ်စဦးသာဖြစ်သဖြင့် သွား





မေးရန်မသင့်ဟု ယူဆကာ အတန်ကြာအကဲခတ်ကြည့်နေပြီး နောက် ပြတင်းတံခါး ပြန်ပိတ်လိုက်လေသည်။

ကျွန်ုပ်သည် စာရေးစားပွဲတွင် ပြန်ထိုင်ပြီး စာဆက်ရေး ရန် ကြိုးစားသော်လည်း စာရေး၍မရဘဲ စိတ်က တစ်ဖက်ခြံရှိ တိုက်ကြီးဆီသို့သာ ရောက်နေလေ၏။

ခဏအကြာတွင်မူ ကားသံကြားရသဖြင့် ထိုင်ရာမှထ ကာ ပြတင်းပေါက်တံခါး ပြန်ဖွင့်ပြီး တစ်ဖက်ခြံဆီ ကြည့်လိုက်မိ လေသည်။

ဂျစ်ကားတစ်စီး တစ်ဖက်ခြံထဲ မောင်းဝင်လာသည်ကို တွေ့ရပြီး ကားပေါ်မှ ပုလိပ်အရာရှိအချို့နှင့် ပုလိပ်တပ်သားအချို့ ဆင်းလာသည်ကို တွေ့ရရာ ကျွန်ုပ်သည် စိတ်မသက်မသာ အတော်ဖြစ်သွားရလေသည်။

"ဟင် ... ဟိုဘက်ခြံက တိုက်ကြီးမှာ ရာဇဝတ်မှု တစ်ခုခု ဖြစ်တယ်ထင်ပါရဲ့"

ကျွန်ုပ်သည် တိတ်ဆိတ်လျက်ရှိသည့် တစ်ဘက်ခြံဆီ အတန်ကြာငေးကြည့်နေပြီးမှ ပြတင်းတံခါးပြန်ပိတ်လိုက်ပါသည်။

"အင်း .. မနက်ကျမှပဲ အဲဒီခြံကိုသွားကြည့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ ညည့်နက်လာသည်နှင့်အမျှ ပို၍ အေးစိမ့်လာသည့်အပြင် စာလည်း ဆက်ရေးရန် အာရုံမရတော့သဖြင့် အိပ်ရာသို့သာ ဝင်ခဲ့ရပါတော့၏။

❋ ❋ ❋



## သက်မဲ့သက်သေ

နောက်နေ့နံနက်တွင် ကျွန်ုပ်သည် အိပ်ရာမှထပြီးနောက် တပည့်မောင်ဖင်မဲဖျော်ပေးသည့် ကော်ဖီနှင့် ပေါင်မုန့်မီးကင်ကို နံနက်အဆာပြေအဖြစ် စားသောက်ရင်း —

"ဖင်မဲရေ ဟိုဘက်ခြံက ဘာသတင်းကြားသဲလဲကွ"

ဟုမေးလိုက်ရာ နေရာတကာကြောက်တတ်သည့် တပည့်ကျော်မောင်ဖင်မဲက မျက်စိပျက်မျက်နှာပျက်ဖြင့် ဖြေလေသည်။

"ဟို ဟိုဘက်ခြံက တိုက်ကြီးမှာ လူ လူသတ်မှုဖြစ်လို့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ!"

"ဟုတ် . . . ဟုတ်တယ်ဆရာ၊ မနက်စောစောစီးစီး အဲဒီခြံရှေ့မှာ လူတွေစုရုံးစုရုံးဖြစ်နေလို့ ကျွန်တော် သွားစပ်စု ကြည့်တော့ ညတုန်းက အဲဒီတိုက်ကြီးမှာ လူတစ်ယောက် အသတ်ခံရလို့တဲ့။ ပြောနေကြတာ ကြားရတယ်ဆရာရဲ့။ ပုလိပ် တွေလည်း ညကတည်းက ရောက်နေတာတဲ့၊ အခုထိ ပုလိပ်တွေ ရှိနေကြတုန်းပဲ"

"ဘယ်သူအသတ်ခံရတာတဲ့လဲ"

"အဲဒါတော့ မသိဘူးဆရာ။ လူသတ်မှုဖြစ်တယ်လို့ ကြားရတာနဲ့ ကျွန်တော်လည်းလန့်ပြီး ပြန်ပြေးလာမိတယ်"

"အင်း . . . မင်းကလည်း ငါ့တပည့်ဖြစ်ပြီး တယ်လည်း သွေးနည်းသကိုး။ ကဲ ကဲ . . . ငါကိုယ်တိုင်သွားပြီး စုံစမ်းကြည့်ရ ဦးမယ်၊ တုတ်ကောက်ပေးစမ်း"

"ဟုတ်"

ကျွန်ုပ်သည် တုတ်ကောက်ကို ဆွဲကိုင်လျက် တစ်ဖက်ခြံ သို့ ကူးခဲ့လေသည်။

သို့သော် . . . ခြံတံခါးဝတွင် ပုလိပ်သားနှစ်ဦး စောင့်ကြပ်





လျက်ရှိသဖြင့် ခြံထဲသို့ ဝင်ခွင့်မရဘဲ ခြံဝတွင်သာ အခြားသော လာရောက်စပ်စုကြသည့် မြို့သူမြို့သားအချို့နှင့်အတူ ရပ်ကြည့် အကဲခတ်နေရလေသည်။

"ဒီအိမ်က ပွဲစားကြီးဦးခင်ဖော်ရဲ့သား ချန်ကေရှိတ် (ခ) မောင်အောင်စိုးဆိုတဲ့လူပျိုကောင်လေး အသတ်ခံရတာတဲ့ဗျ"

"သူတို့က ဒီကိုပြောင်းလာတာ တစ်နှစ်ကျော်ကျော် လောက်ပဲ ရှိသေးတယ်နော်"

"ဟုတ်တယ်ဗျ။ မန္တလေးက ပြောင်းလာတယ်ဆိုလား ပဲ"

"ဒီအိမ်မှာက ငပိကောင် (ခ) ဦးခင်ဖော်တို့သားအဖ ရယ်၊ ထမင်းချက်မိန်းမကြီးနဲ့ အိမ်စေကောင်မလေးရယ်၊ ဒရဝမ် ရယ် ဒါပဲနေတာ မဟုတ်လားဗျ"

"ဟုတ်တယ်လေ၊ ကောင်လေးကလည်း အေးအေး လေးပါဗျာ၊ ဘာဖြစ်လို့ အသတ်ခံရသလဲ မသိပါဘူး"

"အလောင်းရော ဒီမှာရှိသေးသလားဗျ"

"မနက်စောစောကပဲ ဆေးရုံကရင်ခွဲရုံကို ပို့လိုက်ပြီဗျ"

ခြံဝတွင် ရုံးစုရုံးစု ဖြစ်နေကြသူများ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက် ပြောဆိုသမျှကို နားစွင့်ရင်း ကျွန်ုပ်က ခြံကြီးထဲသို့ လှမ်းကြည့်လိုက်စဉ် တိုက်ကြီး၏နံဘေးမှ ပတ်လျှောက်လာကြသည့် ခပ်ဝဝ ပုလိပ်အရာရှိတစ်ဦးနှင့်အတူ လူရွယ်ချောချောတစ်ဦးကို တွေ့ရလေလျှင် ကျွန်ုပ်သည် လွန်စွာအံ့သြသွားပြီး မျက်ခုံးပင့်လိုက်မိလေ၏။

နီညိုရောင်သက္ကလတ်ဘောင်းဘီရှည်ကို ကုတ်အင်္ကျီအညိုရောင် စပို့ရှပ်စကားဝါရောင်တို့နှင့် တွဲဖက်ဝတ်ထားသည့် ထိုလူရွယ်ချောချောသည်ကား ကျွန်ုပ်၏မိတ်ဆွေလေး နာမည်ကျော် အိုင်အိုကျော်စိုးဖြစ်နေသောကြောင့် အံ့သြဝမ်းသာသွားရခြင်းဖြစ်သည်။

"ကိုကျော်စိုး ... ကိုကျော်စိုး"

ကျွန်ုပ်၏အော်ခေါ်သံကြောင့် ခပ်ဝဝပုလိပ်အရာရှိကြီးအား တစ်စုံတစ်ရာပြောနေရာမှ အိုင်အိုကျော်စိုးက ခြံဝဆီလှမ်းကြည့်လေရာ လူအုပ်ကြားရှိ ကျွန်ုပ်ကို တွေ့မြင်သွားလေသည်။

သူက ချက်ချင်းဆိုသလိုပင် ပြုံးလိုက်ကာ ခြံဝဆီ ခပ်သွက်သွက် လျှောက်လှမ်းလာပြီး –





"ဟာ အာစရိ ... အာစရိက ဒီရောက်နေတာကိုး။ လာ လာ ... ခြံထဲဝင်ခဲ့"

ဟု လှမ်းခေါ်လိုက်ရာ လူသတ်မှုကို စပ်စုချင်နေသည့် ကျွန်ုပ်လည်း ခြံတံခါးဝမှ ဝမ်းသာအားရ လှမ်းဝင်ခဲ့လေ၏။

"အာစရိက ဒီကလောမြို့ကို ရောက်နေတာကိုး"

"ဟုတ်တယ် ကိုကျော်စိုး။ ဟိုဖက်ခြံက တိုက်ပုလေးမှာ တည်းခိုနေတယ်။ ဒီခြံမှာ လူသတ်မှုဖြစ်လို့ဆို"

"ဟုတ်တယ် အာစရိရဲ့၊ ဒီအိမ်ပိုင်ရှင်ရဲ့မွေးစားသားချန်ကေရှိုတ်ဆိုတဲ့ လူပျိုကောင်လေး ညက အသတ်ခံရလို့ဗျ။ ဒီက ကျွန်တော့်ရဲ့မိတ်ဆွေ ဌာနာအုပ်ကြီးဦးဖေအောင်က မန္တလေးစီအိုင်ဒီရုံးဆီ ညကတည်းက ဖုန်းဆက်ပြီး အကူအညီတောင်းတာနဲ့ ချက်ချင်းလာခဲ့ကြရတာဗျ"

"အင်း ... မောင်ရင် မန္တလေးစီအိုင်ဒီရုံးခွဲ ပြောင်းသွားတာတော့ သိတယ်လေ။ ဒီမှာလာဆုံမယ် မထင်မိဘူး"

ထို့နောက် အိုင်အိုကျော်စိုးသည် ကျွန်ုပ်အား ဌာနာအုပ်ကြီးဦးဖေအောင်နှင့် မိတ်ဆက်ပေးပြီးလျှင် –

"ကဲ အာစရိရေ ... အခင်းဖြစ်တဲ့အိမ်ထဲ ဝင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်တက်ပြီး အိမ်ရှင်ဦးခင်ဇော်နဲ့ တွေ့ရဦးမယ်ဗျ။ အာစရိလည်း လိုက်ခဲ့လေ''

ဟု ဖိတ်ခေါ်လေရာ စပ်စုလိုသော ကျွန်ုပ်လည်း စိတ်အားထက်သန်စွာ လိုက်ပါသွားပါတော့၏။

သို့ဖြင့် အိုင်အိုကျော်စိုး၊ ဌာနာအုပ်ကြီးဦးဖေအောင်နှင့် ကျွန်ုပ်တို့သည် တိုက်အိမ်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးနောက် ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်လာခဲ့ကြလေသည်။

ယင်းသို့ ကျွန်းလှေကားကြီးအတိုင်း ခပ်ဖြည်းဖြည်း တစ်ထစ်ချင်းတက်လာရင်း အိုင်အိုကျော်စိုးက အမှုကိစ္စအကြောင်း ကျွန်ုပ်ကိုပြောပြလေသည်။

''ဒီလိုအာစရိရဲ့ . . . ဒီတိုက်အိမ်ကြီးရဲ့ပိုင်ရှင် ပွဲစားကြီး ဦးခင်ဇော်ဟာ မနေ့ညတုန်းက သူ့ထုံးစံအတိုင်း အောက်ထပ်မှာ ဓာတ်စက်ဖွင့်ပြီး အင်္ဂလိပ်သီချင်းတွေနားထောင်နေရာက ကိုးနာရီထိုးလောက်မှာ အိမ်ပေါ်ထပ်တက်ပြီး အိပ်ရာဝင်ခဲ့တယ်တဲ့ . . .၊

အဲဒီအချိန်မှာ ဒီအိမ်က ထမင်းချက် ဒေါ်ငွမ်းဝါနဲ့





အိမ်စေမလေးတွေဖြစ်ကြတဲ့ မြသီနဲ့သန်းနုတို့ဟာ အိမ်အောက်ထပ်က သူတို့ရဲ့အိပ်ခန်းတွေထဲမှာ ရှိနေကြတယ်တဲ့ဗျ . . .၊

ဒေါ်ငွမ်းဝါက အိပ်မပျော်သေးဘူး။ ဘုရားရှိခိုးပြီး ပုတီးစိပ်နေတယ်တဲ့။ ကောင်မလေးနှစ်ယောက်ကတော့ အိပ်ပျော်နေကြပြီတဲ့ အာစရိရဲ့ . . .၊

ကိုးနာရီထိုးပြီးတဲ့နောက် ဒေါ်ငွမ်းဝါဟာ အိပ်ခါနီး ပြူမြဲဝတ္တရားအတိုင်း အိမ်အောက်ထပ်က တံခါးအားလုံးကို လိုက်စစ်ဆေးတဲ့အခါ အိမ်ပေါ်ထပ်ကနေ ဦးခင်ဇော်ရဲ့မွေးစားသား မောင်အောင်စိုးဟာ လေလေးချွန်ပြီး ဆင်းလာတာကို တွေ့ရတယ်တဲ့ . . .၊

သူက ဒရဝမ်ဦးအာလာဒင်ဆီ ခဏသွားမလို့ဆိုပြီး အိမ်ထဲက ထွက်သွားတော့ ဒေါ်ငွမ်းဝါလည်း သူ့အိပ်ခန်းထဲ ဝင်ပြီး အိပ်လိုက်တယ်တဲ့ဗျ . . .၊

ဒေါ်ငွမ်းဝါဟာ မှေးခနဲအိပ်ပျော်သွားတုန်းမှာပဲ မောင်အောင်စိုးရဲ့လေချွန်သံနဲ့ အိမ်ရှေ့တံခါးမကြီးပိတ်သံတို့ ကြားရတော့ အိပ်ပျော်နေရာက နိုးလာပြီး စိတ်ပူတတ်သူပီပီ အိပ်ရာသိ ထခဲ့တယ်တဲ့ . . .၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွမ်းဝါ ညေ့ခန်းကြီးထဲထွက်လာတော့ မောင်အောင်စိုးဟာ ဒီကျွန်းလှေကားကြီးပေါ် တက်သွားပြီတဲ့။ အဲဒီလို လှေကားပေါ်တက်သွားတဲ့ကောင်လေးကို ဒေါ်ငွမ်းဝါက မော့ကြည့်လိုက်သေးတယ်တဲ့ အာစရိရဲ့ ...၊

အဲဒီနောက် ဒေါ်ငွမ်းဝါဟာ အိမ်ရှေ့တံခါးမကြီးကို သေချာချက်ထိုးပိတ်,မပိတ် စစ်ဆေးပြီးတဲ့နောက် ...၊

သူ့အိပ်ခန်းဘက်ဆီ ပြန်လျှောက်လာတုန်းမှာပဲ အိမ်ပေါ်ထပ်ကနေ မောင်အောင်စိုးရဲ့ငယ်သံပါအောင် အော်သံကြားလိုက်ရတယ်တဲ့ ...၊

ဒေါ်ငွမ်းဝါလည်း လန့်ဖျပ်သွားပြီး အိမ်ပေါ်ထပ်ဆီ ပြေးတက်ကြည့်ဖို့ လှေကားဆီအလာ လှေကားထိပ်မှာ အလှထားတဲ့ တရုတ်ကြွေပန်းအိုးကြီးက လှေကားအတိုင်း လိမ့်ဆင်းကျလာတာနဲ့ ကမန်းကတန်း ရှောင်လိုက်ရတယ်တဲ့ ...၊

အဲဒီအခါမှာ အိမ်ပေါ်ထပ်က အော်သံ၊ ပန်းအိုးကြီးလိမ့်ကျလာသံ ကွဲသံတို့ကြောင့် အိမ်စေမလေးတွေလည်း လန့်နိုးပြီး အိမ်နောက်ဘက်မှာရှိတဲ့ သူတို့ရဲ့ အိပ်ခန်းထဲကနေ ပြေးထွက်လာကြတယ်တဲ့ ...၊





အဲဒီနောက် ဒေါ်ငွမ်းဝါနဲ့ အိမ်စေမလေးနှစ်ယောက်ဟာ အိမ်ပေါ်ထပ်ဆီ တက်ကြည့်ကြတော့ ဖခင်ကြီးဦးခင်ဇော်ရဲ့အိပ်ခန်းကြီးနဲ့ကပ်လျက်က စာကြည့်ခန်းထဲမှာ မောင်အောင်စိုး မှောက်လျက်ကြီး လဲကျသေဆုံးနေတာကို တွေ့ရတယ်တဲ့ ...၊

ဒါနဲ့ပဲ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားကြပြီး ဦးခင်ဇော်ရဲ့အခန်းတံခါးကို ပြေးခေါက်ကြတယ်တဲ့ ...၊

အဲဒီမှာ ခဏာနေတော့ ဦးခင်ဇော်ဟာ သူ့အိပ်ခန်းကြီးထဲကနေ ထွက်လာတယ်။ သူ့ရဲ့မွေးစားသားဟာ လည်ကုပ်မှာ ဓားမြှောင်တန်းလန်းနဲ့ သေနေတာတွေ့ရတော့ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ပုလိပ်ဌာနဆီ ဖုန်းဆက်ဖို့ ဒေါ်ငွမ်းဝါကို ခိုင်းတယ်တဲ့ အာစရိရဲ့"

ထိုအချိန်တွင် ကျွန်ုပ်တို့သည် အိမ်ပေါ်ထပ်သို့ ရောက်လာပြီဖြစ်ရာ လှေကားထိပ်နှင့် အနီးဆုံးအခန်းကို အိုင်အိုကျော်စိုးက ညွှန်ပြကာ –

"အဲဒီစာကြည့်ခန်းထဲမှာ အခင်းဖြစ်ပွားခဲ့တာပါပဲ"

ဟုပြောရာ ကျွန်ုပ်က စာကြည့်ခန်းနှင့်ကပ်လျက် အိပ်ရှေ့ဘက်မှ အခန်းတံခါးဆီ လက်ညှိုးညွှန်ပြကာ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအခန်းက ဦးခင်ဇော်ရဲ့အခန်းလား"

"ဟုတ်တယ် အာစရိ၊ သူက တစ်ညလုံးမအိပ်ရှာဘဲ မိုးလင်းခါနီးမှ အိပ်ရလို့ ခုအထိ မနိုးသေးဘူးလေ။ ကျွန်တော်လည်း သူနဲ့မတွေ့ရသေးလို့ သူ့ကိုတွေ့ပြီး မေးစရာရှိတာ မေးမြန်းရအောင် စောင့်နေတာဗျ"

ထို့နောက် ကျွန်ုပ်တို့သည် အိမ်အတွင်းပိုင်းဆီ လျှောက်လာခဲ့ကြရာ ဤတိုက်ကြီး၏အပေါ်ထပ် ဝဲဘက်အခြမ်းတွင်သာ အခန်းတို့ရှိနေကြပြီး လက်ယာဘက်အခြမ်းတွင် မည်သည့်အခန်းမှုမရှိသည့်အပြင် ပြတင်းပေါက်အားလုံးကို သံတိုင်များဖြင့် ကာရံထားကြောင်း တွေ့ရလေသည်။

အိုင်အိုကျော်စိုးက စာကြည့်ခန်းနှင့်ကပ်လျက်ရှိ တံခါးဖွင့်ထားသောအခန်းကို ညွှန်ပြကာ –

"ဒါက အသတ်ခံရတဲ့ ချန်ကေရှိတ် (ခ) အောင်စိုးရဲ့အိပ်ခန်းပဲလေ"

ဟုပြောပြရာ ထိုအခန်းမှာ နောက်ပိတ်ဆုံးအခန်းဖြစ်ပြီး နောက်ဖေးထွက်ပေါက်တံခါးမရှိသည်ကိုလည်း သတိပြုမိလေသည်။





"ဒီအပေါ်ထပ်မှာ အရေးပေါ်လှေကား မရှိဘူးလား"

"မရှိဘူး အာစရိ။ နောက်ဖေးဘက်အရေးပေါ်ထွက်ပေါက် မရှိဘူး။ အရေးပေါ်လှေကားမရှိဘူး။ အဲဒါကတော့ ဒီတိုက်ကြီးရဲ့ ထူးခြားချက်တစ်ခုပါပဲ"

"အင်း . . . ဒီအိမ်ပေါ်က ပြတင်းတံခါးပေါက်အားလုံးကိုလည်း သံတိုင်တွေနဲ့ ကာထားတယ်နော်"

"ဟုတ်တယ် အာစရိ"

"ဒါဆို လူသတ်သမားဟာ မောင်အောင်စိုးကို သတ်ပြီးတာနဲ့ ဒီတိုက်ကြီးထဲက ထွက်ပြေးချင်ရင် ဒီအနောက်ဘက်ကိုတော့ အားထားလို့မရတော့ဘဲ လှေကားကနေ ပြေးဆင်းချင်ရင်ဆင်း၊ ဒါမှမဟုတ် အိမ်ရှေ့ဝရန်တာကနေ ဆင်းပြေးရုံပဲ ရှိတာပေါ့ ဟုတ်လား ကိုကျော်စိုး"

"အင်း . . ဟုတ်တယ် အာစရိ။ ကျွန်တော် ထမင်းချက်ဒေါ်ဂွမ်းဝါနဲ့ အိမ်စေမလေးနှစ်ယောက်ကို မေးပြီးသမျှရော ဒီကဥာနာအုပ်ကြီးဦးဖေအောင်ရဲ့ ပြောပြချက်အရရော သိရသမျှကတော့ မောင်အောင်စိုးရဲ့အော်သံကြားကြားချင်း ဒေါ်ဂွမ်းဝါဟာလှေကားအောက်ရောက်သွားတာဆိုတော့ လူသတ်သမားဟာ



www.burmeseclassic.com

www.burmeseclassic.com



လူသတ်ပြီးပြီးချင်းမှာပဲ လှေကားကနေ ဆင်းပြေးဖို့ မဖြစ်နိုင်ခဲ့ဘူး။ သူဆင်းပြေးရင်လည်း ဒေါ်ဂွမ်းဝါနဲ့ ပက်ပင်းဆုံမှာပဲလေ''

''ဒါဆို လူသတ်သမားဟာ အိမ်ရှေ့ဝရန်တာက ကျော်ထွက်ပြေးဖို့ပဲ ရှိတော့တာပေါ့။ ဒါပေမဲ့ အိမ်ရှေ့ဝရန်တာက ဆင်းပြေးဖို့ဆိုတာကလည်း တော်တော်လေးခက်တယ်ဗျ။ အာစရိ လိုက်ကြည့်ဗျာ''

အိုင်အိုကျော်စိုးက ကျွန်ုပ်အား အိမ်ရှေ့ပိုင်းဆီ ခေါ်သွားရာ ဘုရားခန်းကိုလွန်လေလျှင် ဝရန်တာဆီသို့ ရောက်ရှိသွားလေ၏။

''ဩော် ... ဒီလိုကိုး''

ကျွန်ုပ်သည် ဝရန်တာဆီရောက်သွားသည်တွင် အခြေအနေမှန်ကို သဘောပေါက်သွားလေသည်။

ဤနှစ်ထပ်တိုက်ကြီးမှာ ပုံစံဒီဇိုင်းပိုင်းအရ ခေတ်မမီလှမက အတော်လည်း အိုဟောင်းနေပြီဖြစ်၍ အမိုးမရှိသော ဝရန်တာမှာ ရေညှိများ အထပ်ထပ်တက်ကာ တော်တော်ကြီး ယိုယွင်းနေသည်ကို တွေ့ရလေသည်။





ဝရန်တာ၏ကြမ်းခင်းနေရာတော်တော်များများရှိ အင်္ဂတေတို့မှာ ပြိုပျက်လျက်ရှိရာ အောက်ခံသံချောင်းများပေါ်လျက် ရှိနေလေ၏။

ယင်းသို့အင်္ဂတေပေါက်နေသည့် နေရာတို့မှာ အတော်များများဖြစ်ရာ ထိုဝရန်တာ ကြမ်းခင်းကို ကျော်ဖြတ်သွားရန် မလွယ်သည်ကို တွေ့ရလေသည်။

''တကယ်လို့ လူသတ်သမားဟာ ဒီဝရန်တာကိုကျော်ပြီး ဆင်းနိုင်ခဲ့ရင်လည်း သူ့ကို ဒရဝမ်ဦးအာလာဒင်က တွေ့မှာပဲ အာစရိရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒရဝမ်ဦးအာလာဒင်ဟာ သူ့ရဲ့ထုံးစံအတိုင်း ခြံရှေ့ပိုင်းဝဲဘက်ထောင့်က ဒရဝမ်သစ်သားအိမ်လေးထဲမှာ အရက်သောက်နေတုန်း ညကိုးနာရီကျော်လောက်မှာ မောင်အောင်စိုးရောက်လာပြီး သူနဲ့အတူ အရက်သောက်တယ်တဲ့ အာစရိရဲ့ ...။

မောင်အောင်စိုးဟာ သူ့ရဲ့မွေးစားအဖေ ဦးခင်ဇော်မသိအောင် နှစ်ညခြားတစ်ခါ၊ သုံးညခြားတစ်ခါဆိုသလို ဦးအာလာဒင်ဆီ ရောက်ရောက်လာပြီး အရက်သောက်လေ့ရှိတယ်တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညတုန်းက အဲဒီလို အရက်လာသောက်ပြီး တိုက်အိမ်ကြီးဆီ ပြန်သွားလို့ ငါးမိနစ်တောင် မကြာလိုက်ဘူး။ မောင်အောင်စိုးရဲ့ ငယ်သံပါအောင် အော်လိုက်သံကြီး ကြားလိုက်ရတော့ ဦးအာလာဒင်ဟာ သူ့ရဲ့အိမ်လေးထဲကနေ ကပျာကသီ ထွက်ပြီး တိုက်ကြီးရဲ့ရှေ့ကို အပြေးအလွှား သွားစောင့်ကြည့်နေခဲ့တယ်တဲ့ ...

အဲဒီလို ဘာဖြစ်ပါလိမ့်ဆိုပြီး စိုးရိမ်စိတ်နဲ့ အချိန်အတော်ကြာအောင် စောင့်ကြည့်နေခဲ့တာဟာ ဒီကဌာနာအုပ်ကြီး ဦးဖေအောင်တို့ရောက်လာတဲ့အထိပဲတဲ့ဗျ။ ဒီတော့ လူသတ်သမားဟာ အိမ်ရှေ့ဝရန်တာက ဆင်းပြေးဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ''

''အင်း ... ဒါဆို လူသတ်သမားက ဘယ်ရောက်သွားသလဲ''

''အဲဒါ ပြဿနာဖြစ်နေတာပေါ့ဗျ။ ကျုပ်တို့လည်း စဉ်းစားလို့ကို မရဘူး။ လူသတ်ကောင်ဟာ မောင်အောင်စိုးကို သတ်ပြီး အိမ်ပေါ်ထပ်ကနေ ထွက်ပြေးဖို့ဆိုတာ နောက်ဖေးဘက်ကလည်း ဆင်းပြေးလို့မရ၊ လှေကားကနေ ဆင်းပြေးလို့လည်း မရ၊ အိမ်ရှေ့ဝရန်တာကနေလည်း ကျော်ပြေးလို့မရ၊ ပြတင်း





ပေါက်တွေကနေ ခုန်ချပြေးဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးဆိုတော့ အဲဒီလူသတ်ကောင် ဘယ်လို ဘယ်လို ထွက်ပြေးသွားသလဲ ဆိုတာ တွေးလို့ကို မရဘူးဖြစ်နေတယ်ဗျ''

ဌာနာအုပ်ကြီးဦးဖေအောင်က အထက်ပါအတိုင်း ပြောလိုက်စဉ်မှာပင် ပွဲစားကြီးဦးခင်ဇော်၏အိပ်ခန်းတံခါးရွက် ပွင့်သွားပြီးလျှင် ညအိပ်ဝတ်စုံဝတ်ထားသည့် ဦးခင်ဇော်သည် စီးကရက်တစ်လိပ်ခဲလျက် အိပ်ခန်းထဲမှထွက်လာလေသည်။

''ဟော ... ပွဲစားကြီး နိုးလာပြီကိုး''

ဤတွင် ဌာနာအုပ်ကြီး ဦးဖေအောင်က ကျွန်ုပ်တို့ကို ဦးခင်ဇော်နှင့် မိတ်ဆက်ပေးလိုက်လေ၏။

''ပွဲစားကြီးခင်ဗျာ ... သူကတော့ စီအိုင်ဒီက စုံထောက်အိုင်အိုကျော်စိုးပါ။ ပွဲစားကြီးသား မောင်အောင်စိုး အသတ်ခံရမှုမှာ တရားခံဖော်ထုတ် ဖမ်းဆီးနိုင်စေဖို့ စုံစမ်းထောက်လှမ်းရအောင် ရောက်လာသူပါ ...၊

ဒီက မိတ်ဆွေကြီးကတော့ အိုင်အိုကျော်စိုးရဲ့အစ်ကိုလို ဆရာလို့ခင်မင်ရတဲ့ စာရေးဆရာကြီးအဂ္ဂဝဏ္ဏပါ လောလောဆယ် ဟိုဘက်ခြံက တိုက်ပုလေးမှာနေတဲ့ ပွဲစားကြီးရဲ့အိမ်နီးချင်းပါ''



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီးဦးခင်ဇော်က အိုင်အိုကျော်စိုးကို အတန်ကြာ စူးစူးရဲရဲ ကြည့်လိုက်ပြီးနောက် ကျွန်ုပ်အား ငဲ့ကြည့်ကာ ပြုံးလိုက်၏။

"ဩော် ... ကျုပ်ရဲ့အိမ်နီးချင်းလား။ အေးဗျာ ... စာရေးဆရာတစ်ယောက်နဲ့ အိမ်နီးချင်းဖြစ်ရတာကို ကျုပ် ကျေနပ်ပါတယ် ...၊

ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်တိုင် ဘဝအတွေ့ အကြုံတွေကို ရေးချင်တာဗျ။ ဒါပေမဲ့ စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်အောင် မရေးတတ်တော့ ဒီက ဆရာကြီးဆီမှာပဲ စာရေးနည်း သင်ရတော့မှာပါပဲဗျာ ... ဟင်း ဟင်း"

"ဩော် ... ဟုတ်ကဲ့ ရပါတယ်"

ကျွန်ုပ်က အလိုက်အထိုက်ပြောရင်း သူ့ကို မသိမသာ အကဲခတ်ကြည့်လိုက်ရာ ပွဲစားကြီး ဦးခင်ဇော်မှာ အသားအရည် ဖြူဝင်းလျက် ထောင်ထောင်မောင်းမောင်း ကြံ့ကြံ့ခိုင်ခိုင်ဖြစ်ကာ အသက် (၆၀) အရွယ်ခန့် ရှိပြီဟု ယူဆရသော်လည်း လူက များစွာ နုပျိုဖျတ်လတ်ပုံရလေ၏။

သူက ပန်းပွင့်ပန်းခက်များပါသည့် အပြာနုရောင် ဖဲသား





ညဝတ်စုံကို ဝတ်ဆင်ထားကာ ဆံပင်ဖြူတစ်ပင်တလေပင် ရှိပုံ မရသော ဘိုကေကို နောက်လှန်ပြီးထားလျက် နှုတ်ခမ်းမွေးသဲ့သဲ့ ရှိသော လူချောလူခန့်ကြီးတစ်ဦးဖြစ်ပေသည်။

မျက်နှာထူထူ၊ မေးရိုးကားကား၊ နှုတ်ခမ်းပါးပါးနှင့် ထိုလူကြီးမှာ စိတ်ထားတည်ကြည်သလောက် ရဲရင့်ပြတ်သားပုံလည်း ရပေ၏။

သို့သော် သူ၏မျက်လုံးများမှာမူ အတန်ငယ် ဂဏှာမငြိမ် သလိုဖြစ်နေရာ သူ၏ မွေးစားသား လောလောလတ်လတ် ဆုံး ထားသဖြင့် စိတ်အတန်လှုပ်ရှားနေဟန်ရှိပေသည်ဟု ကျွန်ုပ်စိတ် ထဲမှ မှတ်ချက်ချမိလေသည်။

"ပွဲစားကြီးခင်ဗျာ ... ကျွန်တော်တို့ဟာ ဥပဒေရဲ့ဘက် တော်သားတွေမို့ သူတစ်ပါးရဲ့အိမ်ပေါ် ကျူးကျော်ဝင်ရောက်ပြီး သတ်ဖြတ်သွားတဲ့ လူသတ်ကောင်ကို မရ ရအောင် စုံစမ်းဖော် ထုတ်ရမှာပါပဲ ခင်ဗျာ"

"ဟုတ်တာပေါ့ အိုင်အိုကျော်စိုးရယ်၊ ကျုပ်လည်း ကျုပ် ရဲ့သား အခုလိုဖြစ်သွားတာကို အတော် စိတ်မကောင်းဖြစ်ရ ပါတယ်။ ဒီကောင် ချန်ကော့ရှိုတ်က လုံးဝလိမ္မာတဲ့သားမျိုးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေမယ့် ဟော့ဟော့ရမ်းရမ်းကြီးလည်း မဟုတ်ဘူးဗျ၊ ပြန်မပြောနားမထောင်ထဲကပဲ . . . ။

ဟိုက်စကူးဖိုင်နယ်တော့ မအောင်ဘဲ နှစ်ခါကျပြီးတဲ့နောက် အရပ်ထဲမှာ ဝေလေလေလုပ်၊ မြှာပွေ့နေတာနဲ့ သူ့ကိုကျောင်းအိပ်ကျောင်းစား ဘော်ဒါထားရာက နုတ်ပြီး ဒီကိုခေါ်လာရတာဗျ . . . ။

အင်း . . . ကျုပ်အထင်တော့ မန္တလေးမှာတုန်းက ဒီကောင် မြှာပွေ့ခဲ့ရာမှာ ကိုယ့်ဖာတ်ကိုယ်မနိုင်ဖြစ်ပြီး မြှာအတွက်နဲ့ ရန်ငြိုးဖွဲ့ လာသတ်သွားတာလို့ ထင်မိပါရဲ့ဗျာ”

အိုင်အိုကျော်စိုးက နားစိုက်ထောင်နေပြီးနောက် သူလိုရာကို ပြောတော့သည်။

“ဩော် . . . ဒါထက် ကျွန်တော်တို့က လူသတ်ကောင်ရဲ့ ပြေးလမ်းအားလုံးကို စဉ်းစားပြီးပြီ ပွဲစားကြီးရဲ့။ သူ လူသတ်ပြီးတဲ့နောက် ဘယ်ဘက်ကမှ ပြေးပေါက်မရှိပေဘူး . . . ။

အဲဒီတော့ အဲဒီလူသတ်ကောင်ဟာ မြေလျှိုးမိုးပျံပြီးပဲ ပြေးသလား၊ ဒါမှမဟုတ် ဒီအိမ်ကြီးရဲ့အိမ်ပေါ်ထပ် တစ်နေရာရာမှာပဲ ခိုအောင်းနေသလားဆိုတာ သိဖို့ အခန်းတိုင်းကို ဝင်ရောက်





စစ်ဆေးချင်တယ်ဗျာ”

“ဩော် . . . စစ်ဆေးချင်ရင် စစ်ဆေးလို့ရပါတယ်၊ စိတ်ကြိုက် စစ်ဆေးပါဗျာ”

ဤတွင်မှ အိုင်အိုကျော်စိုးက အခင်းဖြစ်ပွားရာ စာကြည့်ခန်းထဲသို့ ဦးစွာ ဝင်ရောက်စစ်ဆေးလေသည်။

အနံ့ဆယ့်ငါးပေ၊ အလျားပေနှစ်ဆယ်ခန့် ကျယ်ဝန်းသည့် စာကြည့်ခန်းကြီးထဲတွင် မှန်ဗီရိုငါးလုံးနှင့်အပြည့် စာအုပ်မျိုးစုံကို ထည့်သွင်းထားရှိပြီး နံရံကပ်ပန်းချီကားကြီးအချို့ကို ချိတ်ဆွဲထားကြောင်း တွေ့ရလေသည်။

အခန်း၏အလယ်တွင် ကျွန်းလေးထောင့်စားပွဲကြီးရှိကာ စားပွဲပေါ်ရှိ စာအုပ်အချို့မှာ ဖရိုဖရဲ ပြန့်ကျဲလျက်ရှိတော့၏။

ယင်းစာရေးစားပွဲနှင့် မှန်ဗီရိုတို့ကြားမှ ကွက်လပ်ကြမ်းပြင်ပေါ်တွင် သွေးကွက်အချို့ကို တွေ့ရလေသည်။ ထိုအပြင် ယင်း ကြမ်းပြင်ပေါ်၌ပင် မြေဖြူဖြင့် လူတစ်ဦး လဲလျောင်းနေသည့်သဏ္ဍာန် အနားသတ်မျဉ်းများ ရေးဆွဲထားသည်ကိုလည်း တွေ့ရလေသည်။

ပွဲစားကြီးဦးခင်ဇော်သည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော်လည်း တစ်စုံတစ်ရာ ဝင်မပြောဘဲ ဂိုးလ်ဖရိတ်စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်လျက်ရှိလေ၏။

"ရော့ . . . စီးကရက်သောက်ကြပါဦးဗျာ။ ကျုပ်ကတော့ စီးကရက်ကို မသောက်ရမနေနိုင်ဘူးဗျ"

ဟုပြောဆိုကာ ပွဲစားကြီးဦးခင်ဇော်က ငွေရောင် စီးကရက်ဘူးပြားလေးကို ကမ်းပေးရာ ဆေးတံသမားဖြစ်သော ကျွန်ုပ်က ငြင်းပယ်လိုက်သော်လည်း အိုင်အိုကျော်စိုးကမူ ဂိုးလ်ဖရိတ် စီးကရက်ကို ယူသောက်လေသည်။

ကျွန်ုပ်တို့သည် စာကြည့်ခန်းကို စစ်ဆေးပြီးသဖြင့် ထိုအခန်းထဲမှ ထွက်လာသည့်တွင် –

"ကဲ . . . ကျုပ်ရဲ့အခန်းကို ဆက်စစ်ပါ"

ဟု ပွဲစားကြီးဦးခင်ဇော်ကိုယ်တိုင်က ဖိတ်ခေါ်သဖြင့် ကျွန်ုပ်တို့လည်း ခမ်းနားလှသော သူ၏အိပ်ခန်းကြီးထဲသို့ ဝင်ရောက်ခဲ့ကြတော့၏။

မှိုင်းလုံးကော်ဇောကြီးကို ခန်းလုံးပြည့် ခင်းထားပြီး ရေချိုးခန်းအိမ်သာပါ တွဲလျက်ပါရှိသည့် master bedroom ကြီးဖြစ်ကာ စာကြည့်ခန်းထက်ပင် ပိုမိုကျယ်ဝန်းသေးသည်။





"ဗီဒိုကြီးတွေထဲမှာ ဘာတွေထည့်ထားတာလဲဗျ"

အိုင်အိုကျော်စိုးက နံရံကပ်ဗီဒိုကြီးနှစ်လုံး၏အနီးသို့ ချဉ်းကပ်သွားပြီး မေးလိုက်ရာ –

"ကျုပ်ရဲ့အဝတ်အစားတွေ ထည့်ထားတာပါဗျာ"

ဟုပြောရင်း ပွဲစားကြီးဦးခင်ဇော်က သူ၏အိပ်ရာအောက်မှ ကြေးသော့တွဲကြီးကို ယူလာပြီး ဗီဒိုနှစ်လုံးစလုံးကို ဖွင့်ပြလိုက်လေသည်။

မတ်ရပ်သစ်သားဗီဒိုကြီးတစ်လုံးတွင် သူ၏အကျႌ လုံချည် အဝတ်အစားတို့ကို သေသပ်ကျနစွာ စီထပ်ထည့်ထားပြီး နောက်ဗီဒိုကြီးထဲတွင်မူ ကုတ်အကျႌရှည်ကြီးများကို အကန့်တစ်ကန့်ထဲ၌ ချိတ်များဖြင့် ချိတ်ဆွဲထားလေသည်။

"ပွဲစားကြီးရဲ့ကုတ်အကျႌတွေက အတော်ကောင်းတာပါလားဗျ။ ရန်ကုန်ကို အော်ဒါမှာပြီး ချုပ်ဝတ်တာနဲ့ တူတယ်။ ဒါထက် စီးကရက်လေးတစ်လိပ်လောက် မစပါဦးဗျာ"

အိုင်အိုကျော်စိုးသည် ပွဲစားကြီး၏ကုတ်အကျႌတို့ကို ချီးကျူးရင်း စီးကရက်တောင်းသောက်ပြန်ရာ သူ၏ထူးခြားသော အပြုအမူအတွက် ကျွန်ုပ်မှာ အံ့ဩလျက် ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုကျော်စိုးသည် လွှန်စွာရင်းနှီးသူများထံမှပင် ယင်းသို့ တောင်းသောက်လေ့မရှိချေ။ ယခုမူ ပွဲစားကြီးဦးခင်ဇော်ထံမှ တစ်လိပ်ပြီးတစ်လိပ် တောင်းသောက်နေသည့်အပြင် အဝတ်အစားနှင့်ပတ်သက်ပြီး မက်မက်စက်စက်မရှိလှသောသူက ပွဲစားကြီး၏ ကုတ်အင်္ကျီတို့ကို စိမ်ပြေနပြေ ဟိမဝန္တာချီးမွမ်းခန်း ဖွင့်လျက်ရှိလေ၏။

"ဒီကုတ်အင်္ကျီရဲ့ချုပ်ရိုးချုပ်သားက အတော် သေသပ်ကောင်းမွန်တာပဲဗျ။ ဒါ ဘီလပ်ကနေ တိုက်ရိုက်မှာထားရတဲ့ ကုတ်အင်္ကျီပဲဖြစ်ရမယ်ဗျာ"

"ဟုတ်ပါတယ် စုံထောက်ကြီးရယ်။ ဒီအင်္ကျီကတော့ လန်ဒန်ကို တိုက်ရိုက်မှာခဲ့ရတာဗျ ...ဟဲ ဟဲ"

"အေးဗျာ ... ပွဲစားကြီးက ကျုပ်လိုပဲ တယ် အကောင်းကြိုက်သကိုး။ သောက်တဲ့စီးကရက်ကအစ ကောင်းမှကောင်း"

"ကောင်းရင် ထပ်သောက်ဗျာ ...ရော့"

"ရှေ့ ... နိပ်လိုက်လေ"

အိုင်အိုကျော်စိုးမှာ ညှိသည့်တစ်ဦး၏ စောင့်စည်းအပ်သော ကျခြေကိုမျှ မစောင့်စည်းဘဲ ပွဲစားကြီး၏ စီးကရက်ကို





အရှက်သိက္ခာမဲ့စွာ ယူသောက်လျက် ရှိသည်ကို စိတ်ပျက်ဖွယ် တွေ့ရလေသည်။

အိုင်အိုကျော်စိုးသည် ဂိုးလ်ဖရိတ်စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီး လက်နှစ်ဖက်နောက်ပစ်ကာ ပွဲစားကြီး ဦးခင်ဇော်အား မြှောက်ပင့်ချီးကျူးစကားများ ပြောလိုက်ဖြင့် အတန်ကြာအောင် အမှုနှင့်မဆိုင်သည်များ ပြောဆိုပြီးမှ ကျွန်ုပ်ဘက်သို့ လှည့်ကာ –

"ကဲ အာစရိရေ ... မြို့ထဲဘက် ခဏသွားကြရအောင်ဗျာ။ နေ့ခင်း ၁၂–နာရီလောက်ကျမှ တစ်ခေါက်ပြန်လာကြတာပေါ့"

ဟု ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောလိုက်လေသည်။

"ဌာနာအုပ်ကြီးလည်း ကျွန်တော်တို့နဲ့ လိုက်ခဲ့လေ"

အိုင်အိုကျော်စိုးက ဌာနာအုပ်ကြီးဦးဖေအောင်ကိုပါ ဖိတ်ခေါ်လိုက်ပြီးလျှင် ဇီရိုမျှားရှေ့မှခွာလျက် ပွဲစားကြီးဦးခင်ဇော်အား

"ပွဲစားကြီး ... ကျွန်တော်တို့ မြို့ထဲဘက် သွားလိုက်ပါဦးမယ်။ အမှုကိစ္စအတွက် စုံစမ်းစရာအချို့ ရှိလို့ပါ။ ကျွန်တော် ၁၂–နာရီလောက် ပြန်လာရင်တော့ အမှုအတွက် ထူးခြားတာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပြောနိုင်ပါလိမ့်မယ်''

ဟုပြောကာ တံခါးဝသို့ ထွက်သွားလေလျှင် ကျွန်ုပ်နှင့် ဌာနာအုပ်ကြီးတို့လည်း ပွဲစားကြီးအား နှုတ်ဆက်ပြီး သူ့နောက်မှ လိုက်ပါသွားရလေသည်။

''မောင်အောင်စိုးရဲ့ အိပ်ခန်းကိုထပ်ပြီး မစစ်ဆေးတော့ဘူးလား ကိုကျော်စိုး''

''ကျွန်တော် ဒီအိမ်ကြီးဆီရောက်ရောက်ချင်းက တစ်ခါ စစ်ဆေးကြည့်ရှုပြီးပြီလေ။ ထပ်ကြည့်ဖို့မလိုတော့ပါဘူး ဌာနာအုပ်ကြီးရဲ့''

ခြံထဲသို့ရောက်လာလျှင် အိုင်အိုကျော်စိုးက အစောင့်ပုလိပ်သားတို့အား တိုက်အိမ်ကြီးကို သေသေချာချာ ကြည့်ရှုထားရန်နှင့် မည်သူ့ကိုမှ တိုက်အိမ်ကြီးထဲမှ ထွက်ခွင့်မပြုရန် အတန်တန် မှာကြားလေသည်။

''မောင်ရင်တို့နှစ်ယောက်က ဒီတိုက်ကြီးရဲ့ အိမ်ရှေ့ တံခါးပေါက်ကို စောင့်ကြည့်နေကြပါ ...၊

ဟိုနှစ်ယောက်ကတော့ အိမ်နောက်ဖေးတံခါးပေါက်ကနေ စောင့်နေကြ။ ကျုပ်တို့ ပြန်မလာမချင်း တိုက်ထဲကနေ





ဘယ်သူ့ကိုမှ ဘယ်လိုအကြောင်းနဲ့မှ မထွက်ပါစေနဲ့ ဟုတ်လား''

''ဟုတ်ကဲ့ ဆရာ''

ဌာနာအုပ်ကြီး ဦးဖေအောင်ကလည်း အိုင်အိုကျော်စိုး မှာကြားသည့်အတိုင်း တစ်သဝေမတိမ်း ဂရုပြုဆောင်ရွက်ကြရန် သူ့တပည့်ပုလိပ်သားတို့ကို အမိန့်ပေးပြီးလျှင် ခြံကြီးထဲမှနေ၍ ကျွန်ုပ်တို့ လှမ်းထွက်ခဲ့ကြပါတော့၏။

ကျွန်ုပ်တို့သည် မြို့လယ်ပိုင်းဆီ မြင်းလှည်းဖြင့် လာခဲ့ကြပြီး ဈေးအနီးရှိ ထမင်းဆိုင်တစ်ဆိုင်တွင် နံနက်စာကို စားသောက်ကြလေသည်။

ထမင်းစားကြပြီးနောက် ကာကာဆိုင်တွင် နွားနို့ပျစ်ပျစ်ဖြင့် ဖျော်ထားသည့် လက်ဖက်ရည်ကျကျဆိမ့်ဆိမ့် တစ်ခွက်စီ သောက်ကြရင်း နေ့လယ် ၁၂–နာရီထိုးမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ကြလေ၏။

''နေပါဦး ကိုကျော်စိုးရဲ့ ... ပွဲစားကြီးဦးခင်ဇော်ရဲ့ တိုက်ဆီ ၁၂–နာရီလောက်မှာ တစ်ခေါက်ပြန်သွားမှာက ဘာလုပ်ဖို့လဲဗျ''

ဌာနအုပ်ကြီး ဦးဖေအောင်က နေ့ခင်း ၁၂–နာရီအထိ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းရသည်ကို စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကြီးကြုတ်ကာ မေးလိုက်ရာ အိုင်အိုကျော်စိုးက ဘူသောက်နေကျ ရေခဲဘွောင် စီးကရက်ကိုခဲရင်း ပြုံးလိုက်လေသည်။

"ဘာလုပ်ရမှာလဲ ဌာနာအုပ်ကြီးရဲ့ ... လူသတ်တရားခံ ကို ဖမ်းဖို့ပေါ့"

"ဗျာ ... လူသတ်တရားခံကို ဖမ်းဖို့ ဟုတ်လား။ ဘာလဲ ပွဲစားကြီးဦးခင်ဇော်ကို ဖမ်းမှာလား"

"ဘာလဲ ... ဌာနာအုပ်ကြီးက မောင်အောင်စိုးကို သူ့ရဲ့ မွေးစားအဖေ ဦးခင်ဇော် သတ်တယ်လို့ ယူဆထားသလား"

"ဟုတ်တယ် ... ကျုပ်ကတော့ အဲဒီလိုပဲထင်တယ်"

"ဘာကြောင့်များ အဲသလိုထင်ရတာလဲ ပြောပါဦး"

"ဒီလိုဗျာ ... ပထမအချက်အနေနဲ့ ဦးခင်ဇော်ရဲ့ရုံကား အရဆိုရင် သူ့ရဲ့မွေးစားသားအပေါ် ဘဝင်ကျလှပုံ မရအူးဗျ။ ခင်ဗျားတို့ ကြည့်ပါလား ငယ်ငယ်လေးကတည်းက မွေးစားလာ ခဲ့တဲ့သားတစ်ယောက်လုံး မရှုမလှအသတ်ခံရတာကို သိပ်ဝမ်း နည်းကြေကွဲပုံမရဘူး။ ဒါဟာ အသတ်ခံရတဲ့ ကောင်လေးအပေါ် မေတ္တာသိပ်မထားလို့ပေါ့ဗျ ...।





နောက်တစ်ချက် ... မောင်အောင်စိုး အသတ်ခံရချိန် တုန်းက တိုက်အိမ်ကြီးရဲ့အပေါ်ထပ်မှာ သူတို့သားအဖ နှစ် ယောက်တည်း ရှိတယ် ...।

လူသတ်သမားဟာ နောက်ဖေးဘက်ကလည်း ထွက် လို့ မရဘူး။ ပြတင်းပေါက်တွေကနေ တွယ်ဆင်းသွားလို့လည်း မရဘူး။ အိမ်ရှေ့ဝရန်တာက ကျော်ဆင်းပြေးတာလည်း မဟုတ် ဘူး။ လှေကားကနေ အောက်ထပ်ဆင်းပြေးဖို့လည်း အခွင့်မသာ ဘူး။ လူသတ်ကောင်ဟာ ထွက်ပေါက်မရှိတဲ့အပေါ်ထပ်မှာ ပိတ်မိ နေတယ် ...।

ကျုပ်တို့ အခန်းတွေအားလုံးလည်း ရှာပြီးနေပြီ။ တကယ်လို့သာ လူသတ်ကောင်ဟာ အပြင်က ဝင်လာသူဆိုရင် ကွိခနဲမိနေပြီပေါ့ ...।

ဒါကြောင့် လူသတ်ကောင်ဟာ အပြင်လူမဖြစ်နိုင်ဘူး။ ပွဲစားကြီးဦးခင်ဇော်ပဲ ဖြစ်ရမယ် ...।

သူက မွေးစားသားကိုသတ်ပြီး စာကြည့်ခန်းထဲက ထွက်မယ်၊ ပြီးတော့ သူ့အိပ်ခန်းထဲဝင်ပြီး အိပ်ချင်ယောင်ဆောင် နေခဲ့မယ်။ ထမင်းချက်မိန်းမကြီးတွေ တံခါးကိုထုပြီးနှိုးမှ အိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



နီးလာဟန်ဆောင်ပြီး ပြုံးပြုံးပျာပျာ လုပ်ပြခဲ့တာပဲဗျ ...။

ဘယ့်နှယ်လဲ ... ကျုပ်ရဲ့တွေးလုံးက မဖြစ်နိုင်ဘူးလား”

ဌာနာအုပ်ကြီးဦးဖေအောင်က ကျွန်ုပ်ဘက်ပါ လှည့်ကြည့်ကာ သူ့စကားအတွက် ထောက်ခံချက်တောင်းလိုက်ရာ ကျွန်ုပ်လည်း ရောယောင်ကာ ခေါင်းညိတ်လိုက်မိလေ၏။

“အင်း ... အဲ ... ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ပါတယ်”

အိုင်အိုကျော်စိုးကမူ စီးကရက် မီးခိုးငွေ့တို့ကို နှာခေါင်းမှ နေ၍ တမျှင်းမျှင်း မှုတ်ထုတ်ရင်း ပြုံးလျက် ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းလေသည်။

“လူရည်လည်လို့ ပွဲစားဖြစ်နေတဲ့ ဦးခင်ဇော်လို လူက အလွယ်တကူ သူ့လည်ပင်း ကြိုးကွင်းအစွပ်ခံရမယ့်အလုပ်မျိုး လုပ်ပါ့မလား ဆရာသမားတို့ရဲ့ ... ဟင်း ဟင်း ဟင်း”

ကျွန်ုပ်လည်း ယောင်ရမ်းကာ ခေါင်းညိတ်လိုက်မိပြန်၏။

“အဲ ... အဲဒါလည်း ဟုတ်တာပဲဗျ။ ပွဲစားကြီးဦးခင်ဇော်က သူ့သားကို သတ်ချင်မှတော့ သူ့အပေါ် အပြစ်ပုံမကျလောက်မယ့် ဒီပြင် လွတ်လွတ်ကင်းကင်းနေရာမှာ လျှို့ဝှက်ပြီး သတ်ပစ်လိုက်မှာပေါ့”





ထိုအခါ ဌာနာအုပ်ကြီး ဦးဖေအောင်လည်း ခေါင်းကုတ်သွားပါတော့၏။

“အေးဗျာ ... ကိုကျော်စိုးတို့ ဆရာကိုအံ့ဂွတို့ ပြောတော့လည်း ဟုတ်ပေသားပဲဗျ။ ပွဲစားကြီးဟာ သူ့လည်ပင်းသူ ကြိုးကွင်းစွပ်ခံရမယ့်ဟာတော့ မလုပ်လောက်ပါဘူး။ ဒါထက် နေပါဦး ... စောစောက ကိုကျော်စိုးပြောတာ တရားခံကို ခုနေ့ လယ်မှာပဲ ဖမ်းမိမယ် ဟုတ်လား”

“ဖမ်းမိဖို့ သေချာသလောက်ပါပဲ”

“ဒါဆို တရားခံ ဘယ်သူလဲဆိုတာ ကိုကျော်စိုး သိနေပြီပေါ့”

“ဟင့်အင်း ... မသိသေးပါဘူး”

ဤတွင် ဌာနာအုပ်ကြီးဦးဖေအောင် ခေါင်းကုတ်ပြန်ပါသည်။

“ဟာဗျာ ... ကျုပ်တော့ ခေါင်းတောင်ချောင်ချင်လာပြီ။ တရားခံကို မသိဘူးလည်း ဆိုသေးရဲ့ ခုနေ့လယ် ဖမ်းမိတော့မယ်လည်း ဆိုသေးရဲ့”

အိုင်အိုကျော်စိုးက လက်ကျန်လက်ဖက်ရည်ကို မော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် စီးကရက်ကို အားပါးတရ ဖွာလိုက်ရှာ ရယ်သွမ်း သွေးလိုက်လေသည်။

"ဟင်း ဟင်း ဟင်း . . . ဒီလောက်လည်း ခေါင်းစား မသွားပါနဲ့ ဌာနာအုပ်ကြီးရယ်၊ လူသတ်တရားခံဟာ ဘယ်သူလဲ လို့ ကျွန်တော်မသိပေမယ့် အဲဒီတရားခံဟာ အဲဒီတိုက်ကြီးထဲမှာ ရှိတယ်ဆိုတာကိုတော့ သက်သေပြမယ့်သူ ရှိနေပါတယ်ဗျ၊ သူ့ရဲ့ သက်သေပြချက်ကို ကျွန်တော် မျှော်လင့်တဲ့အတိုင်းရရင် တရားခံ ကို ဒီနေ့ညနေမှာပဲ မိပြီဗျာ၊ စိတ်သာချ"

"သက်သေပြမယ့်သူ ဟုတ်လား၊ အဲဒါ ဘယ်သူလဲ၊ အဲဒီသက်သေက ဘယ်မှာလဲ"

"ဒီမှာလေ"

အိုင်အိုကျော်စိုးက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် သူ၏ လက်ယာလက်ညှိုးနှင့် လက်ခလယ်ကြား ညှပ်ထားသည့် စီး ကရက်တိုလေးကို ထောင်ပြလိုက်ရာ ဌာနာအုပ်ကြီး ဦးဖေအောင် ၏မျက်နှာမှာ ရဲခနဲဖြစ်သွားပါတော့၏။

"ဟာဗျာ . . . အရေးထဲ ကိုကျော်စိုးက လာနောက်နေ တယ်၊ ဒီလူသတ်မှုက ကျုပ်အတွက် သေရေးရှင်ရေးလို့ အရေး





ကြီးတဲ့အမှုဗျ၊ ဒီအမှုကို မဖော်ထုတ်နိုင်ရင် ကျုပ် နယ်ပြောင်းရင် ပြောင်း၊ ပြုတ်ရင်ပြုတ် တစ်ခုခုတော့ ဒုက္ခတွေ့ရတော့မှာ။ ဒါကို ရယ်စရာမလုပ်ပါနဲ့ဗျာ၊ ခင်ဗျားကို နာမည်ကျော် စုံထောက် ဆိုပြီး အားကိုးကာမှ ကပျက်ကချော် မလုပ်ပါနဲ့ဗျာ"

ကျွမ်းမီးတိုသွားသည့် ဌာနာအုပ်ကြီး ဦးဖေအောင်ကိုကြည့် ကာ တဟင်းဟင်းရယ်နေသော အိုင်အိုကျော်စိုးကြောင့် ကျွန်ုပ်မှာ ကြားထဲမှနေ၍ ဌာနာအုပ်ကြီးကို မျက်နှာပူနေမိတော့၏။

ကျွန်ုပ်ကိုယ်တိုင်လည်း ယနေ့မနက်ပိုင်း အိုင်အိုကျော်စိုး ၏နားမလည်နိုင်ဖွယ် အပြုအမူတို့ကြောင့် ဘဝင်မကျလျက်ရှိရာ မျက်မှောင်ကို အတွန့်ချိုးထားမိတော့သည်။

"ကဲ ကဲ . . . ပြောနေကြာပါတယ်ဗျာ၊ ၁၂–နာရီလည်း ထိုးတော့မယ်၊ ဟိုတိုက်အိမ်ကြီးဆီ ပြန်ကြစို့၊ လူသတ်တရားခံကို ဖမ်းဖို့ လက်ထိပ် အသင့်ပြင်ထားပေတော့ ဌာနာအုပ်ကြီးရေ . . . ဟဲ ဟဲ ဟဲ"

အိုင်အိုကျော်စိုးက လက်မှနာရီကို ကြည့်လိုက်ပြီးနောက် ရယ်သွမ်းသွေးလျက်ပြောကာ ထိုင်ရာမှ ထလိုက်လေရာ ဌာနာ အုပ်ကြီး ဦးဖေအောင်လည်း စားပွဲတိုးလေးကိုခေါက်ကာ ငွေရှင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ပုပ်သိုးသိုးမျက်နှာဖြင့် ထိုင်ရာမှ ထလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် မြင်းလှည်းတစ်စီးငှားကာ ပွဲစားကြီး ဦးခင်ဇော်၏တိုက်သို့ ပြန်လာလေလျှင် ဗွာနာအုပ်ကြီး ဦးဖေအောင်မှာ မျက်နှာကြီးရှုပုတ်နေသလောက် အိုင်အိုကျော်စိုးကမူ လေကလေးတချွန်ချွန်ဖြင့် လိုက်ပါလာရာ ကျွန်ုပ်မှာ ကြား က အနေရအထိုင်ရ ခက်နေတော့၏။

❋ ❋ ❋



## လျှို့ဝှက်လူသတ်ကောင်

ပွဲစားကြီး ငပိကောင် (ခ) ဦးခင်ဇော်၏တိုက်သို့ ရောက်လျှင် ခြံတံခါးဝ၌ မနက်ပိုင်းက ရှုံးစု ရှုံးစုလုပ်နေခဲ့သည့်သူများကို လုံးဝမတွေ့ရတော့ဘဲ ပုလိပ်သားတစ်ယောက် စောင့်ကြပ်နေသည်ကိုသာ တွေ့ရလေသည်။

"ဒီခြံထဲက ဘယ်သူထွက်သေးသလဲ ရဲညွန့်"

"ဘယ်သူမှမထွက်ပါဘူး ဆရာကျော်စိုး"

"တိုက်ကြီးထဲကရော ဘယ်သူထွက်လာသေးသလဲ"

"ဘယ်သူမှမထွက်ပါဘူး ဆရာကျော်စိုး။ ဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက လှမျိုးမြင့်က တိုက်တံခါးဝမှာ စောင့်နေတာပါ''

''တိုက်နောက်ဘက်မှာရော''

''အဲဒီမှာ စောလွင်နဲ့ ဝင်းကြည်တို့ စောင့်နေပါတယ် ဆရာကျော်စိုး''

''ဟုတ်ပြီ''

အိုင်အိုကျော်စိုးက ကျေနပ်စွာပြုံးလိုက်လျက် ခြံထဲဝင်ရာ ကျွန်ုပ်တို့လည်း နောက်မှလိုက်ဝင်ရလေ၏။

ခြံဝဝယ် တပ်သားပေါ်တင်ကြီး (ခေါ်) ရဲညွန့်က တာဝန်ကျေပွန်စွာ စောင့်ကြပ်နေသလို တိုက်တံခါးဝတွင်လည်း တပ်သားလှမျိုးမြင့် (ခေါ်) တောကျိုးကန်းက နံပါတ်တုတ်ကိုင်လျက် တာဝန်မလစ်ဟင်းရအောင် ထမ်းဆောင်လျက် ရှိလေ၏။

အိုင်အိုကျော်စိုးသည် တိုက်အိမ်ကြီး၏အောက်ထပ် ဧည့်ခန်းကြီးထဲ ရောက်သည်နှင့် ထမင်းချက် ဒေါ်ငွမ်းဝါအား ဦးစွာမေးမြန်းခြင်းပြုလေ၏။

''ဒေါ်ငွမ်းဝါ ... ပွဲစားကြီးဦးခင်ဇော်ဟာ စီးကရက် အတော်ကြိုက်တယ်နော်''

''အို ဆရာရယ် ... ကြိုက်သလားမပြောနဲ့။ ကျွန်မဆို





ဆရာကြီးအတွက် စီးကရက် မပြတ်တမ်း အတောင့်လိုက် ဝယ်ထားပေးရတာရှင့်''

''သူက ဂိုးလ်ဖရိတ်တစ်မျိုးတည်းပဲ သောက်တယ်နော်''

''ဟုတ်ပါရဲ့ရှင်''

''စီးကရက် ဒီလောက်သောက်နေတော့ ထမင်းစားမပျက်ဘူးလားဗျ''

''အင်း ... ပျက်တယ်ထင်ပါရဲ့ရှင်။ ဆရာကြီးက ထမင်းကို သိပ်ပြီး ဟက်ဟက်ပက်ပက် မစားလှဘူးရှင့်''

''အခု သူရှိသားသေတော့ ထမင်းမှစားရဲ့လားဗျာ့''

''အဲ ... စား,မစားတော့မသိဘူး။ စောစောက ထမင်းနဲ့ဟင်း သွားပို့တော့ အတော်စားကောင်းထင်ပါရဲ့ရှင်၊ ထမင်းနဲ့ ပုစွန်ထုပ်ဆီပြန်ဟင်း ထပ်တောင်းလို့ ထပ်ပို့ပေးရတယ်ရှင့်။ ဆရာကြီးက ပုစွန်ထုပ်ဆို သိပ်ကြိုက်တာ''

''ပွဲစားကြီးက ဒီအောက်ထပ်က ထမင်းစားခန်းမှာ ဆင်းမစားဘူးလားဗျ''

''မစားဘူးရှင့်၊ မနက်တစ်ကြိမ် ညတစ်ကြိမ် အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်က သူ့အိပ်ခန်းထဲ ထမင်းတွေ ဟင်းတွေ ပို့ပို့ပေးရတယ်။ တစ်ခုခု သူထပ်လိုရင် ခေါင်းလောင်းလေးလှုပ်ရိုက်တာပဲ။ အဲဒီအခါ ကျွန်မက သွားမေးပြီး လိုတာဖြည့်ဆည်းပေးရတယ်လေ''

''ဩော် ... ဩော် ... မောင်အောင်စိုးကရော အိပ်ပေါ်ထပ်မှာ စားသလား''

''သူကတော့ ဒီအောက်ထပ်က ထမင်းစားခန်းမှာပဲ စားပါတယ်''

''ဒါထက် ပွဲစားကြီးက လူပျိုကြီးလား၊ မုဆိုးဖိုလား''

''မုဆိုးဖိုရှင့်၊ အဲဒါကလည်း မန္တလေးမှာ ဆရာကြီးနေတုန်းက ဆရာကြီးပြောပြလို့ အလုပ်စဝင်ဝင်ချင်းမှာပဲ ကျွန်မ သိခဲ့ရတာပါ။ ဆရာကြီးက သူ့မိန်းမကို တစ်ခုခုကြောင့် စိတ်နာနေသလိုပဲ။ သူ့မိန်းမရဲ့ဓာတ်ပုံကို အိမ်မှာ တစ်ပုံမှမထားဘူး။ သူ့မိန်းမရဲ့အကြောင်းလည်း မပြောဘူးရှင့်''

''ဩော် ... ဩော် ... အဲဒီမိန်းမက ဘာကြောင့်သေသွားရတာတဲ့လဲဗျ''

''အဲဒါ ကျွန်မ ဂဃနဏမသိဘူး ဆရာရဲ့။ ခရီးသွားရင်း သေသွားတယ်လို့ ဆရာကြီး တစ်ခါက မောင်အောင်စိုးကို





ပြောတာ ကြားဖူးတယ်''

''အဲဒီမိန်းမနဲ့ သားသမီးမထွန်းကားဘူးပေါ့''

''ဟင့်အင်း ... မထွန်းကားခဲ့လို့ မိဘမဲ့ဂေဟာကနေ မောင်အောင်စိုးကို သွားခေါ်ပြီး မွေးစားခဲ့တာတဲ့''

မွေးစားတုန်းက မောင်အောင်စိုးဟာ ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာကောင်းလို့ ချန်ကေရှိတ်လို့ အမြဲတမ်းခေါ်တာ တွေ့ရတယ်။

''ကဲ ကဲ ... ကျွန်တော်သိချင်တာ ဒီလောက်ပါပဲ''

ပြောပြီးသည်နှင့် အိုင်အိုကျော်စိုးက လှေကားအတိုင်း အိမ်ပေါ်ထပ်သို့ တက်သွားရာ ကျွန်ုပ်နှင့် ဌာနာအုပ်ကြီးတို့လည်း နောက်မှလိုက်တက်ရလေသည်။

အိမ်ပေါ်ထပ်သို့ရောက်သည်နှင့် အိုင်အိုကျော်စိုးသည် ပွဲစားကြီး ဦးခင်ဇော်၏အိပ်ခန်းတံခါးကို သွားခေါက်လေ၏။

''ခေါက် ခေါက်''

ခဏအကြာမှာပင် အိပ်ခန်းတံခါးရွက်ပွင့်လာပြီးလျှင် ပွဲစားကြီးဦးခင်ဇော်က ခပ်ပြုံးပြုံးအမူအရာဖြင့် –

''စုံထောက်ကြီးတို့တောင် ပြန်ရောက်လာပြီ။ ဘယ့်



www.burmeseclassic.com

www.burmeseclassic.com



နယ်လဲ။ ကျုပ်ရဲ့သားကို သတ်တဲ့လူသတ်တရားခံကို ဖော်ထုတ်နိုင်ပြီလား။ မောင်အောင်စိုးနဲ့ပတ်သက်လို့ရော ဘာသတင်းထူးများ ကြားခဲ့သေးသလဲဗျ''

ဟု ဆီးမေးရာ အိုင်အိုကျော်စိုးသည် ခေါင်းကုတ်လျက် စိတ်ပျက်သံဖြင့် ပြန်ဖြေလေ၏။

''သတင်းကတော့ ထူးလှတယ် မဟုတ်ပါဘူးဗျာ။ မောင်အောင်စိုး မြွာစွန်တဲ့သတင်းလောက်ပဲ ကြားခဲ့ရပါတယ်''

''ဟုတ်တယ်ဗျာ၊ အဲဒီကောင်က မခုတ်တတ်တဲ့ကြောင် လိုလိုပေမယ့် မြွာတော့ အတော်စွံတယ်ဗျ။ ကျုပ်ကိုကြောက်လို့သာ အဲဒီကောင် မပွေ့ရဲတာ''

''ဩော် ... ဒါထက် ပွဲစားကြီးလုပ်တာနဲ့ ကျွန်တော် တောင် ဂိုးလ်ဖရိတ်ကို ခပ်ကြိုက်ကြိုက်ဖြစ်နေပြီဗျ။ မြို့လယ်က ဆိုင်တွေမှာလည်း ဝယ်လို့မရပါဘူးဗျာ။ စီးကရက်ရှိရင် တည်စမ်းပါဦး ပွဲစားကြီးရဲ့''

''ဩော် ... ဟော် ဟော် ရပါတယ်ဗျာ ရပါတယ်။ ကဲ ရော့ ... ဒီစီးကရက်က ဒီမှာရှိခဲ့တယ်ဗျ။ ကျုပ်တောင် တောင်ကြီးကို လှမ်းလှမ်းမှာရတယ်''





ယင်းသို့ဖြင့် အိုင်အိုကျော်စိုးသည် အားမနာ လျှာမကျိုး ပွဲစားကြီးဆီမှစီးကရက်ကို တောင်းသောက်လေရာ စီးကရက်နှုတ် ခမ်းစွန်းမှာတင်လျက် ရှန်ဆန်မီးခြစ်ခြစ်ပြီး မီးတို့လိုက်သည်တွင်

''ဖျောက်''

စီးကရက်မှာ မီးမစွဲမီမှာပင် နှုတ်ခမ်းဖျားမှ ပြုတ်ကျ သွားတော့၏။

''အိုး ဂေါ့ဒ်''

အိုင်အိုကျော်စိုးက အာမေဍိတ်သံပြုရင်း ကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက်ထိုင်ချလျက် စီးကရက်ကို ပြန်ကောက်လေ သည်။

''အာ ... စုံထောက်ကြီးမကောက်ပါနဲ့၊ ဒီမှာ တစ်လိပ် အသစ် ထပ်ယူပါဗျ''

ပွဲစားကြီးဦးခင်ဇော်က တားသည့်တိုင် အိုင်အိုကျော်စိုး က ခေါင်းယမ်းပြပြီး ဗီရိုတစ်လုံးဘက်လိမ့်လွင့်သွားသည့် သူ၏ စီးကရက်ကိုသာ ဆက်လက်ကောက်လေ၏။

စီးကရက်ကိုပြန်ရလေလျှင် အိုင်အိုကျော်စိုးသည် ခါးကို ပြန်မတ်ထလိုက်ပြီး ပြုံးလျက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ကြီးကတောင် မှာပြီးသောက်ရတဲ့ ဒီစီးကရက် မျိုးကို တော်ရုံနဲ့ ဘယ်ပစ်ရက်မှာလဲဗျာ။ ပြီးတော့ သူက ကျွန်တော့်ရဲ့ကျေးဇူးရှင်ဗျ"

"ဘယ်လို ... ဘယ်လို စီးကရက်က မောင်ရင့်ရဲ့ကျေးဇူးရှင် ဟုတ်လား"

"ဟုတ်ပါတယ် ပွဲစားကြီးရဲ့။ သူက ကျွန်တော်တို့ ဥပဒေဘက်တော်သားတွေရဲ့ ကျေးဇူးရှင်ပါပဲ"

ပွဲစားကြီးဦးခင်ဇော်က သရော်ပြုံး ပြုံးလျက် ခေါင်းခါ လိုက်သည်။

"စီးကရက်က ဥပဒေဘက်တော်သားတွေရဲ့ကျေးဇူးရှင် တဲ့ဗျာ၊ ကြားကြစုံးဖူးပေါင်"

"အခုကြားဖူးပြီမဟုတ်လား ပွဲစားကြီးရဲ့"

"ကဲ ... ဘာကြောင့် စီးကရက်က ဥပဒေဘက်တော် သားတွေရဲ့ ကျေးဇူးရှင် ဖြစ်ရတာတုံး လင်းစမ်းပါဦးဗျာ"

"မနေ့ညက ဒီအိမ်ကြီးပေါ်မှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုရဲ့ လက်သည်တရားခံ ဘယ်မှာရှိတယ်ဆိုတာကို ဒီစီးကရက်လေးက ညွှန်ပြလို့ပဲဗျ။ ဒါကြောင့် သူဟာ ကျွန်တော်တို့လို ဥပဒေဘက်





တော်သားတွေရဲ့ ကျေးဇူးရှင်လို့ ပြောရတာပဲ ပွဲစားကြီးရဲ့"

"ဘယ်လို ဘယ်လို ... ဒီ ဒီ စီးကရက်လေးက လူ သတ်တရားခံကို ဖော်ထုတ်နိုင်တယ် ဟုတ်လား။ လူသတ်တရားခံ ဘယ်မှာရှိတယ်ဆိုတာကိုပါ ပြောပြနိုင်တယ်တဲ့လား"

"ဟုတ်တယ် ပွဲစားကြီးရဲ့။ မလွဲကောန်ပါပဲတဲ့ ခင်ဗျာ"

"ဟား ဟား ဟား ... မဖြစ်နိုင်တာဗျာ။ ဘယ့်နှယ် နိုင်ငံကျော်စုံထောက် အိုင်အိုကျော်စိုး၊ အိုင်အိုကျော်စိုးနဲ့ နာမည် ကျော်သလောက် ခုလို နဖူးတွေ့ ဒူးတွေ့တွေ့ရတော့မှ တော် တော်ရှော်မှန်း သိရတော့တယ်ဗျို့။ ဦးနှောက်လည်း ကောင်းပုံ တယ်မရပါဘူး။ ဘယ့်နှယ်လဲ ဌာနာအုပ်ကြီးရဲ့ ... ခင်ဗျားခေါ် လာတဲ့ စုံထောက်ကျော်က စုံထောက်ရှော် ဖြစ်နေပါလားဗျ ... ဟား ဟား ဟား"

ပွဲစားကြီးဦးခင်ဇော်က ဟားတိုက်ရယ်နေသလောက် အိုင်အိုကျော်စိုး၏ အမူအရာက မထုံတတ်သေးနှင့် ပြုံးစိစိ ဖြစ်နေရာ ကျွန်ုပ်နှင့် ဌာနာအုပ်ကြီးဦးဖေအောင်တို့မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ၊ ဘာဝင်ပြောရမှန်းလည်း မသိဘဲ ကြောင်၍ သာ ကြည့်နေမိကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိုင်အိုကျော်စိုးက ချက်ချင်းဆိုသလို မျက်နှာတည်သွားပြီးလျှင် လေးနက်တည်ကြည်သော အမူအရာသို့ ပြောင်းသွားကာ ပွဲစားကြီးဦးခင်ဇော်၏မျက်နှာကို တည့်တည့်ကြည့်လျက် တစ်ခွန်းချင်း ပြောလိုက်လေသည်။

''နေပါဦးလေ ...ကျုပ်အပေါ် အကဲဖြတ်မစောပါနဲ့။ ပြီးမှ နောင်တရနေမှာစိုးလို့ပါ။ မောင်အောင်စိုးကို သတ်တဲ့ တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်စေဖို့ ဟောဒီစီးကရက်နဲ့ အမျိုးတူ စီးကရက်လေးတွေက ကူညီခဲ့တာအမှန်ပါ ...။

ဖြစ်ပုံကတော့ ဒီလိုဗျ။ လူသတ်သမားဟာ ဒီတိုက်အိမ်ကြီးထဲ ဝင်နိုင်ဖို့ ညတိုင်း လာလာချောင်းနေပုံရတယ်ဗျ။ နေ့ဘက်ကတော့ ဝင်ဖို့မလွယ်ဘူးဆိုတာ သိတယ်လေ။ အဲဒီလိုနဲ့ စောင့်ဆိုင်းလာတာမှာ မနေ့ညက ပွဲစားကြီးအိပ်ရာဝင်ဖို့ အိမ်ပေါ်ထပ်ဆီ တက်သွားပြီးတဲ့နောက် ပွဲစားကြီးရဲ့မွေးစားသား မောင်အောင်စိုးဟာ အိမ်အောက်ထပ်ဆီ ဆင်းလာခဲ့တယ်ဗျ။ အဲဒီနောက် မီးထဲဆင်း၊ ပြီးတော့ ဒရဝမ်ဦးအာလာဒင်ဆီမှာ အရက်သောက်နေခဲ့တယ်ဗျ။

အဲဒီအချိန်မှာပဲ အလစ်ကိုချောင်းနေတဲ့ လူသတ်သမားဟာ စေ့ယုံစေ့ထားတဲ့ အိမ်တံခါးဝကနေ ဝင်ခဲ့ပြီး အိမ်ပေါ်ထပ်ဆီ တက်သွားခဲ့တယ် ...။

ပြီးတော့ သူဟာ စာကြည့်ခန်းထဲဝင်ပြီး သူလိုချင်တဲ့ ပစ္စည်းတစ်ခုခုကို ရှာဖွေနေခဲ့တယ်။ အဲဒီအချိန်မှာပဲ မောင်အောင်စိုးက အိမ်ပေါ်တက်လာခဲ့တယ် ...။

လူသတ်သမားဟာ ရှာဖွေနေမှုအပေါ်မှာ အာရုံစိုက်လိုက်တဲ့အတွက် မောင်အောင်စိုး လှေကားကတက်လာတာကို သတိမထားလိုက်မိဘူး ...။

မောင်အောင်စိုးကလည်း စာကြည့်ခန်းဘက်က တချွတ်ချွတ်အသံကြားရလို့ မသင်္ကာဖြစ်ပြီး စာကြည့်ခန်းထဲ ဝင်အကြည့် လူသတ်သမားနဲ့ပက်ပင်းတွေ့ပါလေရော ...။

အဲဒီအခါ လူသတ်သမားကို မောင်အောင်စိုးက ဖမ်းဆီးဖို့ ကြိုးစားပါလိမ့်မယ် ...။

အဲဒီမှာတင် သူတို့နှစ်ယောက် လုံးထွေးသတ်ပုတ်ကြရာက လူသတ်သမားက သူယူဆောင်လာတဲ့ ဓားမြှောင်နဲ့ မောင်အောင်စိုးရဲ့လည်ကုတ်နဲ့ရင်ဘတ်ကို ထိုးစိုက်ချလိုက်တာပဲ ...။





ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လူသတ်မှုကျူးလွန်ပြီးတဲ့နောက် အဲဒီနေရာက နေ အမြန်ဆုံးထွက်ပြေးဖို့ ကြိုးစားပေမယ့် ထွက်ပေါက်ပိတ်ပြီး ယောင်ချာချာဖြစ်နေတော့တယ် ...।

လှေကားကနေ အောက်ထပ်ဆီ ဆင်းပြေးမယ်အလုပ် လှေကားကတက်လာတဲ့ လူရိပ်မြင်တာနဲ့ ဆက်တက်မလာဖြစ် အောင် ဟန့်တားတဲ့အနေနဲ့ လူသတ်သမားဟာ လှေကားထိပ်မှာ အလှထားတဲ့ ကြွေပန်းအိုးကြီးကို လှေကားပေါ်ကနေ တွန်းချ လိုက်တယ် ...।

အဲဒီနောက် ခြာယ်ပြေးလို့ ဘယ်ရှောင်ရမှန်းမသိ ဖြစ် နေချိန်မှာ အသံဗလံတွေကြောင့် အိပ်ရာကနိုးလာတဲ့ ပွဲစားကြီးက အိပ်ခန်းတံခါးအဖွင့် 'လူသတ်သမားနဲ့ ပက်ပင်းတိုးပါလေရော"

ဤနေရာအရောက်တွင် ပွဲစားကြီး ဦးခင်ဇော်သည် ထိတ်ထိတ်ပျာပျာဖြင့် လက်ကာကာ ခြေကာကာဖြစ်ရျက် အော်ဟစ်ဟန့်တားတော့သည်။

"အို ... မဟုတ်တာတွေ မပြောပါနဲ့။ ကျုပ် တကယ် အိပ်ပျော်နေတာပါဗျ။ မငွမ်းဝါတို့တံခါးကို ထုပြီး နိုးမှ နိုးလာ တာပါ"





အိုင်အိုကျော်စိုးက ပွဲစားကြီးဦးခင်ဇော်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ပြတ်သားစွာပြောလေသည်။

"ပွဲစားကြီးခင်ဗျာ ... အခုအမှုဟာ လူသတ်မှုနော်။ ဒီလိုပြစ်မှုကြီးအမျိုးအစားမှာ မမှန်သက်သေထွက်ချက်ပေးရင် ပူးပေါင်းကြံစည်မှုမြောက်ပြီး တရားခံနဲ့ထပ်တူ အပြစ်ဒဏ်ခံရနိုင် တယ်ဗျ။ ဒီလူသတ်မှုကျူးလွန်ရာမှာ ပွဲစားကြီးပူးပေါင်းပါဝင်တယ် လို့ ကျွန်တော် မယူဆပါဘူး။ ပွဲစားကြီးက မမျှော်လင့်ဘဲ ကြုံ လိုက်ရတာလို့ပဲ ယူဆမိပါတယ်။ ဒါကြောင့် မမှန်သက်သေထွက် ဆိုဖို့ မကြိုးစားစေချင်ဘူး"

အိုင်အိုကျော်စိုး၏သတိပေးစကားကြောင့် ပွဲစားကြီး ဦးခင်ဇော်မှာ ပါးစပ်ပိတ်သွားတော့၏။

"ကဲ ... ကိုကျော်စိုး ဆက်ပြောဗျာ"

ဌာနာအုပ်ကြီးက တိုက်တွန်းသဖြင့် အိုင်အိုကျော်စိုးက သူ့စကားကိုဆက်သည်။

"ပွဲစားကြီးဟာ လူသတ်သမားနဲ့ပက်ပင်းအဆုံမှာ ဖြစ် ပျက်ပုံကို သိရှိသွားပြီးတဲ့နောက် လူသတ်သမားကို ဖုက်ထားပေး ဖို့ ဆုံးဖြတ်လိုက်ပြီး ဒီအခန်းထဲ ခေါ်သွင်းခဲ့တယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားပေးခဲ့တယ်''

ဤတွင် . . . ပွဲစားကြီးဦးခင်ဇော်က ဟားတိုက်ရယ်တော့သည်။

''ဟား ဟား ဟား . . . လွဲပြီ လွဲပြီ။ ကျုပ်က လူသတ်သမားကို ဝှက်ထားပေးခဲ့တယ် ဟုတ်လား။ ဘယ်မှာ ဝှက်ထားပေးလို့လဲ။ ဒီအခန်းထဲမှာ မောင်ရင်တို့ နှံ့အောင်ရှာပြီးပြီလေ။ ဝှက်ထားရင် တွေ့ရမှာပေါ့။ ရမ်းမတုတ်ပါနဲ့ စုံထောက်ရှော်ကြီးရယ် . . . ဟင်း ဟင်း ဟင်း''

ဌာနာအုပ်ကြီး ဦးဖေအောင်က မျက်မှောင်ကြီးကြုတ်ကာ မေးသည်။

''လူသတ်သမားကို ပွဲစားကြီးက ဘယ်အချိန်အထိ ဝှက်ပေးထားခဲ့တယ်လို့ ကိုကျော်စိုး ယူဆသလဲဗျ''

''အခုအဲချိန်အထိ ဝှက်ထားတာဗျ''

''ဗျာ''

ဌာနာအုပ်ကြီးရော ကျွန်ုပ်ပါ အံ့အားသင့်သွားကြပြီး အခန်းအနှံ့သို့ မျက်လုံးဝေ့ကြည့်လိုက်မိကြ၏။ ဌာနာအုပ်ကြီးက ခုတင်ကြီးအောက်သို့ပင် ငုံ့ကြည့်လိုက်သေးသည်။





ပွဲစားကြီး ဦးခင်ဇော်ကမူ လှောင်ပြုံးပြုံးလိုက်ပြီး –

''မဟုတ်တမ်းတရားတွေ ပြောပြန်ပြီလား စုံထောက်ရှော်ကြီးရဲ့။ လူသတ်သမားကို ခုအချိန်ထိ ကျုပ်ကဘယ်မှာ ဝှက်ထားရမှာလဲ။ ဟောဒီ အာခံတွင်းထဲမှာလား . . . ဟား ဟား ဟား''

ပါးစပ်ကိုဟကာ အာခံတွင်းဆီ လက်ညှိုးညွှန်ပြရင်း ပွဲစားကြီးက လှောင်ရယ်ရယ်လျက် မေးလိုက်လေသည်။

ဌာနာအုပ်ကြီးကမူ စိတ်ဝင်စားခြင်းကြီးစွာဖြင့် မေးသည်။

''လူသတ်သမားကို ဘယ်မှာဝှက်ထားသလဲ ကိုကျော်စိုး''

''ဟောဒီ လက်ယာဘက်က ဗီရိုမှာပါ''

''ဗျာ''

ဌာနာအုပ်ကြီးက မျက်ခုံးပင့်သွားပြီး ပွဲစားကြီးကမူ တဟားဟားရယ်ရင်း ကြေးသော့တွဲကိုယူကာ ဗီရိုတံခါးကို ဖွင့်ပြလိုက်၏။ ယင်းဗီရိုထဲတွင် ချိတ်ဖြင့်ချိတ်ကာ တွဲလောင်းဆွဲထားသည့် ကုတ်အင်္ကျီရှည်ကြီးများသာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီထဲမှာ လူသတ်သမားလည်း မရှိဘူး။ ဘယ်သူရဲ့ အလောင်းလည်း မရှိဘူး။ တွေ့တယ်မဟုတ်လား ... ဟား ဟား ဟား"

အိုင်အိုကျော်စိုးကမူ ပွဲစားကြီးဦးခင်ဇော်၏ လှောင်ပြောင်မှုကို ဂရုမစိုက်ဘဲ ထိုဗီရိုကိုသာ လက်ညှိုးညွှန်ပြရင်း ဆက်ပြောသည်။

"လူသတ်သမားဟာ အဲဒီထဲမှာရှိတယ်။ စောစောကပဲ အဲဒီထဲကထွက်လာပြီး မနက်စာစားသေးတယ်။ သူ့ရဲ့ ဝင်တဲ့ ထွက်တဲ့ ခြေရာတွေကို တွေ့မြင်နိုင်စေဖို့ ကျွန်တော်က ဒီဗီရိုရဲ့ရှေ့မှာ စီးကရက်ပြာတွေကို မနက်တုန်းက မသိမသာခြွေချထားခဲ့တယ် ...၊

အခု အပြင်ကပြန်လာတော့ စီးကရက်လွတ်ကျလို့ ကုန်းကောက်ဟန်ဆောင်ပြီး ကြမ်းပြင်ပေါ်က အနေအထားကို အနီးကပ်လှေလာကြည့်လိုက်တယ်။ ထင်တဲ့အတိုင်းပဲ ပြာတွေပေါ်မှာ အထွက်အဝင် ခြေရာတစ်စုံကို တွေ့ရတယ်။ ဒါကြောင့် ဒီထဲမှာ လူသတ်သမား ပုန်းခိုနေတယ်လို့ ပြောရတာပါပဲ"

ပြောပြောဆိုဆိုဖြင့် အိုင်အိုကျော်စိုးက သူ၏ကုတ်အင်္ကျီ





အောက်သို့ လက်လျှိုနှိုက်ပြီးလျှင် ချိုင်းစလွယ်အိတ်ထဲမှ ပစ္စတိုသေနတ်ကို ထုတ်လိုက်လေသည်။

ပြီးလျှင် သူက သေနတ်မောင်းကို ဆွဲတင်လိုက်ပြီးလျှင် ခက်ထန်စွာ ပြောလိုက်လေသည်။

"ကဲ ပွဲစားကြီး ... ဒီဗီရိုရဲ့နောက်မှာ လျှို့ဝှက်အခန်းတစ်ခုရှိပြီး အဲဒီထဲမှာ လူသတ်သမား မရှိပါဘူးလို့ ခင်ဗျား ငြင်းမလား ...၊

မငြင်းဘူးဆိုရင် လျှို့ဝှက်တံခါးကိုဖွင့်ပြီး လူသတ်သမားကို အရထုတ်ပေးပါ ...၊

အေး ... ခင်ဗျား ငြင်းမယ်ဆိုရင်တော့ ဟောဒီပစ္စတိုထဲက ကျည်တစ်ကတ်လုံးကုန်အောင် ဗီရိုထဲကို ကျုပ် ပစ်ရလိမ့်မယ်"

အိုင်အိုကျော်စိုးက ပွိုင့်သာတီအိတ်လျှိုဂါအော်တိုမတ်တစ်ပစ္စတိုဖြင့် ဗီရိုအတွင်းပိုင်းကိုချိန်ကာ ခက်မာစွာ ပြောလိုက်လေလျှင် လွန်စွာတည်ကြည်ဟန်ရှိသည့် ပွဲစားကြီးဦးခင်ဇော်မှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာပြီး တုန်ယင်စွာ တောင်းပန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မ မပစ်လိုက်ပါနဲ့၊ မပစ်လိုက်ပါနဲ့ဗျာ။ ကျုပ် ကျုပ် လျှို့ဝှက်တံခါး ဖွင့်ပေးပါ့မယ်"

ထို့နောက် ပွဲစားကြီးဦးခင်ဖော်သည် ဗီရိုအနီးသို့ ချဉ်းကပ်သွားကာ ဗီရို၏ခေါင်မိုးအတွင်းသို့ လက်နှိုက်လိုက်လေရာ ချောက်ဟူသော ခလုတ်တစ်ခုနှိပ်သံ ကြားလိုက်ရပြီးလျှင် ဗီရို၏ကျောပိုင်းအတွင်းနံရံသည် ပတ္တာတပ်တံခါးတစ်ချပ်နှယ် အတွင်းသို့ ပွင့်ဟသွားတော့၏။

သည်တွင် ဗီရို၏နောက်ဘက်ရှိ လျှို့ဝှက်အခန်းလေးထဲ၌ ရပ်နေသည့် အမျိုးသမီးတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ ကျွန်ုပ်နှင့် ဌာနာအုပ်ကြီးဦးဖေအောင်တို့ လွန်စွာအံ့သြသွားကြသော်လည်း အိုင်အိုကျော်စိုးကမူ အံ့သြဟန်မပြဘဲ အမျိုးသမီးကိုသာ အထူးသတိထားသော မျက်နှာဖြင့် စူးစူးရဲရဲ ကြည့်လျက်ရှိလေ၏။

အမျိုးသမီးမှာ အနက်ရောင်ရင်စေ့လက်ရှည် ဖဲပြောင်အကျႌ ကိုယ်ကြပ်နှင့် အနက်ရောင်ဖဲဘောင်းဘီရှည်တို့ကို ဝတ်ထားကာ နောက်ပိတ်ပတ္တူဖိနပ်အဖြူကို စီးထားလေ၏။

ယင်းအမျိုးသမီးသည် အသက် ၄၀–ကျော်ကျော်ခန့်ရှိပြီး





မြင့်မားသော အရပ်အမောင်းကြီးနှင့်လျက် အချိုးအဆစ် လွန်စွာကျနသည့် ကိုယ်လုံးကိုယ်ထည်တို့ကို ပိုင်ဆိုင်ပြီး အသားဖြူကာ ကုလားဆင်ချော ချောသူဖြစ်၏။

သူမက ကျောလယ်ခန့်ရှည်သည့် ဆံပင်ကို ဖားလျားချထားပြီး ကျွန်ုပ်တို့ကို ထီမထင်ဟန်ဖြင့် ခါးထောက်ရပ်ကြည့်နေလေ၏။

ထိုမိန်းမနှင့် အိုင်အိုကျော်စိုးတို့ အပြန်အလှန် စိုက်ကြည့်နေကြပြီးမှ ထိုမိန်းမသည် လျှို့ဝှက်အခန်းထဲမှ ထွက်လာတော့ရာ ခဏချင်းမှာပင် ကျွန်ုပ်တို့၏ရှေ့သို့ ရောက်လာပါတော့၏။

"ဒီမှာ ရှင်တို့ပြောတာ ကျွန်မ အားလုံးကြားပြီးပြီ။ ကောင်လေးကို သတ်တာဟာ ကျွန်မပဲ။ ရှင်တို့ ဖမ်းချင်ရင် ဖမ်းလို့ရတယ်"

ရဲရဲဝံ့ဝံ့ဝန်ခံသည့် အမျိုးသမီးချောကို ကြည့်ရင်း အိုင်အိုကျော်စိုးက မျက်ခုံးပင့်လိုက်လေသည်။

"ခင်ဗျားက ဘယ်သူလဲ"

"စိမ့်ဒေဝီ"

ဤတွင် ဌာနာအုပ်ကြီးဦးဖေအောင်မှာ လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပါတော့၏။

"ဟာ ... ဒါဆို ခင် ... ခင်များဟာ ဦးခင်ဇော်ရဲ့ သေသွားတယ်ဆိုတဲ့ မိန်းမပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူက ကျွန်မကို သေတယ်လို့ထင်ထားတာ။ တကယ်တော့ ကျွန်မ မသေပါဘူး"

ဤတွင် ကျွန်ုပ်သည် ပွဲစားကြီးဦးခင်ဇော်ကို ငေးကြည့်အကဲခတ်လိုက်ရာ ဦးခင်ဇော်မှာ မောင်းကျောက်မှန်သည့် ကြက်နှယ် ငေးငေးငူငူ ငိုင်ငိုင်ကြီးဖြစ်လျက် သူ၏ဇနီးချောလေး စိမ့်ဒေဝီအား ရီဝေသောမျက်လုံးများဖြင့် ငေးကြည့်နေလေ၏။

"ဟုတ်ပါပြီလေ၊ မောင်အောင်စိုးကို သတ်ပါတယ်လို့ မစိမ့်ဒေဝီက ဝန်ခံပြီးပြီဆိုတော့ ဥပဒေဝန်ထမ်းတွေဖြစ်တဲ့ ကျွန်တော်တို့က ဝတ္တရားအရ အရေးယူရပါမယ်။ အရေးယူမှုကိုတော့ အသာတကြည် လက်ခံစေချင်တယ်"

အိုင်အိုကျော်စိုးက ဖျောင်းဖျောင်းဖျဖျ ပြောလိုက်ရာ စိမ့်ဒေဝီက ခေါင်းကို အသာညိတ်ပြလေသည်။

"ကောင်းပါပြီ၊ စိမ့် အဖမ်းခံပါ့မယ်"

သို့ဖြင့် ဌာနာအုပ်ကြီးသည် လူသတ်တရားခံဖြစ်သော





စိမ့်ဒေဝီကို လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်ရလေ၏။

"ကဲ ... ကျုပ်တို့ရဲ့ဌာနကို လိုက်ခဲ့ပါ။ ဟိုကျမှ ရာဇဝတ်တရားသူကြီးရဲ့ရှေ့မှာ ဖြောင့်ချက်ပေးနိုင်ဖို့ ကျုပ်တို့ စီစဉ်ပေးပါ့မယ်"

ထို့နောက် ဌာနာအုပ်ကြီးသည် အိုင်အိုကျော်စိုးကို လှည့်ကြည့်ကာ ချီးကျူးစကားဆိုလေသည်။

"အေးဗျာ ... ကျုပ် ဘယ်လိုမှ ဘဲဥအစရှာမရသလိုဖြစ်နေတဲ့ လူသတ်မှုကို နာရီပိုင်းအတွင်း ကိုကျော်စိုး ဖော်ထုတ်ပေးနိုင်တာကို ချီးကျူးလို့မဆုံးပါဘူး"

သို့ဖြင့် ဌာနသို့ရောက်ပြီးနောက် လူသတ်တရားခံ စိမ့်ဒေဝီက ဖြောင့်ချက်ပေးရင်း ဤအမှုကို သူမ ဘာကြောင့်ကျူးလွန်မိသည်ကို ရှင်းပြရာ စိတ်ဝင်စားဖွယ် ကောင်းလွန်းလှသဖြင့် ကျွန်ုပ်က စာဖတ်သူတို့ ဖတ်၍အဆင်ပြေစေရန် ဖွဲ့နွဲ့သိုင်းဝိုင်း တင်ပြလိုက်ပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

စိမ့်ဒေဝီ၏ဖြောင့်ချက်

ကန္တာရခရီးကြမ်း

ကန္တာရတိုက်ပွဲ

ကယ်တင်ရှင်

မလှပသောပွဲ

မောဟာအမှောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## စိမ့်ဒေဝီ၏ဖြောင့်ချက်

စိမ့်ဒေဝီသည် အိန္ဒိယပြည် ပါတလိပုတ္တရနယ်မှ မဟာရာဇာတစ်ဦး၏မွေးစားသမီးဖြစ်ပြီး သူမ၏ဖခင်မှာ အင်္ဂလိပ်စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလိပ်မြန်မာကပြားလက်ဖနင်တင်ဗိုလ်မှူးကလေးတစ်ဦးဖြစ်ကာ သူမ၏မိခင်မှာမူ ပါတလိပုတ္တရနှင့် နယ်ချင်းထိစပ်လျက်ရှိသော ရာဇပုတ္တရနယ်မှဖြစ်ကြောင်း သူမအရွယ်ရောက်စတွင် အထိန်းတော်ကြီး အကားပြောပြသဖြင့် သိရှိခဲ့ရလေသည်။

“သမီးရဲ့အဖေဟာ အင်္ဂလိပ်စစ်တပ်ရဲ့စစ်ရေးဗိုအဆ်



www.burmeseclassic.com

www.burmeseclassic.com



ချက်အရ မတ်ဆိုပိုတေးမီးယား စစ်မြေပြင်ကိုထွက်သွားရတဲ့ အချိန်မှာ သမီးရဲ့အမေဟာ ပညာတတ်တစ်ဦးမို့ မဟာရာဇာရဲ့ ကလေးတွေကို ပါတလိပုတ္တရ နန်းတော်မှာ စာသင်ပေးနေခဲ့ တယ်ကွဲ့ ...။

သမီးရဲ့အဖေဟာ စစ်ထွက်သွားပြီး သုံးလလောက် အကြာမှာပဲ စစ်မြေပြင်မှာ ကျဆုံးသွားခဲ့ရတယ် ...။

အဲဒီအခါ သမီးရဲ့အမေဟာ ဘဝခရီးရှေ့ဆက်ဖို့အရေး အတွက် သူ့ရဲ့ဆွေမျိုးရင်းချာတွေရှိရာ ရာဇပုတ္တရနယ်ဆီ ပြန် သွားဖို့ စီစဉ်ခဲ့တယ်ကွဲ့ ...။

အဲဒီတုန်းက သမီးဟာ နှစ်နှစ်သမီးအရွယ်လောက်ပဲ ရှိသေးတာမို့ သဲကန္တာရအလယ်မှာရှိတဲ့ ရာဇပုတ္တရနယ်ဆီ ခေါ် သွားဖို့ မဖြစ်နိုင်ဘူးလေ ...။

ဒါကြောင့် သမီးကို မဟာရာဇာရဲ့ဇနီး မဟာဒေဝီဆီ မှာ အပ်ထားခဲ့ပြီး ရာဇပုတ္တရနယ်ဆီ ထွက်သွားခဲ့တာ ဒီနေ့အထိ လုံးဝ ပြန်မလာသလို သူနဲ့ပတ်သက်တဲ့ ဘာသတင်းမှလည်း မကြားရဘူးကွဲ့၊ သမီးကိုတော့ မဟာရာဇာတို့လင်မယားကပဲ မွေးစားခဲ့တာပေါ့ကွယ်''





သို့ရှေ့ချင် စိမ့်ဒေဝီ ဆယ့်လေးနှစ်သမီးအရွယ်တွင် မိခင် ဖခင်တို့၏အကြောင်းကို အထိန်းတော်ကြီးအကားထံမှ သိခဲ့ရလေ သည်။

''သမီးရဲ့အမေနောက်ကို သမီးလိုက်သွားချင်တယ် ဒေါ် လေးရယ်''

''အို ... သမီးက ငယ်ပါသေးတယ်ကွယ်။ ဒီအချိန်မှာ အန္တရာယ်များလှတဲ့ခရီးကို လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ။ ရာဇပုတ္တရဆိုတာ ဒီအိန္ဒိယပြည်ကြီးရဲ့အနောက်အလယ်ပိုင်း သဲကန္တာရကြီးထဲမှာ ရှိတာကွဲ့၊ ပြီးတော့''

''ပြီးတော့ ... ဘာဖြစ်လဲ ဒေါ်လေး''

''အဲဒီဒေသဟာ ဝေးလံသီခေါင်လွန်းတဲ့အတွက် ဗြိတိ သျှအစိုးရရဲ့အုပ်ချုပ်မှု လက်လှမ်းမမီသလို ဖြစ်နေတယ်ကွဲ့။ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေ၊ အခွန်အရာထမ်းတွေ တစ်နှစ်မှ တစ်ခါလောက်ပဲ သွားလေ့ရှိပြီး အဲဒီမှာတော့ ရာဇပုတ္တရ စော် ဘွားကြီးပဲ အုပ်ချုပ်နေတယ်၊ ဒါပေမဲ့ ... စော်ဘွားကြီးမှာ အာဏာမရှိလှဘဲ အဲဒီမှာသောင်းကျန်းနေတဲ့ လူဆိုးဂိုဏ်းတွေက ပဲ နေရာတကာ လွှမ်းမိုးနေတာကွဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရာဇပုတ္တရရဲ့ အနောက်ဘက်က စာကစွတန် ဒေသက ရွှေလာခိုးတူးတဲ့ဂိုဏ်းတွေကလည်း တစ်ဗိုလ်တစ်မင်း လုပ်နေတော့ နယ်မြေ အင်မတန်ကြမ်းတယ် သမီးရဲ့။ မိန်းကလေးမပြောနဲ့ ယောကျ်ားလေးတွေတောင် သွားဖို့မသင့်တဲ့ ကန္တာရဒေသကြီးပါကွယ်''

သို့သော် စိတ်ဓာတ်ပြင်းထန်သည့် စိမ့်ဒေဝီက အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးသည်နှင့် ရာဇပုတ္တရနယ်သို့ မရောက်ရောက်အောင် သွားကာ မိခင်ဖြစ်သူအား ရှာဖွေရန် စိတ်ထဲမှ ဆုံးဖြတ်ထားလေသည်။

ယင်းသို့ ရည်မှန်းချက်ချထားသဖြင့် ကြမ်းတမ်းခက်ထန်လှသည့် နယ်မြေသို့ သွားရောက်သည့်အခါ ကြုံလာနိုင်သည့် ဘေးအန္တရာယ်တို့ကို ကာကွယ်နိုင်ရန် သူမက ကြိုတင်ပြင်ဆင်ခဲ့၏။

သဲကန္တာရခရီးကိုသွားရမည်ဖြစ်သဖြင့် ခရီးသွား သံလိုက် အိမ်မြှောင်အသုံးပြုနည်းကို ကန္တာရမုဆိုးအချို့ထံမှ လေ့လာ သင်ယူသလို ပုဏ္ဏားကြီးတစ်ဦးထံမှလည်း ဂြိုဟ်နက္ခတ်တို့၏ တည်ရှိပုံ၊ ရွေ့လျားပုံတို့ကို လေ့လာသင်ယူခဲ့လေသည်။





ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းကျန်းမာရေးအတွက် အအိပ် အစားကို ဂရုစိုက်သလို ပြေးခြင်း၊ တောင်တက်ခြင်း၊ ရေကူးခြင်း၊ မြင်းစီးခြင်း စသည်တို့ကို နေ့စဉ်လိုလို ပြုလုပ်လေသည်။

''ဟား ဟား ဟား ... ငါတို့သမီးတော်လေးကတော့ ယောကျ်ားလေးအတိုင်းပဲဟေ့။ ခုန်လိုက်ပေါက်လိုက်၊ ပြေးလွှားလိုက်နဲ့။ မြင်းစီးလားစီးရဲ့ ရေကူးလားကူးရဲ့ တော်တော်လည်း အပင်ပန်းခံတာပဲ''

မွေးစားဖခင် မဟာရာဇာကြီးမှာ စိမ့်ဒေဝီကိုကြည့်လျက် သဘောအကျကြီးကျနေတော့၏။

''ခမည်းတော် ... သမီး သေနတ်ပစ်သင်ချင်တယ်။ ပြီးတော့ သိုင်းအတတ်၊ လက်ဝှေ့အတတ်တွေလည်း သင်ချင်တယ်''

''ဟောဗျာ ... ပြောကာမှ ပိုဆိုးနေပြီ၊ ကြင်ရာတော်ရေ ... မင့်သမီးတော်ကို ကြည့်ပြောပါဦးကွဲ့''

''သူကတော့ ပြောလို့ရမှာမဟုတ်ဘူးထင်တယ်။ ပေါက်ကျော်မလေးဖြစ်နေပြီ။ ဆရာပုဏ္ဏားတွေဆီက ဝေဒသုံးပုံသင်ဖို့ ထက် ဓားခုတ်၊ လှံထိုးပဲ လုပ်ချင်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်ကြီးတို့လို လောကဓာတ်ကျောင်းတက်ပါဆိုလည်း မတက်ချင်တော့ဘူးဆိုလို့ ပညာဆက်မသင်ပေးရဘူးလေ"

မဟာရာဇာကြီးက ရွှေဆေးတံကြီးကို တမျှင်းမျှင်းဖွာလိုက်ပြီးနောက် ဦးခေါင်းကြီးကို ညိတ်သည်။

"အင်း . . . သမီးတော်လေးရဲ့မိခင်ဟာ အင်္ဂလိပ်စာတတ်ပေတတ်ကွဲ့။ ဒါကြောင့် ဒီနန်းတော်မှာခေါ်ထားပြီး သမီးတော်ရဲ့အစ်မတော်နှစ်ယောက်ကို အင်္ဂလိပ်စာ သင်ကြားခိုင်းခဲ့တာပေါ့။ အခု သမီးတော်လေးကျတော့ ပညာကိုမမက်မောဘဲ ကြမ်းကြမ်းတမ်းတမ်းအလုပ်တွေကိုပဲ လုပ်ချင်ဇောသန်နေတာ ဘာကြောင့်လဲကွဲ့"

"သမီးက ဟိုဘဝတုန်းက ယောကျ်ားလေးစစ်သူရဲကောင်းတစ်ယောက်ဖြစ်ခဲ့လို့ ဖြစ်မှာပေါ့ ခမည်းတော်ရဲ့"

"အေး . . . ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ် . . . ဟား ဟား ဟား"

ဤသို့ဖြင့် သူမသည် မွေးစားမိဘတို့၏စီစဉ်ပေးမှုကြောင့် သေနတ်ပစ်အတတ်ကို သင်ယူခွင့်ရသလို သိုင်းပညာမျိုးစုံကိုလည်း ဆရာမျိုးစုံထံမှ သင်ယူခွင့်ရခဲ့လေသည်။

သို့ဖြင့် သူမသည် ကိုယ်ရန်ကာပညာတို့ကို ကောင်းစွာတတ်ကျွမ်းလာပြီး ကြံ့ခိုင်သန်စွမ်းစွာဖြင့် အသက်ဆယ့်ရှစ်နှစ်ပြည့်လာပါတော့၏။

ဤတွင် စိမ့်ဒေဝီသည် လက်အုပ်ချီမိုးလျက် မွေးစားမိဘနှစ်ပါးအား သူမ၏ရည်ရွယ်ချက်ကို ဖွင့်ဟပြောကြားကာ ခွင့်ပြုချက်လည်း တောင်းခံလေသည်။

"သမီးရဲ့အမေကို သွားရှာခွင့်ပြုပါ ခမည်းတော်နဲ့ မယ်မယ်"

"အို . . . သမီးတော်လေးရယ်။ ကြမ်းတမ်းလှတဲ့ခရီးကို ဘာကြောင့်သွားချင်ရတာလဲ"

"မွေးမိခင်ကို ရှာချင်လို့ပါ မယ်မယ်။ သမီးကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ခမည်းတော်နဲ့မယ်မယ်တို့ကို သမီး ကျေးဇူးတင်လှပါတယ်"

"ဒါပေမဲ့ . . . သမီး ခုလိုလူဖြစ်လာအောင် မွေးဖွားပေးခဲ့ကြတဲ့ မိရင်းဖရင်းတွေကို သမီး အခုထိ တစ်ခါမှ မတွေ့မြင်ဖူးပါဘူး"

www.burmeseclassic.com



"ဒါကြောင့် သမီးရဲ့မိခင်ကို သမီး သွားရှာချင်ပါတယ် ခွင့်ပြုပေးပါနော်"

မဟာရာဇာကြီးနှင့် မဟာဒေဝီတို့က အတန်တန်တား သော်လည်း တားမရသဖြင့် နောက်ဆုံးတွင် စိမ့်ဒေဝီ၏ဆန္ဒကို လိုက်လျောကြရလေတော့၏။

"ကဲပါ . . . သမီးတော်လေးရဲ့ဆန္ဒ သိပ်ပြင်းပြနေရင်လည်း လိုရာခရီးကို သွားပေါ့ကွယ်။ ခရီးထွက်ဖို့အတွက် အစစအရာရာ လိုလေသေးမရှိရအောင် ခမည်းတော်တို့ စီစဉ်ပေးလိုက်ပါ့မယ်ကွယ်"

"ကျေးဇူးကြီးလှပါတယ် ခမည်းတော်နဲ့မယ်မယ်ရယ်"

❋ ❋ ❋



## ကန္တာရခရီးကြမ်း

စိမ့်ဒေဝီက ဆောင်းရာသီအစ တစ်ခုသောနံနက်တွင် မွေးစားမိဘတို့အား ရှိုခိုးကန်တော့ နှုတ်ဆက်ပြီးနောက် ကန္တာရခရီးစထွက်ခဲ့သည်။

မွေးစားဖခင် မဟာရာဇာကြီးက သူ၏ သက်တော်စောင့်တပ်ဖွဲ့မှ ရိုင်ဖယ်သေနတ်ကိုင် စစ်သည်လေးဦးကို ပါတလိပုတ္တရနယ်စပ်အထိ လိုက်ပို့စေ၏။

ပါတလိပုတ္တရနှင့် ရာဇပုတ္တရနယ်တို့ကို ခြားထားသည့် သိဂ်ပုတ္တရချောင်းငယ်လေးရောက်တော့ ပါတလိပုတ္တရစစ်သည်



www.burmeseclassic.com

www.burmeseclassic.com



တို့က လှည့်ပြန်သွားကြသည်။

စိမ့်ဒေဝီ၊ လမ်းပြရန်ကနားနှင့် ကြေးစားအစောင့်အရှောက်လေးဦးတို့မှာ ပေါင်ရင်းခန့်သာနက်သည့် သိဂ္ဂုပုတ္တရချောင်းငယ်လေးကို ဖြတ်ကူးခဲ့ပြီး ရာဇပုတ္တရနယ်ထဲ စတင်ဝင်လာသည်တွင် ညနေစောင်းလုပြီဖြစ်၏။

သို့ဖြင့် တောစပ်တစ်နေရာမှာပင် မီးလှင်းဖိုဖိုကာ အစောင့်တို့က ညစာထမင်းဟင်းတို့ကို ချက်ပြုတ်သူပြုတ်၊ ရွက်ဖျင်တဲများထိုးသူက ထိုးကြလေသည်။

ညစာကို သိုးသားဖြင့် မြိန်ယှက်စွာစားကြပြီးလျှင် မီးလင်းဖိုကြီးကို ဝိုင်းဖတ်ထိုးထားသည့် ရွက်ဖျင်တဲသုံးလုံးအနက် အဖြူရောင်ရွက်ဖျင်တဲတွင် စိမ့်ဒေဝီက အိပ်စက်ပြီး အညိုရောင်ရွက်ဖျင်တဲနှစ်လုံးတွင် လမ်းပြရန်ကနားနှင့် အစောင့်အရှောက်တို့ အိပ်စက်ကြလေ၏။

အစောင့်အရှောက်တို့မှာ တစ်ညလုံး တစ်ယောက်တစ်လှည့် ကင်းစောင့်ကြရာ ကျန်လူများမှာ စိတ်ချလက်ချဖြင့် နှစ်ခြိုက်စွာ အိပ်စက်ခွင့်ရကြလေသည်။

နောက်နေ့မိုးလင်းသည်တွင် သူမတို့သည် အနောက်





မြောက်အရပ်ဆီ ခရီးဆက်ခဲ့ကြရာ တောအုပ်လေး၏အလွန် တွင် ရွာတစ်ရွာကို တွေ့ရလေ၏။

"ဒီရွာမှာ ကုလားအုတ်နှစ်ကောင်နဲ့ မြင်းနှစ်ကောင် ဝယ်ရမယ်" ဟု

ရှန်ကနားပြောလာသည်တွင် မွေးစားမိဘများထည့်ပေးလိုက်သည့် ငွေအသပြာတို့ဖြင့် ကုလားအုတ်နှင့် မြင်းတို့ကို ကုန်းနှီးပုခက်တို့နှင့်တကွ ဝယ်ရလေ၏။

သူမတို့သည် ရှေ့လျှောက် ကန္တာရခရီးကို လျှောက်လှမ်းရတော့မည်မို့ ရိက္ခာစိုတို့ ထပ်မံဖြည့်တင်းဝယ်ယူကာ သောက်ရေကိုလည်း ထပ်ဖြည့်ကြရလေသည်။

စိမ့်ဒေဝီတို့သည် ထိုရွာလေးမှ မွန်းလွဲပိုင်းတွင် ထွက်ခွာလာခဲ့ရာ တရွေ့ရွေ့ဖြင့် မြေအနေအထား ဝန်းကျင်အနေအထား ပြောင်းလာသည်ကို သတိပြုမိကြသည်။

ရှေ့ဝယ်၊ စိမ်းလန်းသောတောအုပ်သစ်ပင်ဟူ၍ မတွေ့မြင်ရတော့ဘဲ ကျောက်တောင်များ၊ သွေ့ခြောက်ခြောက် ဆူးပင်ချုံပင်များနှင့် အညိုရောင်မြက်ခြောက်ပင်တို့ကိုသာ တွေ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလာသည့်အခါမှာမူ ကျောက်တောင်တစ်လုံး၏ခြေရင်းတွင် သူမတို့ စခန်းချကြလေသည်။

စိန့်ခေဝီသည် ညစာစားပြီးနောက် မအိပ်ချင်သေးသဖြင့် ရှက်ဖျင်တဲရှေ့ရှိ ကျောက်တုံးတစ်တုံးပေါ် ထိုင်ရင်း မီးလင်းဖိုမှ မီးတောက်တို့ကို ငေးကြည့်နေစဉ် လမ်းပြရန်ကနားက သူမဆီ လျှောက်လာကာ အနီးရှိ ကျောက်တုံးတစ်တုံးတွင် ထိုင်လိုက်လေသည်။

"သခင်မလေးကို ပြောစရာရှိတယ်"

"ပြောလေ ရန်ကနား"

"အခု ဒီနေရာကို ဆူးရစ်ကုန်းလို့ခေါ်တယ်။ ဒီဆူးရစ်ကုန်းကို လွန်တာနဲ့ သဲကန္တာရက စပြီ ခရီးကြမ်းက အဲဒီမှာစတာပဲ"

"ဟုတ်ပြီလေ ...အဲဒီတော့ ဘာဖြစ်လဲ"

"နေ့ခင်းတုန်းက ဝင်ခဲ့တဲ့ရွာလေးမှာ စုံစမ်းကြည့်တော့ ခုတလော သဲကန္တာရထဲမှာ ဓားပြလူဆိုးဂိုဏ်းတွေ အင်တော်သောင်းကျန်းနေလို့ ကန္တာရခရီးသွားကုန်သည်အုပ်စုတွေတောင် အဲဒီရွာလေးကနေပဲ လှည့်ပြန်သွားကြရတယ်တဲ့ ...၊





အဲဒီသဲကန္တာရထဲမှာရော ကန္တာရရဲ့အနောက်ဘက်က ကျောက်တောင်တန်းတွေမှာရော ရွှေထွက်တဲ့အတွက် ရွှေတူးတဲ့သူတွေ၊ အဲဒီလူတွေဆီကနေ ဓားပြပြန်တိုက်တဲ့ ဓားပြဂိုဏ်းတွေ မှိုလိုပေါက်နေတယ်တဲ့၊ သခင်မလေးရဲ့"

"ဟုတ်ပါပြီလေ။ အဲဒီသတင်းတွေကို ကျွန်မ ပါတလိပုတ္တရမှာကတည်းက ကြားပြီးသားပါ။ အဲဒီဓားပြတွေရဲ့ရန်ကို ကြောက်နေရင် ကျွန်မ ဒီခရီးကို ထွက်လာစရာမလိုတော့ဘူး။ သင်းတို့ရဲ့ရန်ကိုမကြောက်လို့ ဒီခရီးကိုထွက်လာတာပါ"

"ဟုတ်ကဲ့၊ ကျုပ်ကလည်း သခင်မလေးအနေနဲ့ ခရီးရှေ့မဆက်ဘဲ ပြန်လှည့်လိုရင် လှည့်လို့ရအောင်ပြောတာပါ"

"မလှည့်ဘူး။ ရာဇပုတ္တရမြို့အထိ ရောက်အောင်သွားမှာ"

"ကောင်းပြီလေ၊ ဒါဆိုလည်း မနက်ဖြန် ခရီးစထွက်ချိန်ကစပြီး အားလုံး သတိဝီရိယနဲ့ ရှိဖို့တော့ ဆော်ဩထားရမှာပဲ။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"သဲကန္တာရရဲ့သဘောက နေ့ဘက်မှာ တအားပူပြီး



www.burmeseclassic.com

www.burmeseclassic.com



ညဘက်မှာ တအားအေးတယ်။ အဲဒီလို သိပ်အေးလာတဲ့အခါ အချမ်းဒဏ်ခံနိုင်ဖို့ ယမကာသောက်ခွင့်ပြုပါတဲ့ အစောင့်တွေက ခွင့်တောင်းလာတယ် သခင်မလေး''

''ရပါတယ် သောက်ပါ၊ ရှင်တို့ယောကျ်ားတွေဟာ အရက်သောက်ချင်ရင် ခရီးပန်းလို့ ချမ်းလို့ဆိုပြီး ရမယ်ရှာတတ်တာ ကျွန်မ သိပါတယ်''

ဤတွင် မီးလင်းဖို၏မီးရောင်ဟပ်နေသည့် လှပသော စိမ့်ဒေဝီ၏မျက်နှာလေးကို ရန်ကနားက ငေးကြည့်ရင်း သက်ပြင်း ရှိုက်လိုက်လေသည်။

ရန်ကနား အသက်လေးဆယ်ခန့်ရှိပြီး ယခင်က ကန္တာရ မုဆိုးလုပ်ခဲ့ဖူးသူဖြစ်၏။ အိမ်ထောင်ကျပြီးနောက်တွင် ယင်းအလုပ် ကို စွန့်လွှတ်ပြီး ပါတလိပုတ္တရမြို့ဈေး၌ ကုန်ထမ်းသည့်အလုပ် ဖြင့် အသက်မွေးနေသူဖြစ်၏။

ပါတလိပုတ္တရကို အုပ်ချုပ်သူ မဟာရာဇာကြီး၏ စံနန်း တော်ဆီ အသားငါး ဟင်းသီးဟင်းရွက်တို့ နေ့စဉ်လိုလို ထမ်းပို့ရင်း မဟာရာဇာကြီး၏မိသားစုနှင့်ပါ ရင်းနှီးခဲ့သူဖြစ်သည်။

စိမ့်ဒေဝီ အရွယ်မရောက်ခင်ကတည်းက တွေ့မြင် ရင်းနှီးခဲ့သူမို့ စိမ့်ဒေဝီပေါ်တွင် တူမလေးတစ်ယောက်နှယ် ခင် တွယ် သံယောဇဉ်ဖြစ်မိ၏။

သို့သော် စိမ့်ဒေဝီမှာ မည်သူနှင့်မျှ အရောမဝင်ဘဲ ခပ်တန်းတန်းနေတတ်သောကြောင့် တရင်းတနှီးတော့ မရှိလှ ချေ။

မည်သို့ဖြစ်စေ မဟာရာဇာကြီးအနေဖြင့် မွေးစားသမီး လေးအား အန္တရာယ်ရှိသည့်ခရီးကို လွှတ်ရာ၌ ယုံကြည်စိတ်ချ အားကိုးရသူကို ထည့်လိုက်လိုသောကြောင့် သူ့အား လမ်းပြ အဖြစ် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

''ရန်ကနား . . . မောင်မင်းဟာ တစ်ချိန်တုန်းက ကန္တာရ မုဆိုးကျော်ဖြစ်ခဲ့တဲ့အတွက် ခရီးလမ်းပန်း ကျွမ်းကျင်တာ ကျုပ်သိ တယ်။ ပြီးတော့ မောင်မင်းဟာ ရိုးသားဖြောင့်မတ်သူမှန်း ကျုပ် သိတယ်။ ဒါကြောင့် ကျုပ်တို့ရဲ့သမီးတော်လေးကို လမ်းပြရင်း စောင့်ရှောက်ဖို့ အတူထည့်လိုက်ချင်တယ်''

''ဟုတ်ကဲ့၊ ကျွန်တော် သခင်မလေးကို လမ်းပြရင်း တူမလေးလို၊ သမီးလေးလို စောင့်ရှောက်ပါ့မယ် ခင်ဗျာ''

ထိုသို့လျှင် မဟာရာဇာကြီးအား ကတိပေးပြီး ဤခရီး၌





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာခြင်းဖြစ်သည်။

တကယ်ဆိုလျှင် လမ်းပြခ မြွက်မြွတ်ကလေးရသည့်တိုင် ဤခရီးကို သူက မထွက်စေချင်ပါ။

ရာဇပုတ္တရမြို့ ဆီသွားရမည့်ခရီးလမ်း၏ ကြမ်းတမ်းခက်ထန် အန္တရာယ်ထူပြောမှုကို ကောင်းစွာသိထားသဖြင့် စိမ့်ဒေဝီအား မသွားစေချင်ပေ။

သို့သော် ခေါင်းမာကာ သတ္တိကောင်းလှသည့် မိန်းကလေးက မွေးစားမိဘများပင် တားမရဘဲ ဖွတ်ထွက်လာခြင်းဖြစ်သဖြင့် သူလည်း ဟန့်တားရခက်ခဲရသည်။

မည်သို့ဖြစ်စေ ဤကန္တာရခရီးလမ်းတစ်လျှောက်ဝယ် စိမ့်ဒေဝီအား အသက်ပေးကာကွယ်စောင့်ရှောက်ရန် သူ ဆုံးဖြတ်ထားပြီးဖြစ်၏။



## ကန္တာရတိုက်ပွဲ

နောက်နေ့နံနက် နှင်းဖြူမကွဲမီမှာပင် စိမ့်ဒေဝီတို့ ခရီးဆက်လက်ထွက်ခဲ့တော့သည်။

ရန်ကနားပြောသည့်အတိုင်း ဆူးရစ်ကုန်းကို လွန်သည်နှင့် ခြောက်သွေ့သော သဲကန္တာရက စတင်တော့၏။

ကျောက်တောင်အချို့နှင့် ဖုန်းဆိုးမြေ ဆူးရစ်ကုန်းတို့ကို ကျောခိုင်းလာခဲ့ပြီးနောက် တစ်နာရီကျော်ကျော်ခန့် ခရီးနှင်ပြီးသည်နှင့် ရှေ့နောက်ဝဲယာတို့တွင် သဲပြင်တို့ကိုသာ တွေ့ရတော့သည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နေသည်လည်း တစ်စတ္တစ် ပူလာရာ သဲကန္တာရ၏အပူ ခြောက်သွေ့ခြင်း၊ တိတ်ဆိတ်ခြင်းရသတို့ကို စတင်ခံစားလာရတော့၏။

ရှေ့ဆုံးမှနေ၍ ရန်ကနားက ကုလားအုတ်စီးကာ လမ်းပြသွားပြီး သူ့နောက်မှ စိမ့်ဒေဝီက ကုလားအုတ်တစ်စီးဖြင့် လိုက်ပါရလေသည်။

ဝန်စည်စလယ်တို့ကို ကုလားအုတ်များတွင် တင်ဆောင်ပြီး အစောင့်လေးယောက်က မြင်းနှစ်စီးကို အလှည့်ကျစီးကာ ရှေ့နောက်တန်းစီ ခရီးနှင်နေကြခြင်းဖြစ်သည်။

စိမ့်ဒေဝီတို့သည် ဆူးပင်၊ ဆူးချုံလေးများ ကျိုးတိုးကျဲတဲ ပေါက်ရောက်နေသည့် ကျောက်တောင်ခြေတစ်ခုသို့ အရောက်တွင် နေခိုကာနားလိုက်ကြပြီး နံနက်စာစားကြရလေသည်။

"ရေကိုတော့ ချွေတာသောက်ကြရမယ်။ ရှေ့မှာ ရေရဖို့ မလွယ်တော့ဘူး"

စိမ့်ဒေဝီတို့မှာ သဲကန္တာရအတွေ့အကြုံရှိသည့် ရန်ကနား၏စကားကို နာခံကြရလေသည်။

ထမင်းစားကြပြီးနောက် သစ်ကိုင်းသစ်ခက်လေးများဖြင့်





မီးမွှေးကာ ကော်ဖီသောက်ရန် ရေနွေးကျိုနေကြစဉ် –

ရန်ကနားသည် ခေါင်းကို ထောင်မတ်ကာ ယုန်တစ်ကောင်နှယ် နားစွင့်လိုက်ပြီးနောက် –

သဲပြင်၌ ပြားပြားဝပ်ကာ သဲပြင်ကို နားတစ်ဖက်ဖြင့် ဖိထားလျက် သဲပြင်၏တုန်ခါမှုကို စူးစမ်းလေ၏။

ပြီးလျှင် သူက ရုတ်တရက်ထထိုင်ကာ –

"မီးဖိုကို ချက်ချင်းငြိမ်းလိုက်၊ ပြီးရင် ကုလားအုတ်တွေရော၊ မြင်းတွေပါ ဒီကျောက်တောင်ခြေမှာ ဝပ်နေခိုင်းလိုက်"

"လူတွေအားလုံးပါ ကျောက်တောင်မှာ ကွယ်နေကြ။ ဒီဘက်ကို လူတစ်စု မြင်းတွေနဲ့ လာနေကြပြီ"

စိမ့်ဒေဝီတို့မှာ ရန်ကနားညွှန်ကြားသည့်အတိုင်း လျင်မြန်စွာ ပြုလုပ်ဆောင်ရွက်ကြရလေသည်။

ထို့နောက်တွင်မူ သူမတို့သည် ကျောက်တောင်ကိုကွယ်လျက် ဆိတ်ငြိမ်စွာ စောင့်စားလျက်ရှိရာက ခဏအကြာတွင် မြင်းခွာသံများ ကြားရလေသည်။

ချက်ချင်းဆိုသလိုပင် လေးငါးယောက်မကသော မြင်းစီးအုပ်စုတစ်စုသည် သူမတို့ ပုန်းခိုနေရာ ကျောက်တောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်နှစ်ရာခန့်အကွာရှိ သဲခုံမြင့်အတိုင်း အနောက်တောင်ဘက်ဆီ ဦးတည်သွားကြသည်ကို လှမ်းတွေ့ရလေသည်။

စိမ့်ဒေဝီက လည်ပင်း၌ဆွဲထားသော မှန်ပြောင်းဖြင့် ကြည့်လိုက်ရာ အနောက်တိုင်း ကောင်းဘွိုင်အဝတ်အစား ဆန်ဆန် ဝတ်စားထားလျက် ခါးတွင် ကျည်ခါးပတ်နှင့်အတူ ခြောက်လုံးပြူးချိတ်ထားကြသူတို့ကို တွေ့မြင်ရလေ၏။

"သူတို့မှာ သေနတ်တွေပါတယ် ရန်ကနား"

"အင်း ... အဲဒါ ကန္တာရဓားပြတွေပဲ။ တော်ပါသေးရဲ့ ... ကျုပ်တို့ကိုတွေ့မသွားလို့"

ထိုနေ့က စိမ့်ဒေဝီတို့သည် ထိုနေ့ ကန္တာရဓားပြတို့၏ရန်မှ လက်မတင်ကလေး လွတ်မြောက်သွားကြသော်လည်း

နောက်နေ့တွင်မူ ကြောက်မက်ဖွယ် သဲမုန်တိုင်းနှင့် ကြုံရတော့၏။

စိမ့်ဒေဝီတို့သည် ညနေစောင်းလုလုတွင် စခန်းချရန် ပေတစ်ရာခန့်မြင့်သော သဲတောင်ပို့ကြီးအနီးသို့ ချဉ်းကပ်လာစဉ်မှာပင် –

ခပ်ဝေးဝေး သဲပြင်ကျယ်ဆီမှ ဘောလုံးသဏ္ဌာန် မီးခိုး





လုံးကြီး မိမိတို့ဆီ ရွေ့လျားလာသည်ကို လှမ်းတွေ့လိုက်ကြရလေသည်။

"ဟိုးကဟာ ဘာလဲ ရန်ကနား"

"အဲဒါ သဲမုန်တိုင်းပဲ။ သူ့ရဲ့ လာရာလမ်းကြောင်းက ဒီဘက်တည့်တည့်ပဲ၊ အားလုံး သဲပြင်ပေါ်မှာ မြန်မြန်ဝပ်ကြမှ ဖြစ်မယ်"

တဒီဒီမြည်သံကြီး ဟိန်းညံလျက် မီးခိုးရောင်အလုံးကြီးသည် ကြီးမားလျက် ကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာကာ သူမတို့ဆီသို့ အဟုန်ပြင်းစွာ ပြေးဝင်လာလျက် ရှိချေပြီ။

"အဒူလေးတို့ ... ကုလားအုတ်တွေရော၊ မြင်းတွေပါ သဲမုန်တိုင်းလာရာလမ်းကြောင်းကို ကျောပေးပြီး သဲပြင်ပေါ် လှဲခိုင်းလိုက်ကြ ... လှဲခိုင်းလိုက်ကြ၊ မြန်မြန်လုပ် ... မြန်မြန်လုပ်"

ရန်ကနား၏အမိန့်အတိုင်း အစောင့်အရှောက်တို့လည်း ကုလားအုတ်တို့နှင့် မြင်းတို့ကို သဲပြင်ပေါ်လှဲအိပ်စေလိုက်လေ၏။

"ဒီ ဒီ ဒီ"

"ဝေါ ဝေါ ဝေါ"

သဲမုန်တိုင်းကြီးမှာ ဆူညံစွာ အော်ဟစ်ရင်း ပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာရာ စိမ့်ဒေဝီတို့မှာ ပဝါဖြင့် ခေါင်းရောမျက်နှာပါပတ်ပြီး မုန်တိုင်းလာရာလမ်းကြောင်းဘက် ကျောခိုင်းကာ သဲလွှာပြင်ပေါ်၌ ပြားပြားမှောက်နေရလေသည်။

"ဝေါ ဝေါ ဝေါ"

တစ်နာရီလျှင် မိုင် ၃၀-၄၀ ခန့်နှုန်းဖြင့် ပြင်းထန်သည့် သဲမုန်တိုင်းကြီးသည် တန်နှင့်ချီသည့် သဲတို့ကို သယ်ဆောင်လာပြီး စိမ့်ဒေဝီတို့၏ ကိုယ်ပေါ်သို့ ရေပက်သည့်နှယ် ကြဲချတော့၏။

"ဝေါ ဝေါ ဝေါ"

"ဖရော ဖရော ဖရော"

"အလိုလေး ... သဲထဲ ခန္ဓာကိုယ်တစ်ဝက် မြုပ်သွားပြီ ... ဘုရား ဘုရား"

စိမ့်ဒေဝီမှာ အရှင်လတ်လတ် မြေမြှုပ်ခံရပြီဟုပင် ထင်လိုက်မိတော့၏။

မုန်တိုင်းနှင့်ပါလာသည့် သဲများသည်ကား ဦးခေါင်းကို ပဝါဖြင့် ပတ်ထားသည့်ကြားမှ အကြိုအကြားသို့ တိုးဝင်ကာ အဆုပ်လိုက် အဆုပ်လိုက် ရေဖြင့် ပက်ဖြန်းသည့်နှယ် တရစပ်ဝင်လာနေသောကြောင့် စပ်ဖျဉ်းဖျဉ်းဖြင့် အခံရခက်လှစွာ၏။





မုန်တိုင်းသည် နာရီဝက်ခန့်မျှ အဆက်မပြတ် အဟုန်ပြင်းစွာ တိုက်ခတ်နေသဖြင့် ရေမွှန်းသကဲ့သို့ မွန်းကာ အသက်ရှူပင် ကြပ်လာရလေသည်။

နာရီဝက်ကျော်လာသည့်အခါမှာမူ သဲမုန်တိုင်းသည် ပါးသည်ထက် ပါးလာကာ နောက်ဆုံး ရပ်စဲသွားပါတော့၏။

မုန်တိုင်းရပ်စဲသွားသည်နှင့် စိမ့်ဒေဝီတို့လည်း သဲထဲနစ်မြုပ်နေသည့် ကိုယ်တစ်ပိုင်းကို ပြန်ဖော်နိုင်ရန် ရုန်းကန်ကြ၊ ရုန်းထကြရလေသည်။ ဤနေရာ၌ ကြံ့ခိုင်လှသည့် စိမ့်ဒေဝီမှာ သူများထက်ဦးအောင် ရုန်းထနိုင်ခဲ့ပြီးလျှင် သဲနွံထဲ ခြေထောက်တစ်ဆုံးနီးပါး မြုပ်နေကြသည့် အစောင့်အရှောက်ယောကျ်ားသားတို့ကိုပင် သူမက ဝိုင်းကူဆွဲထူပေးရလေသည်။

ထို့နောက် သူမတို့သည် သဲတို့ကို ခါပြီးလျှင် ခေတ္တနားကြရသေးသည်။

"ကဲ ... ဒီနေရာမှာပဲ စခန်းချကြတာပေါ့။ နေလည်းဝင်တော့မယ်"

သူမတို့အုပ်စုသည် ထိုနေရာမှာပင် ရွက်ဖျင်တဲများထိုးကာ ညစာကို ချက်ပြုတ်စားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်သော် အတော်အေးစိမ့်လာသဖြင့် အစောင့်အရှောက်တို့မှာ ယမကာများသောက်ကြပြီး သဲမုန်တိုင်းတိုက်စဉ်က အဖြစ်အပျက်တို့ကို ပြန်ပြောကြရင်း ရယ်ပွဲဖွဲ့လျက်ရှိကြလေ၏။

"ဟော့ကောင်တွေ ... သခင်မလေးက မိန်းကလေးပေမယ့် အတော်သန်မာတာပဲနော်။ ငါ့ကိုများ သဲထဲက ဆွဲထူလိုက်တာ အရုပ်လေးတစ်ရုပ်ကို ဆွဲမလိုက်သလိုပဲကွ။ ငါ့ ပြောက်ပြီးပါသွားခဲ့တယ်ကွ"

"ဟား ဟား ဟား ... ငါသိပါတယ်ကွာ။ သခင်မလေးထူပေးတာကို မင်းက ဖိမ်ယူနေတာ မဟုတ်လား ... ဟား ဟား ဟား"

"ဟော့ကောင် အဒူလေး ... သခင်မလေးကြားသွားပါဦးမယ်ကွာ။ သူက ကျားသစ်မလေးလိုပဲကွ။ သူ့ကိုသွားမထိနဲ့နော်။ မင်းတို့ မီးပွင့်သွားမယ် ဘာမှတ်လဲ"

အစောင့်အရှောက်တို့၏စကားပြောသံများကို နားပါးလျှသည့် စိမ့်ဒေဝီက ရှက်ဖျင်တဲထဲ လဲလျောင်းနေရာမှ သဲ့သဲ့ကြားနေရသဖြင့် ပြုံးလိုက်မိတော့၏။





နောက်နေ့မနက်မိုးလင်းစ နှင်းမြူတို့မကွဲသေးခင်မှာပင် လမ်းပြရန်ကနားက သံလိုက်အိမ်မြှောင်ကိုကြည့်ကာ မြောက်စူးစူးအရပ်ဆီ ဦးတည်လျက် ခရီးထွက်ခဲ့ကြလေသည်။

နေအတော်အတန်မြင့်တက်လာပြီး နှင်းမြူတို့ကွဲသွားချိန်မှာ သူတို့လှည့်စုက ပေနှစ်ဆယ်ခန့်မြင့်သည့် ကျောက်တောင်တန်းတစ်ခုအနီးသို့ ရောက်ရှိသွားကြပါတော့၏။

ထိုစဉ် အရှေ့ဘက်အရပ်ဆီမှ သဲကန္တာရအပြင်ဝယ် ဖုန်ထောင်းထောင်းထနေသည်ကိုတွေ့ရပြီး ယင်းဖုန်လုံးတို့မှာ သူမတို့ရှိရာဆီသို့ ဦးတည်လာနေသည်ကို စိမ့်ဒေဝီတို့ တွေ့ရလေသည်။

"ဟိုဟာဘာလဲ ရန်ကနား"

"မြင်းတွေ လာနေတာ။ ကန္တာရဓားပြတွေပဲဖြစ်မယ်။ အားလုံးသတိထားကြ။ ကျောက်တောင်တွေနောက်မှာ ပုန်းနေကြ"

ရန်ကနားက ဟစ်အော် သတိပေးလိုက်သည်တွင် စိမ့်ဒေဝီ၏ကုလားအုတ်ကို အစောင့်အရှောက် အဒူလေးက သဲမြင်ပေါ် ဝင်လိုက်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီလည်း ကျောက်တောင်အကွယ်သို့ ပြေးကပ်လိုက်ကာ ကန္တာရဓားပြများဆီ ရှမ်းကြည့်လိုက်သည်။

အစောင့်အရှောက်တို့က ကုလားအုတ်တို့နှင့် မြင်းတို့ကို ကျောက်တောင်အကွယ်ဆီ ဆွဲခေါ်သွားကာ ပုန်းဝှက်ဖို့ ကြိုးစားကြ၏။

သို့သော် ကန္တာရဓားပြများက ခပ်ဝေးဝေးကတည်းက သူတို့ကိုတွေ့ထားပြီးဖြစ်ဟန် ရှိသည်။

သူတို့ဆီသာ မြင်းတို့ကို ဒုန်းစိုင်းစီးကာလာနေကြရာ အန္တရာယ်ကို ရှောင်လွှဲရန် လမ်းမမြင်တော့ချေ။

"အားလုံး တိုက်ခိုက်ဖို့ပြင်ထားကြတော့"

စိမ့်ဒေဝီက ပစ္စတိုကို မောင်းတင်ကာ အသင့်ပြင်ထားသလို အဒ္ဒုလေးတို့လူစုကလည်း ခါးမှာ ချိတ်ဆွဲထားသည့် ဓားကောက်တို့ကို ဖြုတ်ကိုင်လိုက်ကြသလို ပေါက်ဓားတို့ကိုလည်း အသင့်ပြင်ထားလိုက်ကြ၏။

မြင်းစီးဓားပြအဖွဲ့မှာ ဆယ်ယောက်ခန့်ရှိပြီး သူတို့တွင် ရိုင်ဖယ်သေနတ်များနှင့် ဓားကောက်ကြီးများ ပါရှိလေသည်။

သူတို့ ကျောက်တောင်များအနီး ရောက်ရှိလာသည်နှင့်





ရန်ကနားက လက်ထဲမှ ခြောက်လုံးပြူးဖြင့် စတင်ပစ်ခတ်တော့၏။

"ဒိုင်း ဒိုင်း ဒိုင်း"

ရန်ကနားပစ်သည်နှင့် စိမ့်ဒေဝီကလည်း မဆိုင်းမတွပစ်တော့ရာ ရှေ့ဆုံးမှ ဓားပြနှစ်ဦးမှာ မြင်းပေါ်မှ လွင့်ကျသွားကြပါတော့သည်။

"ပစ်"

"ဒိုင်း ဒိုင်း ဒိုင်း"

မြင်းစီးဓားပြတို့ကလည်း ချက်ချင်းတုံ့ပြန်ပစ်ခတ်ရာ တိတ်ဆိတ်လျက်ရှိသော ကန္တာရဝန်းကျင်ဝယ် ကော်ဒိုက်ယမ်းအားတို့၏ ပေါက်ကွဲသံများ ထိခိုက်နာကျင်အော်ဟစ်သံများဖြင့် ပွက်လောရိုက်သွားတော့၏။

အဒ္ဒုလေးတို့လူစုကလည်း ကျောက်တောင်ကျောက်စွယ်များ၊ အနီးသို့ရောက်လာသည့် ဓားပြတို့ကို ပေါက်ဓားတို့ဖြင့် ပစ်ပေါက်တိုက်ခိုက်ကြတော့သည်။

"ဒိုး"

"ဝှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"

တစ်ဖက်နှင့်တစ်ဖက် လွှန်စွာနီးကပ်လာပြီဖြစ်သဖြင့် ဓားပြတို့မှာ မြင်းများပေါ်မှနေ၍ ဆင်းကာ ဓားကောက်တို့ဖြင့် အတင်းဝင်ရောက် ထိုးခုတ်တော့၏။

"ချွင် ချွင် ချွင်"

"ရွပ်"

"အ"

အဒူလေးတို့လူစုကလည်း ဓားကောက်များဖြင့် ခုခံတိုက်ခိုက်ရာ ပြင်းထန်လှသည့် အနီးကပ်တိုက်ပွဲကြီး ဖြစ်ပေါ်လေတော့သည်။

"ဒိုင်း ဒိုင်း ဒိုင်း"

စိမ့်ဒေဝီက ပစ္စတိုထဲမှ ကျည်ကုန်သည်အထိ ပစ်ခတ်ပြီးသည်နှင့် ခါးတွင်ချိတ်ထားသည့် ဓားမြှောင်ကို ဆွဲထုတ်လိုက်ကာ ဓားရှည်ကိုင် ကန္တာရဓားပြကြီးအား ရင်ဆိုင်လိုက်တော့သည်။

မုတ်ဆိတ်နှုတ်ခမ်းမွေး ဖွာလပျစ်နှင့်ဓားပြခေါင်းဆောင်





က မြိုးမြိုးမြိုးမျက်နှာပေးဖြင့် သူ၏နှုတ်ခမ်းကို လျာဖြင့်သိမ်းသပ်လိုက်ရင်း ဓားကောက်ကြီးကို ဝှေ့ရမ်းကာ တရစပ် လွှဲခုတ်တော့၏။

"ဒိုး ဒိုး ဝှစ် ဝှစ်"

စိမ့်ဒေဝီက သူ၏ဓားချက်များကို ရှောင်ရင်း ဓားမြှောင်ဖြင့် ပြန်တွက်ရာ –

"ရွပ် ရွပ်"

"အ"

ဓားပြခေါင်းဆောင်၏ လက်မောင်း လက်ဖျံတို့မှာ သွေးချင်းချင်း ရဲလာတော့၏။

ထိုအခါ ဓားပြကြီးမှာ လွှန်စွာဒေါသထွက်လာပြီးလျှင် သူမကို ညှာတာမှုကင်းစွာ ထိုးခုတ်တော့သည်။

ဒေါသစာကြီးဖြင့် တိုက်ခိုက်လေ ဓားပြကြီးမှာ မှားယွင်းလေဖြစ်ကာ နောက်ဆုံး "စိမ့်ဒေဝီအား ဓားကောက်ကြီးဖြင့် ဖလွှယ်သိုင်း ခုတ်ချလိုက်သည်၌ စိမ့်ဒေဝီက ရှေ့ခြေကို တစ်လှမ်းတိုးကာ ဒူးညွှတ်လျက် ဓားချက်ကို ရှောင်လိုက်ပြီး ဓားပြကြီး၏ဆီးခုံကို ဓားမြှောင်ဦးဖြင့် တစ်ဆုံးထိုးထည့်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



''စွပ်''

''အား''

လက်ထဲမှ ဓားကောက်ကြီးလွတ်ကျသွားပြီး ဓားပြကြီးမှာ သဲပြင်ပေါ် ဦးစိုက်ကျသွားပါတော့သည်။

ခေါင်းဆောင်ကျဆုံးသွားသော်လည်း ကြမ်းကြုတ်လှသည့် ကန္တာရဓားပြတို့က တရစပ် ပြင်းထန်စွာ တိုက်ခိုက်ရာ တိုက်ပွဲကြာလာသည်နှင့်အမျှ အဖွဲ့တို့ အစောင့်အရှောက်လေးဦးစလုံး ဓားပြတို့၏ လက်ချက်ကြောင့် အသက်ပျောက်ကုန်ကြနေတော့၏။

သူမတို့ဘက်က လုံးဝအရေးနိမ့်သွားပြီဖြစ်သော်လည်း စိမ့်ဒေဝီသည် သွေးပျက်ထိတ်လန့်ခြင်းမရှိဘဲ ဓားမြှောင်လေးတစ်လက်ဖြင့် ရဲဝံ့စွာ ဆက်လက်ခုခံလျက်ရှိစဉ် –

လမ်းပြရန်ကနားမှာ ဓားပြနှစ်ဦး၏ဝိုင်းညှပ်တိုက်ခိုက်ခြင်းကို အသည်းအသန် ခုခံနေရလေသည်။

ကန္တာရဓားပြအဖွဲ့မှာလည်း လေးယောက်သာကျန်တော့ပြီး စိမ့်ဒေဝီနှင့် ရန်ကနားတို့ကို နှစ်ယောက်ကျစီဖြင့် တိုက်ခိုက်နေကြလေ၏။





ရန်ကနားသည် ဓားပြတို့အား ကြောက်ရွံ့ခြင်းကင်းစွာ ခုခံတိုက်ခိုက်ရင်း လက်မောင်းနှင့်ကျောတို့၌ ဒဏ်ရာပြင်းစွာ ရရှိသွားတော့၏။

သို့သော် သူသည် ရဲစွမ်းသတ္တိရှိသူပီပီ သူ၏နံကြားထဲ ဓားဦးထိုးသွင်းလာသည့် ဓားပြ၏လည်ပင်းကို ပက်ဓားဖြင့် ထွံခုတ်လိုက်နိုင်သလို ကျန်ဓားပြနှင့် ဓားချင်းဆိုင် အထိုးဝယ် ဓားပြကောင်၏ဓားဦးက သူ၏ဝမ်းဗိုက်ထဲ နစ်ဝင်သွားသလို သူ၏ ဓားကလည်း ဓားပြကောင်၏ဗိုက်ကို ထိုးဖောက်ဝင်ရောက်သွားပါတော့၏။

''ကဲကွာ''

''စွပ်''

''အား''

''အီး''

ရန်ကနားရော ဓားပြကောင်ပါ ဓားတန်းလန်းများဖြင့် သဲပြင်ပေါ် ပစ်လဲကျကာ ဘဝဇာတ်သိမ်းသွားကြပါတော့သည်။

ယခုအခါ ကန္တာရဓားပြနှစ်ဦးသာကျန်တော့ပြီး သူတို့က စိမ့်ဒေဝီအား နှစ်ဖက်ညှပ်ကာ တိုက်ခိုက်နေသဖြင့် သူမက



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်လျက် ခုခံနေရ၏။

သူမက နောက်ဆုတ်ရင်း သဲပြင်ပေါ်ကျနေသည့် ဓားကောက်တစ်လက်ကို ခြေဦးဖြင့် ဖျတ်ခနဲကော်တင်ကာ ဓားရိုးကို လျင်မြန်စွာ ဆုပ်ကိုင်လိုက်ပြီး ယင်းဓားကောက်ဖြင့် ကျွမ်းကျင်စွာ ခုခံတိုက်ခိုက်တော့ရာ ဓားပြနှစ်ဦးမှာ တိုက်စစ်မှ ခံစစ်သို့ ပြောင်းလိုက်ရတော့သည်။

ဓားတစ်လက်သိုင်းပညာကို ကျွမ်းကျင်လှသည့် စိမ့်ဒေဝီက လျှပ်စီးပြတ်သလို မြန်ဆန်လှသည့် ဓားချက်များဖြင့် တရစပ် တိုက်ခိုက်ကာ ဓားပြတစ်ကောင်၏လက်ကို ခုတ်ဖြတ်ချလိုက်တော့၏။

"ဝှစ်"

"ဒုတ်"

"အား"

လက်ပြတ်သွားသည့် ဓားပြကောင်မှာ သွေးရူးသွေးတန်းဖြင့် သွေးတို့ပန်းထွက်နေသည့် လက်ငုပ်တိုကို ကျန်လက် တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အော်ဟစ်ထွက်ပြေးသွားတော့၏။

ကျန်ဓားပြမှာလည်း စိမ့်ဒေဝီကို ဆက်လက်မယှဉ်ဝံ့





တော့ဘဲ မြင်းတစ်စီးပေါ် ခုန်တက်ကာ ထွက်ပြေးသွားတော့သည်။

လက်ပြတ်သွားသည့် ဓားပြမှာ ကိုက်ငါးဆယ်ခန့် ပြေးလွှားသွားပြီးနောက် သဲပြင်ပေါ် ဒူးညွှတ်ကျသွားရာမှ သွေးထွက်လွန်ကာ ဆန့်ငင် ဆန့်ငင် အတန်ကြာဖြစ်နေလေ၏။

ခဏအကြာတွင်မူ ထိုဓားပြမှာ ငြိမ်ကျသွားတော့သည်။

သွေးညှီနံ့များ ဖုံးလွှမ်းသွားသည့် ကန္တာရလွင်ပြင်ထဲမှ ကျောက်တောင်ခြေဝယ် စိမ့်ဒေဝီတစ်ဦးတည်းသာ သွေးအလိမ်းလိမ်း ပေကျံနေသည့် ဓားကောက်ကြီးကိုင်လျက် ကျန်ရစ်တော့၏။

လမ်းပြရန်ကနားရော အစောင့်အရှောက်တို့ပါ မရှိတော့သော်လည်း နောက်ပြန်ဆုတ်ရန် မဖြစ်နိုင်တော့သဖြင့် စိမ့်ဒေဝီသည် မြင်းတစ်စီးပေါ်သို့ စားရေရိက္ခာနှင့် အသုံးအဆောင်အချို့တို့ တင်ဆောင်ကာ သွေးစွန်းမြေကို စွန့်ခွာလျက် တစ်ဦးတည်း ခရီးဆက်ခဲ့ရတော့၏။

သူမသည် စိတ်မာန်ကြီးသူပီပီ တစ်ဦးတည်းခရီးနှင်ရသော်လည်း အားငယ်စိုးရွံ့ခြင်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



သူမရည်ရွယ်ထားသည့်အတိုင်း သူမ၏မိခင်ကို မတွေ့ရမချင်း ရှာဖွေရန် မြောက်စူးစူးအရပ်ဆီ သို့လိုက်အိမ်မြောင်ကိုကြည့်ကာ နှစ်ရက်နှင့်သုံးညလုံးလုံး ခရီးဆက်ခဲ့လေသည်။

ယင်းသို့ ခရီးဆက်ရာ၌ လမ်းတွင် အိုအေစစ်ကဲ့သို့ သစ်ပင်အုပ်အုပ်နှင့် ရေကန်ငယ်နှစ်ခုကို တွေ့ကြုံခဲ့ရသဖြင့် သူမရောမြင်းပါ သောက်ရေပြတ်လပ်ခြင်းဘေးမှ ကင်းစွာ ခရီးဆက်နိုင်ခဲ့လေသည်။

စိမ့်ဒေဝီသည် ယင်းသို့ ဖွဲ့နပဲကြီးစွာခရီးဆက်ရင်း ဟိုးအဝေးမြောက်စူးစူးအရပ်၌ တောအုပ်လိုလို ရေးရေးပျပျ မြင်လာရလေ၏။

ထိုတောအုပ်လိုလိုနှင့် နီးလာလေ သစ်ပင်အုပ်အုပ်တို့ကြားမှ ကျောက်သားအဆောက်အဦလိုလို အချွန်အတက်များအမိုးခုံးခုံးများကို တွေ့လာရရာ လွန်စွာ အားတက်သွားတော့၏။

''အို ရှေ့မှာ ရာဇပုတ္တရမြို့ထင်တယ်''

စိမ့်ဒေဝီသည် မြင်းကို ရာဇပုတ္တရမြို့ဆီ ဦးတည်လျက် ခပ်သွက်သွက်နှင်တော့သည်။

✲ ✲ ✲



## ကယ်တင်ရှင်

ရာဇပုတ္တရမြို့နှင့် နီးလာသည့်တွင် ဆူးချုံပင်တို့ကို စတင်တွေ့ရှိလာရပြီး ကန္တာရပင် ဆူးပင်နှင့် မြက်ခြောက်လွင်ပြင်တို့ကို ဖြတ်သန်းခဲ့ပြီးနောက်မှာမူ စိမ်းလန်းသော မြက်ခင်းပြင်ကျယ်ထဲ ရောက်ရှိသွားပါတော့၏။

စိမ့်ဒေဝီက မြင်းကို မြက်ကျွေးပြီးနောက် အဆောက်အဦအချို့ကို ပီပြင်စွာ မြင်လာရပြီဖြစ်သည့် ရာဇပုတ္တရမြို့နှင့် တစ်မိုင်ခန့်အကွာသို့ ရောက်လာချိန်ဝယ် ကျွဲတစ်အုပ်နှင့် ပက်ပင်းတိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းလွင်ပြင်ထဲ ကျက်စားနေသည့် ကျွဲအုပ်က ရာနှင့်ချီကာ များပြားလှပြီး သူမ၏မြင်းက ထိုကျွဲအုပ်၏အလယ်သို့ ရောက်မှန်းမသိ ရောက်သွားပါတော့၏။

အနီး ကျွဲအုပ်ကြီးထဲက ခပ်ရိုင်းရိုင်းကျွဲပေါက်တစ်ကောင်က နှာမှုတ်သံ တရှူးရှူးပေးရင်း မြင်း၏နံဘေးကို ချိုဖျားဖြင့် ခတ်လိုက်လေသည်။

"ရှူး ရှူး"

"ဟစ် ဟစ် ဟစ်"

မြင်းသည် ထိတ်လန့်တကြားဖြစ်သွားပြီး ဟီသံပေးကာ ပဒပ်ရပ်လိုက်လေလျှင် ကျွဲတို့သည်လည်း အထိတ်တလန့်ဖြစ်လျက် ပရမ်းပတာဖြင့် အချင်းချင်း တိုးဝှေ့ပြေးလွှားကြတော့၏။

ယင်းသို့နှယ် ကျွဲတို့ နှာမှုတ်သံတရှူးရှူးလုပ်ကာ ယောက်ယကခတ်လေ မြင်းသည် တိုး၍ လန့်လေဖြစ်လျက် ပဒပ်ရပ်လိုက် ဟီလိုက် ဟိုဟိုသည်သည် ခုန်ပေါက်ပြေးလိုက်၊ ပဒပ်ရပ်လိုက် ဟီလိုက် ဖြစ်နေတော့၏။

စိမ့်ဒေဝီသည် မြင်းစီးအတော်ကျွမ်းကျင်သောကြောင့်သာ မြင်းပေါ်မှ ပြုတ်မကျခြင်းဖြစ်ပြီး ဖုန်တထောင်းထောင်း





ထနေသည့် မြေပြင်ပေါ် ပြုတ်ကျပါကလည်း ကျွဲတို့၏ ခွာအောက်တွင် အသက်ပျောက်ယုံသာရှိတော့သည်။

သို့တိုင် မြင်းသည် ကျွဲအုပ်ကြီး၏အလယ်တွင် ဟိုသည်ပြေးလွှားကာ ခုန်ပေါက်လိုက်၊ ပဒပ်ရပ်လိုက် လုပ်နေရာ စိမ့်ဒေဝီမှာ မြင်းပေါ်မှ ပြုတ်ကျလုလု ဖြစ်လာတော့၏။

"အို ဒုက္ခပါပဲ . . . ဒီမြင်းကလည်း ဖက်သတ်လို့မရတော့ပါလား"

ထိုခဏ လုလင်တစ်ယောက်သည် မြင်းတစ်စီးကို စိုင်းနှင်ကာ ကျွဲအုပ်၏အလယ်သို့ လျင်မြန်စွာ တိုးဝင်လာပြီးလျှင် စိမ့်ဒေဝီ၏ မြင်းနှင့်ဘေးချင်းယှဉ်လိုက်ကာ သူမ၏ မြင်းပါးချပ်ကို လှမ်းဆွဲချုပ်ကိုင်လိုက်လေ၏။

ထိုအခါမှ လန့်ဖျပ်ခုန်ပေါက်နေသည့် မြင်းသည် ရပ်တန့် တည်ငြိမ်သွားပြီး ယင်းလုလင်၏ဆွဲခေါ်ရာသို့ အသာတကြည်လိုက်ပါလာတော့၏။ သို့ဖြင့် ခဏအကြာတွင် စိမ့်ဒေဝီ၏ မြင်းသည် ကျွဲအုပ်ထဲမှ ဘေးကင်းစွာ ထွက်လာနိုင်တော့သည်။

"ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ခင်ဗျား ဒုက္ခရောက်နေတာ လူမြင်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာနဲ့ ဝင်လာခဲ့တာပါ။ ဒါထက် ခင်ဗျားက တစ်ရပ် တစ်ကျေးကလာတဲ့ ဧည့်သည်ဖြစ်တယ်''

''ဟုတ်ပါတယ် ...ကျွန်မနာမည်က စိမ့်ဒေဝီပါ။ ပါတလိပုတ္တရနယ်ဘက်က လာခဲ့တာပါ''

''ဩော် ...ဟုတ်လား၊ ခင်ဗျားတစ်ယောက်တည်း ဒီကန္တာရကြီးကိုဖြတ်လာတာလား။ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်''

''ဟုတ်ပါတယ် ...အဖွဲ့နဲ့လာခဲ့တာပါ။ ဒါပေမဲ့ စိမ့်နဲ့ ပါလာတဲ့အဖွဲ့က လမ်းမှာ ဓားပြတွေတိုက်လို့ သေကုန်ပြီရှင့်။ စိမ့်တစ်ယောက်ပဲ ကံကောင်းလို့လွတ်မြောက်လာတာ''

''ဩော် ...ဟုတ်လား။ ကန္တာရဓားပြတွေရဲ့လက်ထဲက လွတ်အောင် ကြံဆောင်နိုင်ခဲ့တယ်ဆိုတော့ ခင်ဗျားက အာဂ မိန်းကလေးပဲ။ ဒါပေမဲ့''

''ဒါပေမဲ့ ...ဘာဖြစ်သလဲရှင့်''

''ခင်ဗျားကြုံခဲ့ရတာဟာ အခြားဓားပြအဖွဲ့ဖြစ်မယ်။ ကန္တာရမြွေဟောက်ရဲ့အဖွဲ့နဲ့ ကြုံရရင်တော့ ခင်ဗျားလွတ်မြောက် စရာ လမ်းမရှိဘူး''





''ကန္တာရမြွေဟောက် ဟုတ်လား။ သူက ကန္တာရဓားပြ ခေါင်းဆောင်တစ်ဦးလား''

''ဟုတ်တယ်၊ အင်မတန် ရက်စက်ကြမ်းကြုတ်သ လောက် အတိုက်အခိုက် အင်မတန် ကျွမ်းကျင်သူပဲ။ သူက ကန္တာရဓားပြတွေထဲမှာ ဩဇာတိက္ကမကြီးမားသူဖြစ်တဲ့အပြင် ဒီ ရာဇပုတ္တရမြို့မှာလည်း သူ့ကို အာခံဝံ့တဲ့သူ မရှိဘူး''

''ဟုတ်လား ...လူမိုက်ဂိုဏ်းခေါင်းဆောင်ကြီးပေါ့။ သူ့ကို ကြောက်ရတဲ့သူတွေအထဲ ရှင်ရောပါလား''

''မပါပါဘူး၊ တို့က ဒီရာဇပုတ္တရမြို့ ဇော်ဘွားကြီး ပါရီဒရဲ့သား နေမန္တပဲ။ လူဆိုးလူမိုက်ကို ဘာကြောက်စရာလိုမှာ လဲ''

''ဩော် ...လတ်စသတ်တော့ ရှင်က ဇော်ဘွားသား ကိုး''

''ဟုတ်ပါတယ်။ ဒါထက် မင်းက ကုန်သည်အုပ်စုက လား''

''မဟုတ်ဘူး''

သူနှင့် သူမတို့က မြင်းကိုယ်စီဖြင့် ခပ်ဖြည်းဖြည်းစီးကာ



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းလွင်ပြင်ကိုဖြတ်လျက် ရာဇပုတ္တရမြို့ဆီ ဦးတည်လာခဲ့ကြသည်။

စိမ့်ဒေဝီက သူ့မမိခင်၏ဓာတ်ပုံလေးကိုထုတ်ပြလိုက်ပြီး မိခင်ကိုရှာဖွေရန်လာသူဖြစ်ကြောင်း ရှင်းပြလိုက်၏။

"အဲဒါ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်က ဓာတ်ပုံပါ။ အမေ အပျိုဘဝတုန်းက ရိုက်ခဲ့တဲ့ ဓာတ်ပုံလို့သိရတယ်။ အမေထွက်သွားတုန်းက စိမ့်ဟာ နှစ်နှစ်သမီးလောက်ပဲ ရှိသေးတော့ မမှတ်မိဘူး"

"အင်း . . . ဒီဓာတ်ပုံက နှစ်တွေကြာပြီဆိုတော့ အတော်မှုန်ဝါးနေပြီ။ ပြီးတော့ ခုအချိန်မှာ အသက်လေးဆယ်ကျော်လောက်ရှိပြီမို့ လူကြီးရုပ်သွင် ဖြစ်နေပြီပေါ့။ ဒီဓာတ်ပုံထဲကနဲ့ တခြားစီဖြစ်နေမယ် ထင်တယ်"

"ဟုတ်တယ် မင်းသား။ အခု အမေ့ရဲ့ရုပ်ရည်ဟာ အဲဒီဓာတ်ပုံထဲကနဲ့ တူချင်မှတူမယ်"

"ဟင် . . . မင်း တို့ကို ဘယ်လိုခေါ်လိုက်တယ်၊ မင်းသားတဲ့တဲ့လား"

"ဟုတ်တယ်လေ . . . စော်ဘွားရဲ့သားဆိုတော့ မင်းသားပဲပေါ့"

"တော်ပါကွာ၊ အဲဒီလို ပကာသနဆန်တာတွေကို တို့ သဘောမကျဘူး။ တို့ကို နေမန္တလို့ပဲခေါ်ပါ"

"ဒါဆို နေ . . . စိမ့်ကို စိမ့်လို့ပဲခေါ်"

"ကောင်းပါပြီ၊ ဒါထက် မင်း အဲလေ စိမ့်မှာ အသိအကျွမ်းဆွေမျိုးမရှိဘဲ ဘယ်မှာတည်းမှာလဲ"

"ထမင်းဆိုင်တို့၊ တည်းခိုခန်းတို့မှာ တည်းမှာပေါ့"

နေမန္တက မိန်းမချောလေးကို စေ့စေ့စပ်စပ် လှမ်းကြည့်ရင်း ခေါင်းယမ်းသည်။

"မဖြစ်ပါဘူးကွာ၊ ရာဇပုတ္တရက ထမင်းဆိုင်မှန်သမျှဟာ အရက်ဆိုင်ချည်းပဲကွ။ တည်းခိုခန်းဆိုတာကလည်း မကောင်းတဲ့မိန်းမတွေရှိတဲ့အရပ်။ မင်းနဲ့ အဲလေ စိမ့်နဲ့ မဖြစ်ပါဘူး"

"ဟင် . . . ဒါဆို တည်းခိုဖို့မလွယ်ဘူးပေါ့"

"ဟုတ်တယ်၊ တကယ်ဆို မိန်းကလေးတစ်ယောက်တည်း ရာဇပုတ္တရကိုလာတာ အန္တရာယ်ကြီးလွန်းတယ်"

"အင်း . . . လာတုန်းကတော့ လမ်းပြရော၊ အစောင့်





ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com



အရှောက် ယောက်ျားသားတွေရှောပါတော့ သူတို့နဲ့ရောပြီး တည်းခိုရင် အဆင်မပြေနိုင်စရာ မရှိဘူးလို့ တွက်ထားတာပေါ့''

နေမန္တက အတော်နီးလာပြီဖြစ်သည့် ရာဇပုတ္တရမြို့ဆီ ငေးကြည့်နေရာမှ ထူးခြားသောအကြံကိုပေးသည်။

''ဒီလိုလုပ်ပါလား။ စိမ့်က မိန်းကလေးဆိုပေမယ့် အတော်ကြံ့ခိုင်တာပဲ။ ဒီတော့ ရာဇပုတ္တရမှာ အန္တရာယ်ကင်းအောင် ယောက်ျားလေးတစ်ယောက်လို အသွင်ပြောင်းလိုက်ပါလား''

''အင်း ... အဲဒီစိတ်ကူးကောင်းတယ်။ ရာဇပုတ္တရရောက်ရင် ယောက်ျားလေးအဝတ်အစားတွေ ဝယ်ဝတ်ပြီး ယောက်ျားလေးအသွင်ပြောင်းလိုက်မယ်။ ဆံပင်ညှပ်ဆိုင်တွေဘာတွေ ရှိတယ်မဟုတ်လား။ အဲဒီမှာ ဆံပင်ကို တိုပစ်လိုက်မယ်''

''ဟား ဟား ဟား ... စိမ့်က ရာဇပုတ္တရကို ဘာမှတ်လို့လဲ။ အဲဒီမှာ ကျားတွေချည်းပဲ သိရဲ့လား။ ကျားဆိုတာ ကျားချောင်းချောင်းနေကြစမြဲပဲ။ ရာဇပုတ္တရကို လူစိမ်းတစ်ယောက် ဒါမှမဟုတ် တစ်စုတစ်ဖွဲ့ရောက်လာတာနဲ့ ဝိုင်းပြီး အမဲဖျက်ဖို့





ချောင်းနေကြတာ။ စိမ့်လိုမိန်းမချောလေးတစ်ဦး ရောက်လာတာကိုတွေ့ရင် ချက်ချင်း သတင်းပို့သွားပြီး ဝိုင်းလာကြမှာ သိရဲ့လား။ အဲဒီအချိန်ရောက်မှတော့ ယောက်ျားလေးလို ပုံဖျက်ဖို့ကြိုးစားလည်း အပိုဖြစ်နေမှာပဲ''

''ဟင် ... ဒါဆို စိမ့်က ဘယ်လိုလုပ်ရမှာလဲ''

''စိမ့် တို့ကိုယုံကြည်တယ်ဆိုရင်တော့ ကူညီပေးလို့ရပါတယ်။ ဟောဟိုတောအုပ်ရဲ့ဘေးက လျှိုလေးထဲမှာ ရေထွက်တစ်ခုရှိတယ်။ အဲဒီမှာ သဲတွေ ဖုန်တွေနဲ့ ဒုတက်ညစ်ပေနေတဲ့ ခန္ဓာကိုယ်ကို ရေမိုးသန့်စင်လိုက်။ စိမ့် ရေချိုးနေချိန်မှာ တို့က မြို့ထဲဝင်သွားပြီး ယောက်ျားလေးအဝတ်အထည်တွေ ယူလာပေးမယ်''

မဟာနဖူးပြောင်ရှင်း ပေါ်လွင်နေအောင် ဆံပင်နက်နက်တို့ကို လုန်ဖြီးလျက် ဦးခေါင်းနောက်တွင် စုစည်းချည်ထားကာ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် ရာဇပုတ္တရသား လူချောလေးအား စိမ့်ဒေဝီက ငေးကြည့်ရင်း ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

''အဲဒီအကြံကောင်းတယ်၊ စိမ့်အတွက် ပိုပြီး အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ စိမ့်ကို ခုလို ကူညီတာ ကျေးဇူးပဲနော်'' 

''ရပါတယ်''

မြို့ကို တောအုပ်စိမ်းစိမ်းညို့ညို့တို့က ဝိုင်းပတ်ထားခြင်း ဖြစ်သည်။

နေမန္တက မြင်းကို အသားကျစီးလျက် မြို့၏တောင်ဘက်မှ တောအုပ်ထဲ ဝင်ရောက်သွားရာ စိမ့်ဒေဝီက နောက်မှလိုက်ပါသွားရ၏။

တောအုပ်ထဲမှ ချုံနွယ်ပိတ်ပေါင်းတို့ကို ကျော်ဖြတ်ပြီးနောက် လျှိုထဲဆင်းသွားသည့်လမ်းအတိုင်း ခပ်ဖြည်းဖြည်းဆင်းခဲ့ကြသည်။ လျှိုအောက်အရောက်ဝယ် စိမ့်ဒေဝီ၏ မြင်းဇက်ကြိုးကို ဆွဲကာ နေမန္တက သစ်ပင်တစ်ပင်၌ ကြိုးကိုပတ်ချိတ်ထားလိုက်၏။

''ကဲ ... မင်း ဒီမှာ ခဏနေရစ်ဦး''

သူက ပြောပြောဆိုဆိုဖြင့် သူ့မြင်းဇက်ကြိုးကိုဆွဲလျှည့်ကာ လျှိုထဲမှပြန်တက် ပျောက်ကွယ်သွားပါတော့သည်။

''အင်း ... တော်ပါသေးရဲ့။ သူတော်ကောင်းနဲ့တွေ့ပေလို့။ နေမန္တကြည့်ရတာ အတော်ရိုးဖြောင့်ပုံပဲ''





သူမအာ လျှိုထဲမှ ရေထွက်တွင် စမ်းချောင်းလေးအသွင် ဖြစ်ပေါ်နေသည်ကို တွေ့ရရာ ဝမ်းသာကြည်နူးသွားပြီး ရေဆင်းချိုးရန် ဆုံးဖြတ်လိုက်တော့၏။

အောက်ခံအုဝတ်အထည်တို့ကိုသာ ချန်ထားပြီး ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားတို့ကို ချွတ်ပစ်ပြီးလျှင် ရေထဲသို့ ဆင်းသွားတော့၏။

အေးစိမ့်နေသည့် ရေထဲ တစ်ကိုယ်လုံးစိမ်လျက် ဖိမ်ပြေနပြေ ချိုးလိုက်မှ ပင်ပန်းခဲ့သမျှတို့ ပြေပျောက်သွားကာ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာတော့၏။

သူမက အချိန်အတော်ကြီးကြာအောင် ရေကို ဖိမ်ပြေနပြေချိုးနေစဉ်မှာပင် နေမိန္ဒ လျှိုထဲဆင်းလာသည်ကို တွေ့ရ၏။

သူက မြင်းကို လျှိုထိပ်မှာထားရစ်ခဲ့ပြီး အဝတ်အစားအိတ်ကို လက်ဖြင့် ဆွဲကိုင်လျက် ခြေလျင်ဆင်းလာခြင်းဖြစ်သည်။

လျှိုထဲရောက်တော့ သူ၏အကြည့်က စမ်းချောင်းဆီရောက်သွား၏။ ထိုအခါ ရေပြင်ထဲ လည်ပင်းလေးပေါ်ရုံသာ ဖော်ထားပြီး တစ်ကိုယ်လုံးကို ရေအောက်ထဲ မြှုပ်ကွယ်ထားသည့် တိုင် ကြည်လင်သောရေလွှာထုကို ဖောက်ထွင်းလျက် ဖြူဖွေး



www.burmeseclassic.com

www.burmeseclassic.com



ကျောရှင်းနေသည့် စိမ့်ဒေဝီ၏ခန္ဓာပေဒအလှအပကို အတိုင်းသား ရှုမြင်နေရရာ နေမန္တ သက်ပြင်းမိုးရှိုက်လိုက်မိပါတော့၏။

"ဒီမှာ အဝတ်အိတ်ကို အဲဒီနားက ကျောက်တုံးပေါ်တင်ထားပြီး ရှင်က လျှိုထိပ်ပြန်တက်သွားပါနော်။ ဒါမှ စိမ့် စိတ်တိုင်းကျ အဝတ်အစားလဲဝတ်လို့ရမှာပါ"

"ဟုတ်ကဲ့၊ ကောင်းပါပြီခင်ဗျာ။ ကောင်းပါပြီခင်ဗျာ ...ဟဲ ဟဲ ဟဲ"

နေမိန္တက ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် ရယ်သွမ်းသွေးလိုက်ပြီးနောက် အဝတ်ထုပ်ကို ထားခဲ့ကာ လျှိုထဲမှ ပြန်တက်သွားတော့၏။

ထိုအခါမှ စိမ့်ဒေဝီက ရေထဲမှတက်လာပြီး အဝတ်ထုပ်ကိုဖြည်ကာ ဘောင်းဘီရှည်တစ်ထည်နှင့် ဝေ့စ်ကုတ်အကျီအညိုရောင်တို့ကို ရှပ်အကျီရှည် အနီအနက်ကြားနှင့်အတူ ဆွဲထုတ်ယူလိုက်၏။

သူမက ဘေးဘီဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးနောက် ချုံကွယ်တစ်ခုသို့သွားကာ ရေစိုအဝတ်တို့ကို ချွတ်လိုက်တော့သည်။





ပြီးမှ သက္ကလတ်ဘောင်းဘီရှည်အနက်ရောင်ကို ရှပ်အကျီလက်ရှည်နှင့် တွဲဝတ်လိုက်ပြီး အပေါ်မှ သားရေဝေ့စ်ကုတ်အကျီကို ထပ်ဝတ်လိုက်၏။

ပြီးလျှင် သူမ၏ ဆံပင်ရှည်ရှည်တို့ကို သဘက်ဖြင့် ခြောက်သွေ့အောင် သုတ်လိုက်ပြီးနောက် ဆံပင်တို့ကို ဦးခေါင်းထိပ်၌ စုဖွဲ့ချည်လိုက်၏။

ပြီးမှ သက္ကလတ်ဦးထုပ်အညိုရောင် ဖျော့ဖျော့ကို ဆောင်းလိုက်ရာ သူမ၏ရုပ်သွင်က အနောက်တိုင်း ဓာတ်ရှင်ဇာတ်ကားများထဲမှ နွားကျောင်းသား ကောင်းဘွိုင်နှင့်တူသွားပါတော့သည်။

သူမ၏ရုပ်သွင်ကို ယောက်ျားလေးတစ်ဦးအဖြစ် ပီပြင်စွာပြောင်းလဲပြီးနောက် မြင်းဇက်ကြိုးကိုဆွဲလျက် လျှိုထဲမှ ပြန်တက်တော့၏။

"ဟား ... စိမ့်က တယ်ဟုတ်ပါလား။ အနောက်တိုင်းဒိုင်စကုတ်တွေထဲက ကောင်းဘွိုင်အတိုင်းပဲ။ ဒီပုံနဲ့ဆိုရပြီ။ လာမြို့ထဲဝင်ကြမယ်"

"အင်း ... မြို့ထဲရောက်ရင် တည်းခိုလို့ သင့်မယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပါနော်။ ရှင့်ကို ကျေးဇူးအများကြီးတင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးလေ။ ညှို့သည်မိန်းကလေးပဲ ကူညီရမှာပေါ့"

ထို့နောက် သူနှင့်သူမသည် မြင်းကို အသားကျစီးလျက် ရာဇပုတ္တရမြို့ထဲသို့ ခပ်တည်တည် ဝင်လာခဲ့တော့၏။

မြို့သူမြို့သားအချို့က လက်ယာဘက်လက်ဖြင့် ရင်ဝကို ဖိလျက် မြင်းပေါ်မှ နေမန္တကို ဦးညွှတ်ကာ ဂါရဝပြုပြုသွားကြသည်ကို စိမ့်ဒေဝီ သတိထားမိလေသည်။

မြို့လေးသည်ကား အုတ်ကျောက်အဆောက်အဦတို့ဖြင့် ခမ်းနားလှပသလို မြို့သူမြို့သားတို့မှာလည်း အဝတ်အစား တောက်တောက်ပြောင်ပြောင်တို့ဖြင့် သားနားသိုက်မြိုက်စွာ ဝတ်စားတတ်ကြကြောင်း တွေ့ရလေ၏။

လှသူစည်ကားလှသည့် မြို့လယ်လမ်းတို့ကို ကွေ့ရှောင်ကာ အတန်ငယ် လူသွားလူလာနည်းဖါသော လမ်းကျဉ်းလေးတစ်ခုထဲသို့ ဝင်လာကြပြီးလျှင် အမိုးချွန်ချွန်နှင့် အုတ်တိုက်အဆောက်အဦရှေ့တွင် မြင်းရပ်လိုက်ကြရာ အဆောက်အဦ၏ ဆင်ဝင်အောက်၌ ရပ်နေသော ကောင်လေးတစ်ယောက်က ပြေး





လာပြီးလျှင် မြင်းတို့၏ပါးချပ်တို့ကိုကိုင်ကာ မြင်းတို့ကို စုတ်သပ်ချော့မြူလေ၏။

"ကျွတ် ကျွတ် ကျွတ်"

စိမ့်ဒေဝီတို့လည်း မြင်းပေါ်မှဆင်းကြပြီး အထုပ်အပိုးတို့ကိုချရာ ကောင်လေးက ဝိုင်းကူချပေးလေသည်။ ပြီးနောက် မြင်းတို့ကို မြင်းချည်တိုင်ဆီ ဆွဲခေါ်သွားကာ ချည်တိုင်၌ ဇက်ကြိုးတို့ကို ချည်ထားလိုက်လေသည်။

"ဒါ ရွှေကန္တာတည်းခိုခန်းပဲ။ မြို့ထဲက တည်းခိုခန်းတွေလောက် လှမရှုပ်ဘူး။ ဒီမှာ မင်းကို နှစ်ခုသတိပေးလိုက်မယ်။ ပထမတစ်ခုက ယောကျ်ားလေးအဖြစ် သဏ္ဌာန်လုပ် သရုပ်ဆောင် သတိထားပြီး ပိပိရိရိနေဖို့ပဲ။ ဒီမြို့မှာ ယောကျ်ားတွေက မိန်းမတွေကို အသားကင်တစ်ခု အရက်တစ်ခွက်လိုသဘောထားတာ ...၊"

ဒုတိယအချက်ကတော့ ဒီမြို့နဲ့ဝန်းကျင်မှာ ရှိနေသ၍ ကန္တာရမြွေဟောက်ကို တတ်နိုင်သရွေ့ ရှောင်ပါ။ သူနဲ့ပတ်သက်ထဲသူ၊ သူတပည့်၊ သူ လက်သပ်မွေးထားတဲ့ သူတွေရဲ့အကျႌရင်ဘတ်မှာ ရွှေနဲ့လုပ်ထားတဲ့ မြွေဟောက်ပုံလေးရှေ့တွေ ချိတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားကြတယ်။ အဲဒီလူတွေနဲ့ ပြဿနာလုံးဝမဖြစ်ပါစေနဲ့''

''နေပါဦး ... ခင်ဗျားက စော်ဘွားရဲ့သားဖြစ်နေပြီး ဒီစကားပြောရလား။ အဲဒီ ကန္တာရမြွေဟောက်ဆိုတာ လူဆိုး တစ်ယောက်ပဲဟာ။ အဲဒီလိုလူမျိုးကို အုပ်ချုပ်သူအသိုင်းအဝိုင်းက ကြောက်နေရသလား''

''တို့ကတော့ မကြောက်ပါဘူး။ ဒါပေမဲ့ ... နွားသိုးနဲ့ လူဆိုးဆိုတာ အစိုးမရဘူး။ သူက ဒီမှာရွှေတွင်းတွေပိုင်တဲ့အပြင် ရွှေတွင်းတွေကနေ ဆက်ကြေးနင့်နေအောင်ရထားတော့ လက်ဖျား ငွေသီးနေတဲ့သူ။ ဒီမြို့မှာကလည်း လူတွေက အသက်ရှူဖို့ လေမရှိရင်ရတယ်၊ ငွေရှိနေဖို့ပဲလိုတယ်လို့ ခံယူထားသူချည်းပဲ ...၊

ဒီတော့ ငွေနဲ့နေရာတကာမှာ သူက လွှမ်းမိုးထားတော့ သူ့ဩဇာဟာ နေရာတကာမှာ သက်ရောက်နေတယ်။ နေရာတကာမှာလည်း သူ့ရဲ့ ကျွေးမွေးထောက်ပံ့မှုရယူထားတဲ့ သူ့လူတွေချည်းပဲ။ ဒါကြောင့် သူ့ကို ဒီမြို့မှာ တော်ရုံလူ ဘယ်သူမှ မလှန်ဝံ့တာပဲ ...၊

ကဲ ကဲ ... တည်းခိုခန်းထဲ ဝင်ကြစို့။ ဒါထက် ... မင်း





နာမည် မှည့်ပြီးပြီလား။ ဖိုးခွေးတို့၊ ဖိုက်ပူတို့ ချက်စူတို့တော့ မလုပ်နဲ့နော်''

နေမန္တက ပြုံးစနဲ့နဲ့ဖြင့်စရာ ယောက်ျားလေးဟန်ဆောင်ထားသော်လည်း မိန်းကလေးဇာတိ မပျောက်နိုင်သေးသည့် စိမ့်ဒေဝီက မျက်စောင်းကြီး ထိုးလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျုပ်ရဲ့သူငယ်ချင်းပဲ။ ပါတလိပုတ္တရကလာတာ။ သူ့အတွက် အစွန်ခန်းတစ်ခန်းလောက် စီစဉ်ပေးလိုက်ပါ"

"ဟုတ် ... ဟုတ်ကဲ့ ... သခင်လေး"

တည်းခိုခန်းမန်နေဂျာက နေမန္တကို လေးလေးစားစား ဆက်ဆံသည့်အပြင် ဇော်ဘွားသား၏သူငယ်ချင်းဆိုသဖြင့် စိမ့်ဒေဝီကိုပါ မလေးမခန့် မပြုဝံ့ချေ။

"အပေါ်ထပ်လက်ယာဘက်အစွန်ခန်းက လေဝင်လေထွက်ကောင်းပြီး သီးသန့်လည်း ဆန်ပါတယ်ခင်ဗျ"





"ဒါ ဒါထက် ညှိသည့်စာရင်းသွင်းဖို့ နာမည်လေး တစ်ဆိတ် မစပါခင်ဗျ"

"နာမည်က ဓာဓာပါ"

"ဪ နိုး ဟုတ်ကဲ့ ဟုတ်ကဲ့"

တည်းခိုခန်းမန်နေဂျာက သော့ပေးပြီးနောက် ကျောပိုးအိတ်နှင့် ခရီးဆောင်အိတ်ကြီးကို သူ့တပည့်လေးအား လိုက်ပို့ခိုင်းလေသည်။

"ကဲ ဓာဓာ ... မင်းလည်း ခရီးပန်းလာတယ်။ ကောင်းကောင်းအနားယူလိုက်ဦး။ ကိုယ်သွားမယ်"

"ကောင်းပြီ"

နေမန္တ နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် စိမ့်ဒေဝီက အပေါ်ထပ်သို့ တက်ခဲ့တော့၏။

သူမ၏အခန်းထဲရောက်မှ တံခါးချက်ထိုးပိတ်ကာ ခေါင်းမှ ဦးထုပ်ကြီးကို ဆွဲချွတ်လိုက်ပြီး ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်တော့၏။

ပြီးမှ သတိရသွားပြီး ဘေးခန်းက ချောင်းများကြည့်လေမလားဟု စိုးရိမ်သွားကာ ဘေးနံရံတစ်လျှောက် အပေါက်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေမိသည်။

သို့သော် အခန်းနံရံမှာ ဝါးထရံဖြစ်သော်လည်း သရိုးကိုင်ကာ ဆေးအပြာနုရောင်လေး သုတ်ထားသဖြင့် လှပရှင်းလင်းလျက်ရှိပြီး မည်သည့်အပေါက်မျှ မရှိချေ။

လုံခြုံရေးအတွက် စိတ်ချရသွားမှ . . . ဆံပင်ကို ဖားလျားချကာ အိပ်ရာပေါ် လွတ်လွတ်လပ်လပ် လှဲအိပ်လိုက်တော့၏။

သို့သော ခဏအကြာတွင် တစ်စုံတစ်ဦးက တံခါးခေါက်လာလေသည်။

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

စိမ့်ဒေဝီက လေသံမာမာဖြင့် မေးလိုက်၏။

"ကျွန်တော်ပါ အစ်ကို"

ဝန်ထမ်းကောင်လေးမှန်းသိရမှ ဆံပင်ကို ပြန်သိမ်းကာ ဦးခေါင်းပေါ် ခေါက်တင်လိုက်ပြီး ဦးထုပ် ပြန်ဆောင်းလိုက်၏။

သူမက တံခါးဖွင့်ပေးလိုက်ရာ တံခါးဝ၌ လင်ပန်းဖြင့် တင်ထားသော ထမင်းအုပ်ကို တွေ့ရ၏။





"ထမင်းလာပို့တာပါ ခင်ဗျ။ သခင်လေးက ပို့ခိုင်းလိုက်တာပါ"

နေမန္တက သူမအတွက် ဂရုတစိုက်ရှိလှသဖြင့် စိမ့်ဒေဝီမှာ ကျေနပ်ကျေးဇူးတင်သွားမိတော့သည်။

စိမ့်ဒေဝီလည်း ဗိုက်ဆာဆာဖြင့် နံနက်စာကို အားပါးတရ စားလိုက်ပြီးနောက် အိပ်ရာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ပါတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## မလှပသောပွဲ

စိမ့်ဒေဝီ အိပ်ရာမှနိုးတော့ နေ့ခင်းနှစ်နာရီကျော်ပြီ ဖြစ်၏။

သူမက မျက်နှာသစ်ပြီးနောက် တည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

မြို့ထဲပိုင်းသို့ ဦးတည်လျှောက်လာရင်း မြို့နေလူထု၏ အနေအထားကို လေ့လာစူးစမ်းကြည့်ရာ ရာဇပုတ္တရသည် နယ်စွန်နယ်ဖျား သဲကန္တာရခြားသည့်ဒေသတွင်ရှိသော်လည်း ရွှေထွက်သည့်အပြင် အိမ်နီးချင်းနိုင်ငံတို့နှင့် ကူးသန်းရောင်းဝယ်မှု





ရှိသဖြင့် စီးပွားရေးကောင်းကာ အပျော်အပါး လောင်းကစားမှုတို့ ထူပြောလှဟန် ရှိလေသည်။

များသောအားဖြင့် အမျိုးသမီးတို့မှာ ဆာရီကိုသာ ဝတ်ကြသော်လည်း ယောက်ျားအများစုမှာမူ အနောက်တိုင်းဆန်ဆန် ဝတ်စားကြပြီး လမ်းပေါ်နှင့် ထမင်းဆိုင်၊ ယမကာဆိုင်တို့တွင်သာ အချိန်ဖြုန်းနေကြဟန်ရှိကာ အမျိုးသမီးတို့ကိုမူ တွေ့ရခဲလေသည်။

ယောက်ျားသားတို့သည် အချိန်ပြည့် သောက်စားမူးယစ်နေကြဟန်ရှိပြီး စကားဇာကို ကျယ်လောင်စွာပြောကာ ထမင်းဆိုင်၊ ယမကာဆိုင်တို့ထဲတွင် ဆူညံစွာ စားသောက်လျက်ရှိကြကုန်၏။

စိမ့်ဒေဝီသည် အမျိုးသားများထက် အမျိုးသမီးတို့ကို ပိုမိုဂရုထားကြည့်ပြီး ဤမြို့၏ တစ်နေရာရာ၌ သူမ၏မိခင်ကို တွေ့ရှိလိမ့်မည်ဟု ယူဆလျက်ရှိလေသည်။

သူမသည် မြို့လယ်ပိုင်းမှ ဈေးဆိုင်တန်းတို့တွင် လိုအပ်သည့် ပစ္စည်းတို့ကို လိုက်လံဝယ်ယူသည့်အခါမှာလည်း အမျိုးသမီးတို့ရောင်းသည့် ဆိုင်များ၌သာ ဝယ်ရင်း ထိုအမျိုးသမီးတို့ထဲတွင် သူမ၏မိခင်ကို တွေ့ရလေမလားဟု စူးစမ်းကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဈေးဝယ်လိုက် ဟိုလျှောက်ကြည့် ခုညည့်လျှောက်ကြည့်လိုက်လုပ်ရင်း ညစာအတွက် အသားတွေ၊ ငါးသေတ္တာဘူး၊ ပေါင်မုန့်တို့ဝယ်ကာ တည်းခိုခန်းဆီပြန်လာရာ –

လူသူအတန်ပြတ်လပ်သော လမ်းချိုးတစ်ခုဆီအရောက် အိမ်တစ်အိမ်ထဲမှနေ၍ မိန်းကလေးတစ်ဦးကို အရက်မူးနေသည့် ယောကျ်ားသားကြီးနှစ်ဦးက အတင်းအဓမ္မ ဆွဲခေါ်ထုတ်လာကြသည်ကို တွေ့ရလေသည်။

"အို လွှတ် လွှတ် ...ရှင်တို့ မတရားမလုပ်နဲ့"

သူတို့က ရုတ်ရုတ်သဲသဲဖြင့် လမ်းမဆီရောက်လာကြရာ စိမ့်ဒေဝီကိုပင် ဝင်တိုးတော့မလို ဖြစ်နေကြတော့၏။

"ကျုပ် ကျုပ် တောင်းပန်ပါတယ်။ ကျုပ် ပေးစရာရှိတဲ့ ပိုက်ဆံကို နောက်တစ်ပတ်အတွင်း ပေးပါ့မယ်။ ကျုပ်ရဲ့သမီးလေးကိုတော့ မခေါ်သွားပါနဲ့ကွယ်။ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်"

အိမ်ထဲမှ တုတ်ကောက်ကို အားပြုထောက်လျက် အသက်ကြီးကြီးလူကြီးတစ်ယောက် ကသောကမျော ထွက်လိုက်လာပြီး တောင်းတောင်းပန်ပန်ပြောသော်လည်း အဓမ္မသမား





နှစ်ဦးက မလျှော့ချေ။

"ဒီမှာအဘိုးကြီး ...ခင်ဗျား ဟိုအပတ်ပေးမယ်၊ ဒီအပတ်ကျမှပေးမယ်နဲ့ ရက်ချိန်းပေးတာ များနေပြီ၊ ဒီတစ်ခါတော့ မရတော့ဘူး။ ခင်ဗျားရဲ့ဖဲကြွေးအတွက် ခင်ဗျားရဲ့သမီးကို သိမ်းရမှာပဲ"

"လောင်း လောင်းကစားကို ခုံမင်မိတဲ့ ကျုပ်ရဲ့အမှားပါကွယ်။ ကျုပ်ရဲ့သမီးလေးဟာ အပျိုနုနုထွတ်ထွတ် အိမ်တွင်းပုန်းလေးပါ။ ကျုပ်ရဲ့မိုက်ပြစ်ကြောင့် သမီးလေးရဲ့ဘဝ မပျက်ပါရစေနဲ့။ ကျုပ်ကိုသာ သတ်သွားကြပါကွယ်၊ သတ်သွားကြပါ"

အသက်ခြောက်ဆယ်ကျော်အရွယ်လူကြီးသည် လမ်းပေါ်တွင် ဒူးနှစ်ဖက်ထောက်လျက် တောင်းပန်ရှာ၏။

အိမ်နီးဝန်းကျင်မှ လူများက ပြတင်းပေါက်တို့မှ လည်းကောင်း၊ အိမ်တံခါးဝတို့မှလည်းကောင်း လှမ်းကြည့်နေကြသော်လည်း ဝင်ရောက်ဖြန်ဖြေ တားမြစ်ခြင်း မပြုကြချေ။

"အင်း ...ပွဲကတော့ အတော်ကြည့်မလှတော့ဘူး"

မတရား မမျှတမှုကို မနှစ်သက်သည့် စိမ့်ဒေဝီ၏ ဦးနှောက်ထဲတွင် ...

www.burmeseclassic.com



မှာပင် မိန်းကလေးကို အစမ္ပဆွဲခေါ်နေသည့် လူနှစ်ဦးအနက် တစ်ဦး၏ရင်ဘတ်ကို ဆတ်ခနဲ ခြေဆောင့်တွန်းလိုက်တော့၏။

"ဟေ့လူ ဘာမတရားလုပ်တာလဲ"

ထိုလူမှာ နောက်သို့ယိုင်သွားပြီး လွန်စွာဒေါသထွက်သွားတော့သည်။

"ဟင် ... ဟေ့ကောင်လေး ... မင်းနဲ့ဘာဆိုင်လို့လဲ"

"ဘာဆိုင်ဆိုင်၊ မဆိုင်ဆိုင် ပွဲက ကြည့်မကောင်းဘူး။ ဖဲကြေးနဲ့များ အပျိုမိန်းကလေးကို သိမ်းရတယ်လို့"

ထိုလူက ပိုမိုဒေါသထွက်သွားကာ မိန်းကလေးကို လွှတ်လိုက်ပြီး စိမ့်ဒေဝီအား ဒေါသတကြီး ရင်ဆိုင်လိုက်တော့၏။

"ဟေ့ကောင် ... မင်းက ငါတို့ကို ဘာထင်လို့လဲဟင်။ ဒီမှာကြည့်လိုက်ဦး"

ထိုလူက သူ၏လက်ဝဲဘက်ရင်ဘတ်တွင် ထိုးထားသည့် မြွေဟောက်ပါးပျဉ်းထောင်နေပုံ ရွှေရင်ထိုးလေးအား လက်ယာလက်သီးဆုပ်ဖြင့် တဘုံးဘုံး ထုပြလိုက်လေသည်။

ယင်းရင်ထိုးလေးကို တွေ့လိုက်တော့ စိမ့်ဒေဝီက ပိုမိုဒေါသဖြစ်သွားတော့၏။





ထို့ကြောင့် သူမက မဲ့ပြုံးပြုံးလိုက်လေသည်။

"အဲဒါက ဘာလဲဗျ။ ပုလိပ်တပ်ဖွဲ့ရဲ့ တံဆိပ်လား။ အဲဒီနောက်တိုင်းကောင်းဘွိုင်ကားတွေမှာတော့ ပုလိပ်တွေက ရင်ဘတ်မှာ ကြယ်လိုလိုတံဆိပ်မျိုး ချိတ်ဆွဲတတ်ကြတယ်"

"ဟေ့ကောင် ... မင်းက ငါတို့ကို ရိတာလား။ ဒါ ငါတို့ဆရာ ကန္တာရမြွေဟောက်ရဲ့အထိမ်းအမှတ်တံဆိပ်ကွ"

"ဩော် ... ဟုတ်လား၊ ဒါဆို ကန္တာရမြွေဟောက်ဆိုတာ ခင်ဗျားတို့ရဲ့ဆရာပေါ့"

"အေး ... ဟုတ်တယ်"

"ဒီမှာ ကန္တာရမြွေဟောက်တံဆိပ်ကို ရင်ဘတ်မှာတပ်ထားရုံနဲ့ လုပ်ချင်တာလုပ်လို့ရတယ်လို့ မထင်နဲ့၊ အခု ခင်ဗျားတို့ရဲ့ကိစ္စက ဖဲကြွေးမဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တော့ မင်းက ဘာလုပ်ချင်လဲ"

"ဖဲကြွေးကို ဖဲဝိုင်းမှာပဲ တောင်းရတယ်ဗျ။ ပြီးတော့ ဖဲကြွေးကို ဖဲဝိုင်းမှာပဲ ပြန်ဆပ်လေ့ရှိတယ်၊ ခင်ဗျားရဲ့ဆရာကို ပြောလိုက်၊ ဒီဦးလေးအပေါ်တင်နေတဲ့ ဖဲကြွေးကို ဖဲဝိုင်းမှာ ကျွန်တော် ပြန်ဆပ်မယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူတို့နဲ့ ဘာဆိုင်လို့လဲ"

"သူက ကျုပ်ရဲ့ဦးလေးဖျ"

"ကောင်းပြီလေ၊ ဒါဆို ကြယ်နဂါးကို မင်းရဲ့ဦးလေးနဲ့ အတူ ဒီည ခုနစ်နာရီမှာလာခဲ့။ အဲဒီဝိုင်းမှာပဲ ဖဲကြေးကို အကြေ ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်လို့ကတော့ ဒီကောင်မလေးကို ငါတို့ လာသိမ်းရလိမ့်မယ်။ အဲဒါကိုမှ ငြင်းရင်တော့ ဒီအဘိုးကြီးတင် မကဘူး ... မင်းကိုပါ သတ်မယ်"

"ရတယ်လေ၊ လောလောဆယ် သူ့ကိုလွှတ်လိုက်"

မိန်းကလေးကို ဖမ်းချုပ်ထားသူက လွှတ်ပေးလိုက်၏။

"မင်း ကတိတည်စေနော်"

"စိတ်ချ"

ထိုလူနှစ်ယောက်က စိမ့်ဒေဝီကို စောင်းငန်းစောင်းငန်း ကြည့်ရင်း ထွက်ခွာသွားပါတော့၏။

မြေကြီးပေါ် လဲပြိုကျနေရာမှ မိန်းကလေးက လူးလဲထ လိုက်ပြီး စိမ့်ဒေဝီ၏ လက်မောင်းတစ်ဖက်ကို ပြေးကိုင်သည်။

"ကျေး ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ သူတို့က အခု ခေါ်သွားပြီး ညီမရဲ့ဘဝကို ဖျက်ဆီးတော့မလို့။ အစ်ကို





ဝင်ကယ်ပေလို့ပဲ"

အဘိုးကြီးက ထိုင်ရာမှ တုတ်ကောက်ကိုအားပြုထောက် ရင်း ခပ်ဖြည်းဖြည်းထသည်။

ပြီးတော့ ရှေ့သို့ တစ်လှမ်းနှစ်လှမ်းတိုးလာကာ စိမ့်ဒေဝီ ၏မျက်နှာကို ရီဝေသောမျက်လုံးများဖြင့် ကြည့်၏။

"ရှု လူကလေးက ဘယ်သူလဲ၊ ဘယ်သူလဲဟင်"

"ကျွန်တော်က ညွှေသည်ပါ။ ဇာဇာလို့ ခေါ်ပါတယ်"

"သူတို့ရဲ့ဖဲကြွေးကို လူလေးက ဖဲဝိုင်းထဲမှာ ဆပ်မယ် ဟုတ်လား။ ဘယ် ... ဘယ်လိုများ ဆပ်မှာလဲကွယ်"

"ကျွန်တော်က ဖဲသမားတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ဖဲနဲ့ပတ်သက်ပြီး ကောင်းကောင်းလေ့လာထားပါတယ်။ ဦးလေးကို အနိုင်ယူသွားတဲ့ ဖဲသမားကို ဖဲနဲ့ပဲ ပြန်နိုင်အောင်လုပ်ပြီး ကြွေး ဆပ်မှာပေါ့"

ဒုက္ခရောက်နေသည့် သားအဖနှစ်ယောက်က စိမ့်ဒေဝီ ကို အံ့အားတသင့် ငေးကြည့်နေကြလေသည်။

"ကဲ ကဲ ငါ့တူရယ် ... ခုလောလောဆယ် ဦးလေးရဲ့ သမီးလေး လူယုတ်မာတွေရဲ့လက်ထဲ မပါသွားတာပဲ ကျေးဇူးကြီး



www.burmeseclassic.com

www.burmeseclassic.com



လုံပါပြီကွယ်။ အိမ်ထဲဝင်ပါဦး အိမ်ထဲဝင်ပါဦးကွယ်''

''ဟုတ်ပါတယ် အစ်ကို၊ အိမ်ထဲဝင်ပါဦးရှင်''

သားအဖနှစ်ယောက်က သူမကို အိမ်ထဲသို့ခေါ်သွားကြ၏။ အုတ်တိုက်ငယ်လေးထဲမှ သားရေချပ်တစ်ချပ်ပေါ်တွင် စိမ့်ဒေဝီကို ထိုင်စေပြီး နွားနို့သစ်သီးယိုတို့ဖြင့် ဧည့်ခံကျွေးမွေးကြလေသည်။

''အစ်ကို စားပါ၊ သောက်ပါနော်။ ညီမရဲ့နာမည်က နာတာလို့ပါရှင်၊ အဖေက ဆာဂျေးပါ။ ညီမမှာ အမေမရှိပါဘူး။ အမေဆုံးသွားတာ သုံးနှစ်လောက်ရှိပါပြီရှင်''

''ဟုတ်ပါတယ် ငါ့တူရယ်၊ ဦးက ကုန်သည်တစ်ဦးပါ၊ အသက်လေးဆယ်ကျော်မှ အိမ်ထောင်ကျပြီး ဒီသမီးလေးတစ်ယောက်ပဲ မွေးတာလေ။ ဦးရဲ့မိုက်တွင်းနက်မှုကြောင့် စီးပွားပျက်ပြီး ခုလို ဆင်းရဲသွားရတာပါပဲကွယ်။ ဒါပေမဲ့ ခုတော့ ဦး နောင်တရပါပြီ။ လောင်းကစားမှုဆို ဘယ်လို လောင်းကစားမှုမျိုးကိုမှ ယောင်လို့တောင် မလုပ်တော့ပါဘူးကွယ်''

''ကောင်းပါတယ်၊ ဦးလေးရဲ့အဲဒီကတိကိုသာ တည်ပါစေ။ ဒါထက် ဘယ်လိုဖဲကစားနည်းမျိုးနဲ့ ဦးလေးရှုံးခဲ့တာလဲ''





''တစ်ချမ်မှောက်ပါပဲကွယ်''

''ကြေးက ဘယ်လောက်တင်လို့လဲ''

''ရူပီသုံးသောင်းပါ။ ကျုပ်မိုက်တာပါ၊ ကျုပ်မိုက်တာပါ။ သမီးလေး ကံကောင်းလို့ ဒုက္ခရောက်တော့မလို့။ အဲဒါ ကျုပ်ကြောင့် ကျုပ်ကြောင့်''

အဘိုးအိုဆာဂျေးက ပြောရင်း အသံတိမ်ဝင်သွားကာ ပါးပြင်တို့ထက်သို့ မျက်ရည်များစီးကျလာပြီး ငိုရှိုက်တော့၏။

''အဖေရယ် . . . ခေါင်းတွေမူးနေပါ့မယ်၊ မငိုပါနဲ့အဖေရယ်''

''မဟုတ်၊ မဟုတ်ဘူး သမီး။ အဖေ့ကြောင့် ငါ့သမီးလေး ဒုက္ခရောက်ရတော့မလို့။ အဲဒီကန္တာရမြွေဟောက်ဆိုတဲ့ လူယုတ်မာရဲ့လက်ထဲ ငါ့သမီးလေးရောက်သွားရင် . . . အို မတွေးဝံ့စရာပါပဲကွယ်။ မတွေးဝံ့စရာပါပဲ''

''ကဲပါ အဖေရယ် . . . ဒီက အစ်ကိုက အဲဒီလို ဒုက္ခမရောက်အောင် ကာကွယ်ပေးပြီးပြီပဲ၊ စိုးရိမ်ပူပန်မနေပါနဲ့တော့''

''မဟုတ်ဘူး၊ သမီးမသိဘူး။ အဲဒီ ဂျာကူးလစ်ဟာ အချိုးကြီးကွဲ့။ သူ့ကို ဒီညမှာ နိုင်အောင်ပြန်မကစားနိုင်ရင် အဖေ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆုံးရင်ဆုံး၊ ဒါမှမဟုတ် ငါ့သမီးလေးရဲ့ဘဝ ဆုံးရမှာကွဲ့၊ သူ့ကိုနိုင်ဖို့ မလွယ်ဘူးနော်”

“အဲဒီလိုနိုင်ဖို့ မလွယ်တဲ့သူနဲ့မှ အဖေက ဘာဖြစ်လို့ သွားကစားရတာလဲ အဖေရဲ့”

“အင်း … ဒါကြောင့် အဖေ မိုက်တွင်းနက်တယ်လို့ ပြောတာပေါ့ကွယ်”

“လောင်းကစားဆိုတာ ဘိန်းဘင်းကဖော်၊ လော်စာ အရက်လိုပဲ သူ့ကိုသွားပြီး တို့ထိမိတာနဲ့ လူကို စွဲသွားစေတယ် ကွဲ့ …၊

လောင်းကစားမှုတစ်ခုခုကို စွဲလမ်းမိသွားပြီဆိုရင် ဘဝ ပျက် သိက္ခာပျက်ရတာပါပဲ …၊

လောင်းကစားမှုမှာ ပျော်မွေ့သွားပြီဆိုရင် ရှုံးတာတွေ မြတ်တာတွေ ဘာကိုမှ မသိမမြင်တော့ဘူး သမီးရဲ့၊ လောင်း ကစားဖို့ပဲ အချိန်ပြည့် စိတ်ရောက်နေတော့တာပဲ …၊

ဒါကြောင့်လည်း လောင်းကစားမှုကို စွဲလမ်းမိသူတွေ ဟာ စီးပွားပျက် ဘဝပျက်ရတာချည်းပါပဲ …၊

လောင်းကစားမှုပြုလို့နိုင်ရင် ထပ်ထမ်နိုင်မှာပဲလို့





ထင်တတ်ကြတယ်။ ရှုံးပြန်ရင်လည်း တစ်ချိန်မှာတော့ ပြန်နိုင်မှာ ပဲလို့ မျှော်လင့်ပြီး လေ့မျောရင် လေ့နဲ့လိုက်၊ ငွေမျောရင် ငွေနဲ့ လိုက်ရာက ဘဝပျက်ရတာပါပဲကွယ် …၊

အဖေတော့ နောင်တကြီးစွာရပါပြီကွယ်။ အဲဒီနောင်တ ဟာ ငါ့သမီးလေးကို စတေးပြီးမှရတဲ့ နောင်တ မဖြစ်ပါစေနဲ့လို့ပဲ အဖေ ဆုအတောင်းကြီးတောင်းပါတယ်ကွယ်”

“ကဲပါလေ … ဦးလေး တကယ်နောင်တရတယ်ဆိုရင် ပဲ ကျွန်တော် ဒီကိစ္စထဲ ဝင်ပါရကျိုးနပ်ပါပြီ။ ဒီနေ့ညသွားရမယ့် နေရာနဲ့ ကြုံဆုံရမယ့်လူတွေအကြောင်းပဲ ဆွေးနွေးရအောင်လား”

ဤတွင် ဆာဂျေးက ယနေ့ည ဖဲကစားရန် ချိန်းဆိုထား သည့် ကြယ်နဂါး စားတော်ဆက်မှာ ကန္တာရမြွေဟောက်ပိုင် စားသောက်ဆိုင်ထဲမှ တစ်ခုဖြစ်ကြောင်း။

ယင်းစားတော်ဆက်၏အပေါ်ထပ်တွင် ဖဲဝိုင်း၊ ဂျင်ဝိုင်း စသည့် လောင်းကစားဝိုင်းမျိုးစုံရှိပြီး အရှေ့မြောက်အရပ်မှနေ၍ ဟိမဝန္တာတောင်တန်းကြီးကို ကျော်ဖြတ်လာကြသည့် တရုတ်ပိုး ထည် ကုန်သည်တို့မှာ ယင်းကစားဝိုင်းတို့တွင် ဝင်ရောက် လောင်းကစားကြမြဲ ဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုစားတော်ဆက်တွင် ဂျာကူးလစ်ဟူသည့် ဖဲဝိဇ္ဇာကြီးတစ်ဦးရှိပြီး သူက ဖဲလိမ်ရိုက်ကာ ကန္တာရမြွေဟောက်အတွက်ငွေရှာပေးနေကြောင်း။ ယင်းဂျာကူးလစ်နှင့် ယနေ့ညက်စားရမှာဖြစ်ကြောင်း ရှင်းပြလေသည်။

"ကဲပါလေ ...ဂျာကူးလစ်ကို နိုင်ပါ့မလားဆိုပြီး သောကမွားမနေကြပါနဲ့။ မနိုင်,နိုင်အောင် ကျွန်တော် ကြိုးစားမှာပါ။ ညနေခြောက်နာရီမထိုးခင် ကျွန်တော် ဒီအိမ်ဆီလာခဲ့ပါ့မယ်။ ကဲ ... ခုတော့ ကျွန်တော် ပြန်ပါဦးမယ်"

စိမ့်ဒေဝီက မိန်းမချောလေးနာတာလီတို့သားအဖကို နှုတ်ဆက်ပြီးနောက် တည်းခိုခန်းဆီ ပြန်လာခဲ့ရာ လမ်းမှာ စတိုးဆိုင်တစ်ဆိုင်တွင် ဖဲထုပ်တစ်ထုပ် ဝင်ဝယ်ခဲ့လေသည်။

သည့်နောက် သူမက ညနေသို့မရောက်မီ ဖဲဇိဇ္ဇာကြီးတစ်ဦးထံမှ လက်ထပ်သင်ကြားခဲ့ဖူးသည့် ဖဲကစားခြင်းပညာရပ်တို့ကို ပြန်နွှေးကာ ပြန်လည်လေ့ကျင့်လျက်ရှိတော့သည်။

❋ ❋ ❋



## မောဟာအမှောင်

ကြယ်နဂါးစားတော်ဆက်က မြို့လယ်ပိုင်းမှာ ရှိသည်။

စိမ့်ဒေဝီတို့ရောက်သွားတော့ မွန်းလွဲပိုင်းကတွေ့ခဲ့သည့်ကန္တာရမြွေဟောက်၏တပည့်လူမိုက်နှစ်ဦးက မပြုံးမရွှင် တင်းမာသော မျက်နှာများဖြင့် သူမတို့နှစ်ဦးကို စားတော်ဆက်၏အပေါ်ထပ်သို့ ခေါ်သွားလေသည်။

ကြယ်နဂါးစားတော်ဆက်၏ အပေါ်ထပ်ဒေါင့်စွန်းအခန်းကြီးထဲသို့အရောက်တွင် ကတ္တီပါအစိမ်းရောင် ခင်းထားသည့်စားပွဲ၌ ကုတ်အင်္ကျီအနက်ရောင် အကောင်းစားကို ဝတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လူခပ်ဝဝ တစ်ဦးက ဆေးပြင်းလိပ်ကြီးခဲလျက် သရော်ပြုံးဖြင့် စိမ့်ဒေဝီတို့ကို မထီတရီ ကြည့်နေလေသည်။

"အဲဒါ ဂျာကူးလစ်ပဲ"

ဆာဂျေးက စိမ့်ဒေဝီအနားသို့ကပ်ကာ ခပ်တိုးတိုးပြောသည်။

သူမတို့က ဂျာကူးလစ်၏ ရှေ့စားပွဲ၏တစ်ဖက်တွင် ထိုင်လိုက်ကြ၏။

"လောင်းကြေးက ဘယ်လိုလဲ"

ဂျာကူးလစ်က ယနေ့ည သူနှင့်ယှဉ်ပြိုင်ကစားမည့် စိမ့်ဒေဝီ၏ ပုံပန်းသဏ္ဍာန်ကို သိကြားပြီးဖြစ်သဖြင့် သူမကို တည့်တည့်ကြည့်ကာ မေးလိုက်ခြင်းဖြစ်သည်။

"တစ်ချပ်မှောက်ပဲဟာ လောင်းကြေးမေးနေရသေးသလား"

"ဟင်း ဟင်း ဟင်း ... ကောင်းပြီလေ။ ဒီဝိုင်းမှာလာထိုင်ရင် ရှိုးမန်းနီး (Show money) အနည်းဆုံး ရှပ်ငါးထောင်ပြရတယ်"

စိမ့်ဒေဝီက ဘာမျှမပြောဘဲ ကုတ်အင်္ကျီအိတ်ထဲမှ ရှပိ





ငါးထောင်ကို ထုတ်ကာ စားပွဲပေါ်တင်ထားလိုက်၏။

"ဟုတ်ပြီ ... ကြိုက်ပြီ၊ ကြိုက်ပြီ ... ဟဲ ဟဲ ဟဲ"

"ကဲ ... ဒါဆို စလို့ရပြီဟုတ်လား။ ဖဲထုပ်ကို စစ်လိုက်ပါဦး"

ဂျာကူးလစ်က သူ၏ရှေ့မှ စားပွဲပေါ်သို့ ရှပ်ငါးထောင်ကို တင်လိုက်ပြီးနောက် ဖဲထုပ်အသစ်ကို စိမ့်ဒေဝီ၏ရှေ့သို့ ထိုးပေးလိုက်လေသည်။

စိမ့်ဒေဝီက လက်တစ်ဖက်တည်းဖြင့် ဖဲချပ်တို့ကို ဖြန့်ချလိုက်ရာ ဖဲချပ်လေးတို့က ယပ်တောင်နှယ် အထပ်ထပ်လေးဖြစ်လျက် လှပစွာ အစီအရီဖြစ်သွားတော့၏။

သူမက ဖဲချပ်အချို့ကို အောက်လင်းဓာတ်မီးရောင်တွင် ထောင်ကြည့်လိုက်ပြီးမှ စားပွဲပေါ်ပြန်တင်ကာ ခေါင်းလေးငဲ့လျက် ဖဲချပ်တို့၏မျက်နှာပြင်ကို ကြည့်သည်။

ယင်းသို့ ကျေနပ်လောက်အောင် စစ်ဆေးပြီးမှ ဖဲထုပ်ကို နှစ်ခါသုံးခါလောက် ကုလားဖန်ထိုးလိုက်၏။

ပြီးမှ ဖဲထုပ်ကို ဂျာကူးလစ်၏ရှေ့သို့ အသာချပေးလိုက်ရာ ဂျာကူးလစ်က ဆေးပြင်းလိပ်ကြီးခဲလျက်မှ မဲ့ပြုံးလှောင်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်း ဖဲထုပ်ကို ကောက်ကိုင်ကာ သုံးလေးကြိမ်ခန့် ကုလားဖန်ထိုးလိုက်၏။

ပြီးလျှင် ဖဲချိုးရန် ပန်းကန်ပြားလေးပေါ်သို့ ဖဲချပ်အထပ်လိုက်လေးကို အသာတင်ပေးလိုက်လေသည်။

စိမ့်ဒေဝီက ဖဲထုပ်ကို အသာချိုးလိုက်သည်။

ဂျာကူးလစ်က မဲ့ပြုံးပြုံးလျက် ဖဲချပ်တစ်ချပ်ချင်း စိမ့်ဒေဝီ၏ရှေ့နှင့် သူ့ရှေ့သို့ ခပ်ဖြည်းဖြည်း ဝေလိုက်၏။

ပထမဖဲချပ်တို့ကို မှောက်လျက်ဝေပြီး ဒုတိယဖဲချပ်တို့ကို လှန်လျက်ဝေသည်။

စိမ့်ဒေဝီ၏ရှေ့မှ ဖဲချပ်က ညွင်း ၁၀ ဖြစ်သည်။

ဂျာကူးလစ်၏ရှေ့ရှိ ဖဲချပ်က စပိတ် ၁ ဖြစ်၏။

စိမ့်ဒေဝီက သူမ၏မှောက်ထားသော ဖဲချပ်ကို လှန်မကြည့်ဘဲ ဂျာကူးလစ်၏လှုပ်ရှားမှုတို့ကိုသာ မမိုတ်မသုန် စိုက်ကြည့်နေသည်။

ပြီး . . . သူမက ရွှေပိငါးထောင်လုံးကို ရှေ့သို့တွန်းပို့လိုက်ရာ ဂျာကူးလစ်မှာ မျက်ခုံးပင့်သွားမိတော့၏။

သူက ပခုံးကို မသိမသာ တွန့်လိုက်ပြီး သူ၏မှောက်ထားသော ဖဲချပ်ကို အသာလေးလှန်ကာ ချောင်းကြည့်လိုက်သည်။





သူ၏မျက်နှာကြီးက ဝင်းလက်သွားပြီး သူ့ရှေ့မှ ရွှေပိငါးထောင်ကို ရှေ့သို့ တွန်းပို့လိုက်တော့၏။

ငွေကို ခေါက်ပြတ်တင်ပြီးကြပြီမို့ ကျန် ဖဲသုံးချပ်စီကို ခပ်ဖြည်းဖြည်းဝေသည်။

နောက်ထပ် ဟတ် ၁ တက်လာသောအခါ ဂျာကူးလစ်၏မျက်နှာတွင် အပြုံးပန်းတို့ ဝေသွားတော့၏။

ကြည့်ဦးနောက် ဖဲနှစ်ချပ်ကလည်း ဂျက်နှစ်ချပ်ဖြစ်နေသည်။

စိမ့်ဒေဝီ၏နောက်တက်ဖဲချပ်တို့က ဒိုင်းမွန်း ၁ နှင့် ဟတ် ၁၀ စပိတ် ၁၀ တို့ဖြစ်သည်။

"ကျုပ်ရဲ့အောက်ဖဲကို လှန်မကြည့်ရသေးဘူး။ နောက်ထပ် ပိုက်ဆံထပ်တင်ရင် လက်ခံမလား"

ဂျာကူးလစ် မျက်လုံးပြူးသွားသည်။ ထိုခဏမှာပင် သူ၏မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ဖြင့် ခံ့ညားနေသည့် မျက်နှာကြီးပေါ်ဝယ် ဇဝေဇဝါ သက်ာမကင်းရိပ်တို့ ဖြတ်သန်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက် ခပ်လှမ်းလှမ်းတွင် ရပ်နေကြရသည့် သူလူလေးဦးကို ခေါင်းငုံ့ကြည့်လိုက်ပြီးနောက် မှိုင်ပြုံးပြုံးလိုက်၏။

"လက်ခံတယ်"

"ကောင်းပြီ ... ငွေတော့မပါတော့ဘူး။ ဟောဒါကို လောင်းကြေးအဖြစ် တင်တယ်"

စိမ့်ဒေဝီက ရဲရဲတောက်နေသည့် ပတ္တမြားလေးကို စားပွဲခင်း စိမ်းစိမ်းပေါ် တင်လိုက်သည်။

ဂျာကူးလစ် မျက်လုံးပင့်လိုက်ပြန်ပြီး ပတ္တမြားလေးကို လက်ယာလက်ညှိုး လက်မတို့ဖြင့် ညှပ်ယူကာ အောက်လင်းမီးရောင်ဝယ် ထောင်ကြည့်လိုက်၏။

"ဒါ သိန်းချီတန်တဲ့ ပတ္တမြားပဲ။ အဲဒီလောက်ငွေတော့ ကျုပ် လက်ခံလို့ မရဘူး"

"ကျုပ်မှာလည်း လောင်းကြေးတင်စရာ ဒါပဲ ရှိတယ်"

"ဒီတော့ ဒီလိုလုပ်လေ၊ ဟောဒီပတ္တမြားကို လောင်းကြေးအဖြစ် တင်မယ်။ ကျုပ်ရှုံးရင် ဒီပတ္တမြားကို ခင်ဗျားယူလိုက်"

"ကျုပ်နိုင်ရင် ခင်ဗျားဘက်က ရှုဘီသုံးသောင်းပဲပေး။





အဲဒီငွေကိုလည်း လက်တွေ့ပေးစရာမလိုပါဘူး။ ဟောဒီဦးလေးဆာဂျေးအပေါ် တင်နေတဲ့ ဖဲကြွေးသုံးသောင်းကို လျော်ပေးလိုက်ဖို့ပါပဲ"

"ဘာယ့်နှယ်လဲ ... ခင်ဗျား သွေးရဲတယ်ဆိုရင်ပေါ့"

"ဘာ"

ဂျာကူးလစ်သည် အတော်ကြီးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။ သူက မှောက်ထားသည့် သူ့ဖဲကို မယုံသလို အသာလှန်ကြည့်လိုက်သေးသည်။

အမြင်အရ သူက လုံးဝသာနေသည်။ လောင်းကြေးအရလည်း သူက သုံးဆသာနေ၏။ ပြီးတော့ သူ့ကိုစိန်ခေါ်နေသည့် ကောင်လေးက မှောက်ထားသောဖဲချပ်ကို လုံးဝလှန်မကြည့်ရသေးသည်ကို သူသိ၏။

စိမ့်ဒေဝီက ချိုတုံ့ချတုံ့ဖြစ်နေသည့် ဖဲဝိုင်းရှင်ကြီးဂျာကူးလစ်၏ အဆီပြန်နေသော မျက်နှာပြုံပြုံကြီးကို လှောင်ပြုံးဖြင့် ကြည့်လိုက်လေသည်။

သူမက လက်ထဲမှ ပတ္တမြားနီနီလေးကို စားပွဲပေါ် ပြန်တင်ပေးလိုက်ရာ ဂျာကူးလစ်သည် လောဘရမ္မက်မီးတောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးပြူးပြူးကြီးများဖြင့် ပတ္တမြားကို စိုက်ကြည့်လိုက်ပြီးနောက် –

"ကောင်းပြီ ... မင်းရဲ့လောင်းကြေးကို ကျူပ်လက်ခံတယ်"

"ဟုတ်ပြီ ... ဒါဆို ခင်ဗျားရဲ့ဖဲကို အရင်ပြ"

"ဒီမှာ"

ဂျာကူးလစ်က မှောက်ထားသည့် ဖဲချပ်လေးကို လှန်ပြလိုက်၏။

သူ့ဖဲက ၁–သုံးလုံးနှင့် ဂျက်နှစ်လုံး ဖြစ်သည်။

အမြင်မှာ ဆယ်သုံးလုံးသာ ပူးထားသည့် စိမ့်ဒေဝီ၏ဖဲက House full ဖြစ်နေသော ဂျာကူးလစ်၏ဖဲကို နိုင်ဖို့ တစ်ချပ်တည်းသောဖဲကိုသာ အားကိုးရတော့မည် ဖြစ်သည်။

ထိုဖဲမှာ ၁၀ ဒိုင်းမွန်းဖြစ်၏။

ဂျာကူးလစ်က လက်ကျန်ဖဲထုပ်ကို စားပွဲပေါ်တွင် ဖြန့်ကြည့်လိုက်၏။

"ဟာ ... သေရော"

"ဖြန်း"





ယင်းဖဲချပ်တို့ထဲတွင် ပျောက်ဆုံးနေသည်က ဒိုင်းမွန်း ၁၀ ပဲ ဖြစ်သည်။

ကိုယ့်နဖူးကိုယ်ရိုက်လိုက်သည့် ဂျာကူးလစ်ကို လှောင်ပြုံးဖြင့် ပြုံးကြည့်ရင်း စိမ့်ဒေဝီက သူမ၏ရှေ့မှ မှောက်ထားသော ဖဲချပ်လေးကို အသာလှန်ပြလိုက်လေသည်။

ယင်းဖဲချပ်လေးသည်ကား ဒိုင်းမွန်း ၁၀ ပင် ဖြစ်ပါတော့သတည်း။

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်။ ခုဆို ကျူပ်အပေါ်တင်နေတဲ့ ကန္တာရမြွေဟောက်ရဲ့ ကြွေးမြီတွေမရှိတော့ဘူး။ ပျော်လိုက်တာကွာ ပျော်လိုက်တာ"

အပျော်ကြီးပျော်နေရှာသည့် ဆာဂျေးက စိမ့်ဒေဝီ၏ပခုံးကို ဖက်လျက် တစ်လမ်းလုံး ကျေးဇူးစကားပြောလိုက်၊ ပျော်ရွှင်စွာ ရယ်မောလိုက်ဖြင့် ကလေးလေးတစ်ယောက်နှင့်ပင် တူသေးတော့သည်။

"အင်း ... ပျော်တာလည်း ပျော်ပေါ့ဗျာ။ ဒါပေမဲ့ ဦးလေး ပေးထားတဲ့ကတိကိုတော့ လုံးဝမဖျက်နဲ့နော်"

"စိတ်ချပါကွာ၊ စိတ်ချပါ။ ဒီလောက် လူတွေကို မေ့သာ



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ဖုံးစေပြီး ကောင်းကျိုးမပေးတဲ့ လောင်းကစားကို ရှေ့မီး လိုသဘောထားပြီး ဝေးဝေးကရှောင်ပါ့မယ်ကွာ''

သူတို့နှစ်ယောက်သား မြို့လယ်ပိုင်းမှနေ၍ မြို့စွန်ဘက် လျှောက်လာကြစဉ် မြင်းခွာသံများ ကြားရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

မြင်းနှစ်စီးက လူလေးယောက်ကိုတင်ပြီး သူတို့ရှိရာသို့ အပြင်းနှင်လာခြင်း ဖြစ်သည်။

အန္တရာယ်၏ အငွေ့အသက်ကို ခံစားလိုက်ရသလို ရှိသဖြင့် စိမ့်ဒေဝီက ဆာဂျေးအား လမ်းဘေးမှ သစ်ပင်တစ်ပင်၏နောက်သို့ တွန်းပို့လိုက်၏။

သူမကိုယ်တိုင်ကလည်း အပြင်းနှင်လာနေသည့် မြင်းတို့ကို သတိဖြင့် ရပ်စောင့်ကြည့်နေလိုက်လေသည်။

မြင်းနှစ်စီးက သူမအနီးအရောက်တွင် ဖက်သတ်ရပ်သွားကြပြီး မြင်းပေါ်မှ ခေါင်းစွပ်နက်စွပ်ထားသည့် လူလေးဦးက ခုန်ဆင်းလိုက်ကြ၏။

သူတို့က ကျောတွင်လွယ်ထားသည့် ဓားရှည်တို့ကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်ကြလေသည်။





''ဟှော့ကောင်လေး ...မင်း ငါတို့လိုချင်တာကို ပေးမလား၊ ဒီနေရာမှာပဲ အသတ်ခံမလား၊ ပြော''

''မင်းတို့က ဘာလိုချင်တာလဲ''

''မင်းရဲ့လက်ထဲက ပတ္တမြားပဲ''

''ဩော် ...ဒါလား၊ ဘာလဲ အဲဒီပတ္တမြားကိုရအောင်ယူခဲ့ဖို့ မင်းတို့ကို ဂျာကူးလစ်ဆိုတဲ့ ဖဲသမားကြီးက ခိုင်းလိုက်တယ်ပေါ့ ဟုတ်လား။ ဖဲမနိုင်တော့ လုတဲ့သဘောပေါ့လေ ဟုတ်လား။ ဟား ဟား ဟား ...ကျလည်းကျတဲ့လူတွေ''

''ဟှော့ကောင်လေး ဘာတွေလျှောက်ပြောနေတာလဲ။ ငါတို့က ဂျာကူးလစ် ခိုင်းတိုင်းလုပ်မယ့် ကောင်တွေလား ...ထွီ''

''ဩော် ...ဒါဆို မင်းတို့ကို ကန္တာရမြွေဟောက်ဆိုလား၊ ကန္တာရရေမြွေဆိုလား၊ အဲဒီဆရာကြီးက လုယက်ခိုင်းလိုက်တယ်ပေါ့ ဟုတ်လား''

''တောက် ...စော်ကားလိုက်တဲ့ကောင်ကွာ''

''ကြာတယ် ...ခုတ်ကွာ''

ဓားသမားတို့က သူမကို ဝိုင်းလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . မင်းတို့ ငါ့ကို အခုသတ်လိုက်လို့ကတော့ ပတ္တမြားရမယ်မထင်နဲ့။ ငါ့ကို မင်းတို့ခုတ်လိုက်တာနဲ့ ဟောဒီ ငါ့လက်ထဲက ပတ္တမြားကို ဟိုးအဝေးကြီးက ချုံတွေထဲ လွှင့်ပစ်လိုက်ပြီသာမှတ်"

"ဟာ ဟာ ဟာ . . . ဟော့ကောင်။ အဲဒီလိုမလုပ်နဲ့။ ပေး ပေး . . . အဲဒီပတ္တမြားပေးကွာ။ အဲဒါမပါဘဲ ငါတို့ပြန်လို့မဖြစ်ဘူး"

"အေး . . . အဲဒါဆို ပတ္တမြားကို အေးအေးဆေးဆေးယူပြီး မင်းတို့ပြန်။ လူကို ဘာမှအန္တရာယ်မပြုနဲ့"

"ကောင်းပြီ . . . အန္တရာယ်မပြုဘူး။ ပတ္တမြားသာ ငါတို့ကိုပေး"

စိမ့်ဒေဝီက ပတ္တမြားကို ရှေ့ဆုံးမှလူ၏လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ခေါင်းစွပ်နက်လေးယောက်တို့က ပတ္တမြားကိုရသည်နှင့် မြင်းပေါ် ပြန်လည်ခုန်တက်သွားကြပြီး အသော့နှင်ကာ ထွက်ခွာသွားပါတော့၏။

ထိုသူတို့ ထွက်ခွာသွားမှ လမ်းဘေးမှောင်ရိပ်ထဲ ဝင်ပုန်း





နေသည့် ဆာဂျေးထွက်လာသည်။

"ငါ ငါ့တူ မင်းရဲ့တစ်သိန်းကျော်တန်တဲ့ ပတ္တမြားကြီး ပါသွားပြီပေါ့။ ဟုတ်လား။ နှမြောစရာကောင်းလိုက်တာကွာ"

"ဟား ဟား ဟား . . . မနှမြောနေပါနဲ့ ဦးလေးရဲ့။ ပတ္တမြားက ဒီမှာပါ"

ဆာဂျေးက မှောင်ရိပ်ကျကျထဲမှာပင် နီစွေးရှန်းလဲ့နေသည့် ပတ္တမြားလေးကို အံ့အားတသင့် ကြည့်နေသည်။

"ဟာ . . . ပတ္တမြား မပါသွားဘူးလား"

"ပါသွားပါတယ်။ ဒါပေမဲ့ . . . အဲဒီဝိသမလောဘသားတွေရဲ့လက်ထဲ ပါသွားတာက ပတ္တမြားအတု ချက်ကျောက်ကြီးပါ"

"ဟော . . . ဟုတ်လား။ ကျလည်းကျပါ့ကွာ . . . ဟား ဟား ဟား"

"စောစောက ဖဲဝိုင်းမှာတုန်းကလည်း ပထမစပြတုန်းကတော့ ပတ္တမြားအစစ်ပါပဲ။ နောက် လောင်းကြေးတကယ်တင်တော့ ပတ္တမြားအတုနဲ့ တင်ခဲ့တာလေ။ မပိုင်လား . . . ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ... ပိုင်ပ ပိုင်ပကွာ... ဟား ဟား ဟား"

"အဲ ဒါ့ထက် အဲဒီပတ္တမြားဟာ အဆုံကြီးမှန်း ကန္တာရ မြွေဟောက် သိသွားရင်တော့ မိုးမီးလောင်မှာပဲဟေ့"

"တက်ပြီးတောင် သေသွားနိုင်တယ်ဗျ ... ဟား ဟား ဟား ဟား"

✲



"ဒေါက် ဒေါက် ဒေါက်"

နောက်နေ့နံနက်စောစောမှာပင် တံခါးခေါက်သံ ကြားရသဖြင့် အိပ်ပျော်နေရာမှ လူးလဲထကာ ဆံပင်ရှည်ရှည်ကို နောက်လှန်ဖြီးလိုက်ပြီး ဦးခေါင်းနောက်တွင် သားရေကွင်းနှင့်စည်းကာ ပိုနီတေးပုံစံပြင်ပြီးမှ တံခါးချက်ကို ဖွင့်ရန်ဟန်ပြင်ရ၏။

"ဒေါက် ဒေါက် ဒေါက်"

"ဘယ်သူလဲ"

"နေမန္တပါ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီက တံခါးကို ချက်ချင်းဖွင့်ပေးလိုက်သည်။

တံခါးဝတွင် ပေါ်လာသည့် နေမန္တလေး သူမကို စူးစူးရဲရဲ စိုက်ကြည့်နေရင်းမှ သံပြတ်ဖြင့် ပြော၏။

"အခု ကိုယ်နဲ့ လိုက်ခဲ့။ ပြောစရာရှိလို့"

"ဒါဆို အောက်ထပ်ကနေ ခဏပဲစောင့်"

"ဟုတ်ပြီ"

သူမ မျက်နှာသစ်ပြီး ဆံပင်ရှည်ရှည်ကို ကုတ်ဝဲသာသာ ဖြတ်လိုက်၏။ ထို့နောက် အဝတ်အစားလဲကာ သက္ကလတ်ဦးထုပ် ဆောင်းလျက် အောက်ထပ်သို့ဆင်းလာတော့ နေမန္တက ညွှေ့ခန်းထဲ ထိုင်နေရာမှထကာ တည်းခိုခန်း၏ ပြင်ပသို့ ထွက်သွားသည်။

စိမ့်ဒေဝီက သူနောက်မှလိုက်ပါသွားရာ တည်းခိုခန်းနှင့် ဝါးနှစ်ရိုက်ခန့်အကွာတွင် ရထားလုံးတစ်စီးရပ်ထားသည်ကို တွေ့ရ၏။

နံနက် အရုဏ်ကျင်းခဲ့ပြီဖြစ်သော်လည်း နှင်းမြူတို့က ဖွေးဖွေးလှုပ်ကျနေဆဲ။

ရထားလုံးဆီရောက်သည်တွင် နေမန္တက သူမကို ရထားလုံးအပေါ် တက်စေပြီး သူပါတက်သည်။





ရထားလုံးအိမ်ထဲ သူနှင့်သူမတို့ရောက်ရှိပြီးသည်နှင့် ရထားလုံး မောင်းသမားက ကြာပွတ်သံတစ်ချက်နှစ်ချက် ပေးကာ ရထားလုံးကို ခပ်ဖြည်းဖြည်းထွက်စေသည်။

"စိမ့် မင်းကိုယ်မင်း ဘာတွေလုပ်နေသလဲဆိုတာ သိလား"

"စိမ့်က ဘာလုပ်လို့လဲ"

"ပင်လယ်မြွေဟောက်ရဲ့ကြေးကိစ္စကို မင်း ဝင်ပြီးရှင်း ပေးလိုက်တယ်ဆို"

"ဟုတ်တယ်လေ၊ သနားစရာသားအဖကို ကယ်ချင်လို့ပါ"

"အဲဒီအကြောင်းတွေအားလုံးကို ကိုယ်သိပြီးပြီ။ မင်းရဲ့ လုပ်ရပ်က ပုရွက်ဆိပ်အုံကို တုတ်နဲ့ထိုးလိုက်သလိုပဲ တစ်ပြုံတစ်မ အုံကြွလာတော့တာပါပဲ"

"ဘယ်သူက တစ်ပြုံတစ်မ အုံကြွတာလဲ။ ကန္တာရ မြွေဟောက်တို့လူစုလား"

"ဟုတ်တယ် ... မနေ့ညက သူ့တပည့်တွေကို မင်း တွေ့မြားအတူ ပေးလိုက်တယ်ဆို"

www.burmeseclassic.com





"ဟုတ်တယ်လေ"

"အေး . . . အဲဒီကိစ္စအတွက်နဲ့ ကန္တာရမြွေဟောက်ရဲ့ အုပ်စုတော့ အတော်ပေါက်ကွဲပြီး ယောက်ယက်ခတ်နေကြတယ် တဲ့ . . .၊

သူတို့အုပ်စုကို ပတ်သွားတာခံလိုက်ရလို့ ကန္တာရမြွေဟောက်က ဒေါသူပုန် အကြီးအကျယ်ထပြီး မင်းကို မြေလှန်ရှာဖွေဖို့ သူ့တပည့်တွေကို စေခိုင်းတာဝန်ပေးနေတယ်လို့ သတင်းရတယ်ကွ။ အေး တွေ့ရင်တော့ မင်းကို ချမ်းသာပေးမှာမဟုတ်ဘူး။ ဒီတော့ မင်း အပြင်သိပ်မထွက်ဘဲ တည်းခိုခန်းထဲမှာပဲ အောင်းနေစေချင်တယ် . . .၊

ပြီးတော့ ကိုယ်နဲ့တိုက်ရိုက်မပတ်သက်တဲ့ကိစ္စတွေမှာ ဝင်မပါစေချင်ဘူး။ ကိုယ် အတန်တန်သတိပေးထားတဲ့ကြားက ခုတော့ ကန္တာရမြွေဟောက်နဲ့ သွားငြိနေပြီ"

"ဒါကတော့ မတော်မတရားလုပ်နေတာကို မျက်စိရှေ့မှာ တွေ့ရလို့ ဝင်ပါဖြစ်သွားတာပါ"

"အင်း . . . အဲဒါမျိုး ထပ်မဖြစ်စေချင်ဘူး။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဒီလိုသာပါနေရင် မင်းရဲ့အမေကို မတွေ့ရခင်မှာ ဒုက္ခလှလှကြီးဖြစ်သွားနိုင်တယ်"

"အင်းပါ . . . ခုလိုသတိလာပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့မလိုပါဘူး။ ကိုယ်ကတော့ မင်းအတွက် အရမ်းစိတ်ပူမိနေတာ အမှန်ပဲ"

"နေပါဦး . . . ရှင်က စိမ့်အတွက် ဘာဖြစ်လို့ ဒီလောက်တောင် ပူပန်နေရတာလဲ"

"အင်း . . . မှန်တာပြောရရင် ကိုယ် မင်းကို ချစ်မိနေပြီထင်တယ်။ အဲဒီလိုချစ်မိလို့လည်း စိုးရိမ်ပူပန်မှု လွန်ကဲတာလည်း ဖြစ်မှာပေါ့"

"အို . . . ရှင်ကလည်း ဘာတွေလာပြောနေမှန်း မသိဘူး။ ကဲ . . . ပြောချင်တာပြောပြီးပြီ မဟုတ်လား။ ရထားလုံးကို ရပ်ခိုင်းလိုက်တော့၊ စိမ့် ဆင်းတော့မယ်"

"နေပါဦးလေ . . . တို့ ပြန်လိုက်ပို့ပါ့မယ်"

သို့ဖြင့် နေမန္တက ရထားလုံးကို တည်းခိုဆောင်ရှိရာသို့ ပြန်လှည့်မောင်းနှင်စေလိုက်သည်။

❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

စိန်ခေါ်ပွဲ

ပျောက်သောသူ့ရှာလျှင်တွေ့

လျှို့ဝှက်လမ်း

ကိုယ်ပွားရတနာ

လွတ်မြောက်သူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## စိန်ခေါ်ပွဲ

ရွှေကန္တာတည်းခိုခန်းနှင့် ခပ်လှမ်းလှမ်းလမ်းကွေ့ တစ်နေရာတွင် ရထားလုံးကို ရပ်လိုက်စေပြီး –

"ကဲ . . . ပြန်ပေဦးတော့ စိမ့်၊ ကိုယ်ပြောတဲ့အချက်နှစ်ချက်ကို မမေ့နဲ့နော်။ အခန်းပြန်ရောက်ရင် နဖူးပေါ်လက်တင်ပြီး အဲဒီအချက်နှစ်ချက်အတွက် စဉ်းစားခန်း ဝင်ပေရော့"

"အချက်နှစ်ချက် ဟုတ်လား"

"ဟုတ်တယ်လေ၊ ပထမအချက်က မင်းရဲ့အမေကို ရှာဖို့သည်သာ အဓိကဖြစ်တယ်။ ကိုယ်နဲ့တိုက်ရိုက်မပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြသနာတွေမှာ ဝင်မပါပါနဲ့ဆိုတာလေ''

''နောက်တစ်ချက်ကရော''

''မင်းကို ကိုယ်ချစ်နေတယ်ဆိုတာလေ''

''သွား''

စိမ့်ဒေဝီက ပြုံးစနဲ့နဲ့ အမူအရာဖြင့် မျက်စောင်းကြီးထိုးပစ်ခဲ့ပြီး ရထားလုံးပေါ်မှ ဆင်းလိုက်၏။

နေမန္တက ရထားလုံး၏တံခါးကို ပြန်ပိတ်ကာ မောင်းထွက်စေပြီး သူမကို လက်ပြသွားသည်။

စိမ့်ဒေဝီက ရပ်လျက် ရထားလုံးကို ငေးကြည့်ကျန်ရစ်၏။ ထိုစဉ် ရထားလုံးတစ်စီးက သူမ၏ဘေးသို့ ခြူသံ တချွင်ချွင်ဖြင့် ရုတ်တရက် ရပ်လာပြီး –

ရထားလုံးထဲမှ လူသုံးဦးဆင်းလာသည်။ ထိုထဲမှ တစ်ဦးကို ကြယ်နဂါးစားတော်ဆက်အပေါ်ထပ်တွင် တွေ့ဖူးကြောင်း စိမ့်ဒေဝီ အမှတ်ရလိုက်သည်။

ကုတ်အင်္ကျီရှည်ကြီးများဝတ်ထားသည့် ထိုလူသုံးဦးက လက်ထဲမှ ပစ္စတိုသေနတ်မည်းမည်းလေးများဖြင့် သူမကို ချိန်ထားကြ၏။





အနီးဆုံး အိမ်တစ်အိမ်၏ပြတင်းပေါက်တွင် ရပ်နေသူက လမ်းပေါ်မှ မြင်ကွင်းကိုတွေ့တော့ ပြတင်းပေါက်ဘေးသို့ ကွယ်ဝှက်ပုန်းလိုက်သည်။

လမ်းသွားလမ်းလာနှစ်ဦးက သေနတ်ကိုင်လူများနှင့် ဝေးရာသို့ ခပ်သုတ်သုတ် ခပ်ကုပ်ကုပ် လစ်ပြေးသွားကြ၏။

ဤမြို့ဝယ် ဤသို့သောမြင်ကွင်းမျိုးက အဆန်းတကြယ် မရှိလှချေ။ တွေ့သူမြင်သူတို့က ဝင်ရောက်ဖြန်ဖြေကူညီဖို့ လုံးဝ မစဉ်းစားကြဘဲ ကိုယ်လွတ်ရုန်းရန်သာ လုံ့လပြုကြစမြဲ။

''တက် ရထားလုံးပေါ်တက်စမ်း''

စိမ့်ဒေဝီက သေနတ်သမားတို့ကို ထီမထင်သည့် မျက်ဝန်းတို့ဖြင့်ကြည့်ကာ နှုတ်ခမ်းကိုမဲ့လိုက်၏။

''ဘာဖြစ်လို့ တက်ရမှာလဲ''

''မင်းကို ငါတို့ရဲ့ဆရာ ကန္တာရမြွေဟောက်က တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တယ်''

''ဩော် ... ဒီလိုလား။ ခင်ဗျားတို့ရဲ့ဆရာက တော်တော် ညံ့ကျိုးပါလား။ တွေ့ချင်လို့ခေါ်ခိုင်းရင် ယဉ်ယဉ်ကျေးကျေးခေါ်ခိုင်း ခင်ဗျားတို့ကို မမှာလိုက်ဘူးလား။ ကျုပ်က သေနတ်နဲ့ချိန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကိုမကြိုက်ဘူး''

သေနတ်သမားများမှာ စိမ့်ဒေဝီ၏စကားကြောင့် အယောင်ယောင်အမှားမှားဖြစ်၍ သေနတ်တို့ကို အောက်သို့ချလိုက်မိကြ၏။ ပြီးမှ ချက်ချင်းသတိပြန်ဝင်လာကြပြီး စိမ့်ဒေဝီကို သေနတ်များဖြင့် ပြန်ချိန်လိုက်ကြလေသည်။

''မင်းကို သေနတ်နဲ့ချိန်ပြီးမခေါ်ချင်ပါဘူး။ ဒါပေမဲ့ မင်းကို ရအောင် ခေါ်မလာနိုင်ရင် ငါတို့အသတ်ခံရမှာ''

''နေပါဦး . . . သူက ကျုပ်ကို ဘာဖြစ်လို့တွေ့ချင်ရတာတဲ့လဲ''

''ဒါတော့ ငါတို့မသိဘူး''

''ကောင်းပြီလေ . . . ကျုပ်ကလည်း ကန္တာရမြွေဟောက်ဆိုပြီး နာမည်ကြီးနေတဲ့သူကို တွေ့ချင်ပါတယ်''

သူမကပြောပြီးသည်နှင့် ရထားလုံးပေါ်သို့ တက်လိုက်လေသည်။

သေနတ်သမားသုံးဦးလည်း ရထားလုံးပေါ်သို့ တက်လိုက်ကြပြီးနောက် မောင်းထွက်စေလိုက်လေ၏။

ရထားလုံးက ကွေ့ကွေ့ကောက်ကောက် လမ်းများ





အတိုင်း ဆယ့်ငါးမိနစ်ခန့် မောင်းသွားပြီးနောက် မြို့စွန်နားမှ ခြံကျယ်ကြီးအတွင်းရှိ ရဲတိုက်လိုလို အဆောက်အဦကြီးရှေ့ ဆင်ဝင်အောက်တွင် ထိုးရပ်သွားတော့၏။

ရထားလုံးပေါ်ကဆင်းပြီးကြသည်နှင့် အစောင့်နှစ်ဦး ရပ်စောင့်နေကြသည့် အိမ်မကြီးဝင်ပေါက်ထဲ ဝင်ရောက်ခဲ့ကြလေသည်။

တစ်ဆစ်ချိုးအုတ်လှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်ရောက်ခဲ့ကြပြီးနောက် ကြွေပြားများခင်းထားသည့် ခန်းဆောင်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားကြလေသည်။

ယင်းခန်းဆောင်ကြီး၏အတွင်းတွင် လက်ရန်းပါသည့် ကျွန်းပွတ်လုံးခုံပေါ်၌ အသက်လေးဆယ့်ငါးနှစ်ခန့်ရှိ လူတစ်ဦး ထိုင်နေပြီး သူ၏ဝဲယာနောက်ဘက်တို့တွင် အနက်ရောင် ဂျာစီအကျီလက်ပြတ်များနှင့် ဘောင်းဘီရှည်အဖြူပွပွတို့ကို ဝတ်ဆင်ကာ ခေါင်းတွင် အုပ်ပေါင်းဖြူဖြူများ ပေါင်းထားသော လူလေးဦးစီက လက်ပိုက်ရပ်လျက်ရှိကြလေသည်။

သေနတ်သမားတို့က စိမ့်ဒေဝီကို ကျွန်းထိုင်ခုံပေါ်မှ လူ၏ရှေ့သို့ ခေါ်ဆောင်သွားကြပြီး ထိုသူကို ဦးခေါင်းညွှတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အရှိအသေပြုလိုက်ကြ၏။

"ဆရာ . . . ဖာဖာ့ကို ကျွန်တော်တို့ခေါ်လာခဲ့ကြပါပြီ"

လက်ပတ်များနှင့် ဖော်လာအနားအပြားကြီးတို့တွင် ရွှေခြည်ထိုးထားသည့် သင်တိုင်းအကျီအနက်လက်ရှည်ကို အောက်ခြေအနားပတ်၌ ရွှေခြည်ထိုးထားသော ဘောင်းဘီရှည် အဖြူရောင်ပွပွကြီးနှင့် တွဲဖက်ဝတ်ဆင်ထားသည့် ကျွန်းခုံပေါ်မှ လူကြီးမှာ နာမည်ကျော် ကန္တာရမြွေဟောက်ပင် ဖြစ်ချိမ့်မည်။

နက်မှောင်သောဆံပင်တို့ကို နဖူးပေါ်အောင် နောက်သို့ လှန်ဖြီးထားပြီး နှုတ်ခမ်းမွေးပါးပါး၊ ပါးမြိုင်းမွေးပါးပွါးတို့ဖြင့် လေးထောင့်ဆန်သည့် သူ့မျက်နှာက အတော်ကြည့်ကောင်းနေလေသည်။

သူက ပါးလျှပ်သည့် နှုတ်ခမ်းတို့ကို တင်းတင်းစေ့ထားပြီး ပေါ်လွင်သော နှာတံအထက်မှ စူးဝေ့ါက်သည့် မျက်လုံးများ အပေါ် မိုးထားသော မျက်ခုံးမွေးထူထူတို့က နှာယောင်ပေါ်တွင် ထိဆက်လုလု ဖြစ်နေသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် တည်ကြည်ခံ့ညားပြီး ကြည့်ကောင်းလှသည်။ သူ့မျက်နှာပေါ်ဝယ် ရက်စက်တတ်သည့်အရိပ်





အယောင်တို့ သွမ်းမိုးလျက် ရှိလေ၏။

ကန္တာရမြွေဟောက်က စီးကရက်စွပ်ထားသည့် ငွေစွပ် တံလေးကို နှုတ်ခမ်းထောင့်တွင် ခဲထားရင်းမှ မျက်မှောင်ကြီးကုပ်ကာ စိမ့်ဒေဝီအား စိုက်ကြည့်နေရာ သူ၏မြွေမျက်လုံးများနယ် တောက်လက်သော အနက်စက်စက်မျက်လုံးအကြည့်တို့က သူမ ၏ရင်ထဲအထိ ဖောက်ဝင်သွားသည့်နှယ် စိမ့်ဒေဝီ ခံစားလိုက်ရ သည်။

ယင်းသို့စိုက်ကြည့်ရင်း ကန္တာရမြွေဟောက်က နှုတ်ခမ်း ထောင့်စွန်းလေးတစ်ဖက် တွန့်ယုံလေးပြုံးလိုက်ရာ သူ့အပြုံး ကြောင့် စိမ့်ဒေဝီမှာ ကျောရိုးထဲမှ စိမ့်ခနဲ ဖြစ်သွားရလေ၏။

ကန္တာရမြွေဟောက်သည် သူတစ်ပါး၏ စိတ်နှလုံးထဲ အထိ ထိုးဖောက်သိမြင်နိုင်ပုံရရာ ယင်းသည်ပင် ထိုလူ၏ ထူး ခြားသောအရည်အချင်း ဖြစ်ပုံရလေသည်။

"မနှေညက ဖဲလိမ်ရိုက်ပြီး ဂျာကူးလစ်ကို အနိုင်ယူသွား တာ မင်းပေါ့ ဟုတ်လား"

"ဖဲလိမ်ရိုက်တာ မဟုတ်ပါဘူး။ ပညာနည်းနည်းလောက် ဝဲ သုံးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း . . . ဟုတ်ပါပြီလေ။ ကျွန်ကူးလစ်လို ဖဲဝိဇ္ဇာကြီးကို မင်းက ပညာပါးပါးလေးပြလိုက်နိုင်ခဲ့တယ်ဆိုတော့ မင်းကို လျှော့တွက်လို့ မရဘူးပေါ့ ဟုတ်လား။ ဟင်း ဟင်း ဟင်း"

ကန္တာရမြွေဟောက်က စီးကရက်ကို ဖွာလိုက်ပြီးမှ စကားဆက်သည်။

"ပြီးတော့ မင်းက ပတ္တမြားအတုနဲ့ပါ၊ ငါ့တပည့်တွေကို တစ်ပတ်ရိုက်လှည့်လိုက်တယ် ဟုတ်လား။ မင်းဟာ တကယ့် အာဂပဲ . . . ဟင်း ဟင်း ဟင်း"

ထို့နောက် ချက်ချင်းဆိုသလို သူ၏မျက်နှာက တည်သွားပြီး ကျွန်းခုံပေါ်မှ ရှေ့သို့ ခါးကိုင်းလိုက်ကာ မျက်မှောင်ကြီး ကြုတ်လျက် စိမ့်ဒေဝီကို စိုက်ကြည့်လိုက်သည်။

"ဒီမှာ မင်း ရာဇပုတ္တရကို ဘာ့အတွက် ရောက်လာတာလဲ"

"ကျုပ်ရဲ့အမေကို ရှာဖွေဖို့"

"မင်းရဲ့အမေက ဘယ်သူလဲ"

"နန်းစောမာလာ"





"ဩော် . . . နာမည်က တစ်မျိုးပါလား။ သူနဲ့မင်း ဘယ်တုန်းက ကွဲကွာသွားလို့ လာရှာရတာလဲ"

"ကျုပ် နှစ်နှစ်သားအရွယ်လောက်က"

"မင်းတို့ရဲ့ဇာတိက ဘယ်ကလဲ"

"ပါဋလိပုတ္တရက"

"ဩော် . . . ဩော်၊ နယ်မြေချင်း ထိစပ်နေတဲ့ဒေသကပဲ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ပါတလိပုတ္တရနဲ့ ရာဇပုတ္တရရဲ့ ကြားမှာ သဲကန္တာရပင်လယ်ကြီး ခြားနေတယ်လေ"

"ဟုတ်တယ်၊ ဒါကြောင့် ပါတလိပုတ္တရက လူတွေဟာ ဒီ ရာဇပုတ္တရကို ဆယ်နှစ်မှာတစ်ခါ ရောက်လာခဲတယ်။ အဲဒီလောက် ခက်ခဲကြမ်းတမ်းတဲ့ခရီးကို ဖြတ်သန်းလာနိုင်တယ်ဆိုတော့ မင်းရဲ့အရည်အချင်းကို ချီးကျူးပါရဲ့"

"ကျုပ်ရဲ့အမေကိုတွေ့ရဖို့ဆိုရင် ဓားတောင်နဲ့ မီးပင်လယ်ကိုလည်း ဖြတ်သန်းမှာပါပဲ"

"ဩော် ဩော် . . . မင်းက အာဂလေးပဲ . . . ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ခင်ဗျားက ကျုပ်ကို ဘာကိစ္စတွေ့ချင်ရတာလဲ"

"မင်းရဲ့ ထက်မြက်တဲ့သတင်းတွေ ဂျစ်ကန်ကန်သတင်းတွေကို ကြားထားရတော့ မင်းဘာလဲဆိုတာသိချင်လို့ ခေါ်လိုက်ရတာပဲ။ ဒီရာဇပုတ္တရမှာရှိတဲ့လူတိုင်းရဲ့အကြောင်းကို ငါက သိထားတယ်ဖို့လိုတယ် . . . ။

ဒီရာဇပုတ္တရမှာ ငါ့ရဲ့စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်။ အဲဒီ ငါ့ရဲ့အကျိုးစီးပွားတွေကို ထိခိုက်နစ်နာအောင် ဘယ်သူတွေကလုပ်နိုင်မလဲဆိုတာကို ငါလေ့လာထားဖို့လိုတယ်လေ"

"ခင်ဗျားက ကိုယ့်ရဲ့အကျိုးစီးပွားထိခိုက်မှာတော့ ကြောက်ပြီး မနေ့ညတုန်းကတော့ ကျုပ်ရဲ့ ပတ္တမြားကို လုယက်ဖို့ ကြိုးစားတယ်။ အဲဒါ တရားမျှတသလား"

"ဟား ဟား ဟား ကောင်လေး ဒါဟာ ပါတလိပုတ္တရ မဟုတ်ဘူး။ ရာဇပုတ္တရကွ သိရဲ့လား။ ရာဇပုတ္တရမှာ တရားမျှတတာတွေ၊ သစ္စာတွေ၊ မေတ္တာတွေ မရှိဘူး။ ဒီမှာရှိတာက အပေးအယူသဘောပဲရှိတယ်။ အရှုံးအနိုင်ပဲရှိတယ်။ ပေးနိုင်သူက





ရတယ်။ နိုင်တဲ့သူက မှန်တယ်။ ဒါပဲ သဘောပေါက်တယ်နော် . . . ဟဲ ဟဲ ဟဲ"

စိမ့်ဒေဝီက နှုတ်ခမ်းကို စက်ဆုပ်စွာမဲ့လိုက်သည်။

"အေး ဒီရာဇပုတ္တရမှာ အရေးအကြီးဆုံးတစ်ခုပဲရှိတယ်။ အဲဒါကတော့ ကတိပဲ။ ကတိတည်ရတယ်။ ရာဇပုတ္တရမှာ ကတိပျက်ရင် အသက်ပေးရတယ်။ အခြားဘာမှ ပေးလို့မရဘူး . . . ။

မနေ့တုန်းက မင်းကယ်ခဲ့တဲ့ အဘိုးကြီးဟာ ကတိပျက်သူပဲ။ ဒါပေမဲ့ အဲဒီအဘိုးကြီးဆာဂျေး ကတိပျက်တာက ဖဲကြွေးဖြစ်နေတယ်။ ဖဲကြွေးကို ဖဲဝိုင်းထဲမှာပဲ ဆပ်မယ်ဆိုပြီးပေါ်လာတဲ့ သူ့ရဲကောင်လေးကြောင့် သူ့ရဲ့သမီး အသိမ်းမခံရတာပဲ . . . ။

အဲဒီတော့ ရာဇပုတ္တရရဲ့ ထုံးစံစည်းမျဉ်းတွေကို မင်းသိပြီဆိုတော့ အဲဒီစည်းမျဉ်းအရ မနေ့ညတုန်းက ပညာသုံးပြီး ဖဲရိုက်အနိုင်ယူသွားတဲ့အတွက် မင်း ငါ့ကို တစ်ခုခုပြန်ပေးရမယ်။ ဆက်ကြွေးအဖြစ် သတ်မှတ်လို့လည်းရတယ် . . . ။

မင်းရဲ့အသက်နဲ့ခန္ဓာ မပွန်းမရှဲ့ပြန်လိုချင်ရင် မင်းရဲ့ လက်ထဲက ပတ္တမြားပေးရလိမ့်မယ်။ ဒါဟာ ရာဇပုတ္တရရဲ့ အပေးအယူ စည်းမျဉ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီက ကန္တာရမြွေဟောက်ကို စိုက်ကြည့်ကာ မဲ့ပြုံးပြုံးလိုက်၏။

"အခြားနည်းနဲ့ အပေးအယူလုပ်ရအောင်လား။ ခင်ဗျားမှာ သွေးရှိတယ်ဆိုရင်ပေါ့လေ ...ဟင်း ဟင်း ဟင်း"

"ဘာ"

သူ့ကို ရိုတိတိပြောလိုက်သဖြင့် ကန္တာရမြွေဟောက်မှာ ခန့်ထတော့မလို ရှူးရှူးရှားရှား ဖြစ်သွားရ၏။

"နေပါဦး ...မင်းက ဘယ်လို အပေးအယူမျိုးလုပ်ချင်လို့လဲ"

"ခင်ဗျား ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ခင်ဗျားရဲ့တပည့်တွေထဲကပဲဖြစ်ဖြစ် ကျုပ်နဲ့ လက်ရှန်းချင်း ယှဉ်ရအောင် ကြိုက်ရာလက်နက်တစ်ခုခုနဲ့ဖြစ်ဖြစ်ပေါ့ ...၊

ကျုပ်ရှုံးရင် ကျုပ်ရဲ့ ပတ္တမြားဖြစ်ဖြစ် ကျုပ်ရဲ့အသက်ဖြစ်ဖြစ် ခင်ဗျားရမယ် ...၊

ကျုပ်နိုင်ရင်တော့ ဒီရာဇပုတ္တရမှာ ကျုပ်ရှိနေသရွေ့ ခင်ဗျားနဲ့ ခင်ဗျားရဲ့ လူတွေက မနှောင့်ယှက်ပါဘူးဆိုတဲ့ ကတိပေးရမယ် ...၊





ဘာဲယ့်နှယ်လဲ ...သွေးရှိတယ်ဆိုရင်ပေါ့ဗျာ ...ဟင်း ဟင်း ဟင်း"

ကန္တာရမြွေဟောက်က ပြုံးလျက် သူ၏ခေါင်းကြီးကို ခပ်ဖြည်းဖြည်း ညိတ်လိုက်လေသည်။

"ကြိုက်ပြီ၊ မင်းဟာ အကောင်သေးသလောက် အဆိပ်ပြင်းတဲ့ မြွေဟောက်လေးပဲ"

"ကဲ ဒီတော့ ...ဘယ်သူ့ရဲ့သွေး ဘယ်လောက်ရဲသလဲဆိုတာ စမ်းသပ်ကြရအောင်"

"အင်္ဂါ"

ကန္တာရမြွေဟောက်က လက်ယာဘက်သို့ ဦးခေါင်းစောင်းလှည့်ကာ အော်လိုက်လေလျှင် သူ၏နောက်နား လက်ယာဘက်အစွန်ဆုံးတွင် လက်ပိုက်ရပ်နေသည့် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းကောင်း လူထွားကြီးက လက်ပိုက်ထားခြင်းကိုဖြုတ်ကာ ရှေ့သို့လှမ်းထွက်လာပြီးလျှင် သူ့ဆရာကို ဦးညွတ် ဂါရဝပြုလိုက်လေသည်။

"ကဲ ဇာဇာ ...ဟောဒီ ငါ့ရဲ့တပည့် အင်္ဂါရဲ့လက်ချက်နဲ့ လူအယောက်နှစ်ဆယ်လောက် သေပွဲဝင်ခဲ့ပြီးပြီ ခုပွဲက



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်တိုင် တောင်းဆိုတဲ့ပွဲဆိုတော့ မင်း တစ်ခုခုဖြစ်သွားရင်လည်း မင်းရဲ့ကြမ္မာ၊ မင်းကိုယ်တိုင် ငင်တယ်လို့ မှတ်ယူရမှာပေါ့ ဟုတ်လား ... ဟင်း ဟင်း ဟင်း"

"ရတယ်လေ ... ကျုပ်နိုင်ရင်သာ ခင်ဗျားရဲ့ကတိ တည်ပါစေ"

"ကတိဆိုတာ ငါတို့ရဲ့အသက်ပဲ။ ကဲ ကြာတယ် ... ဗိုလ် လက်နက်စင် ယူခဲ့စမ်း"

ကန္တာရမြွေဟောက်က အော်ဟစ်အမိန့်ပေးလိုက်သည်နှင့် သူ့တပည့်တစ်ဦးက နောက်ဘက်အဆောင်တစ်ခုဆီသို့ ပြေးဝင်သွားပြီး ခဏအကြာတွင် ဘီးတပ်လက်နက်စင်ကို တွန်းထုတ်လာခဲ့လေသည်။

လက်နက်စင်ပေါ်တွင် ပဲခွပ်၊ လှံတို၊ လှံရှည်၊ ဓားကောက်၊ သံတင်းပုတ်၊ ဒိုင်းလွှား၊ သံကြိုးတစ်သံလုံး စသည့် လက်နက်မျိုးစုံ ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

ထိုစဉ် ကန္တာရမြွေဟောက်က ခန်းဆောင်ကြီး၏ ဝဲဘက်ထောင့်ရှိ ကြေးမောင်းကြီးကို လက်ညှိုးညွှန်ပြလိုက်ရာ သူ၏တပည့်တစ်ဦးက ကြေးမောင်းကြီးကို ထုလိုက်လေ၏။





"ဒူ ဒူ ဒူ"

ခဏအကြာမှာပင် အတွင်းဆောင်ထဲမှ အသက် လေးဆယ်နီးပါးခန့်ရှိဟန်တူသည့် လှပကျော့ရှင်းသော အမျိုးသမီးတစ်ဦးနှင့်အတူ ပျို့ရွယ်သည့် လုံမပျိုနှစ်ဦး ထွက်လာကြလေသည်။

တပည့်တစ်ဦးယူလာသည့် ကျွန်းခုံတစ်လုံးတွင် ထိုအမျိုးသမီးက ထိုင်လိုက်ရာ လုံမပျိုနှစ်ဦးက အမျိုးသမီး၏ ဝဲယာနောက်ဘက်တို့၌ လက်ပိုက်လျက်ရပ်နေကြလေ၏။

ကန္တာရမြွေဟောက်က သူ၏လက်ဝဲဘက် နှစ်တောင်ခန့် အကွာရှိ ခုံပေါ်ထိုင်နေသည့် အမျိုးသမီးချောကို လှည့်ကြည့်လိုက်ပြီး -

"ပရိယန် ... မင်းနှစ်သက်တဲ့ သွေးသံရဲရဲသတ်ပုတ်ပွဲလေး ကြည့်ရအောင် ခေါ်လိုက်တာပါ"

ဟုပြောလိုက်ကာ စိမ့်ဒေဝီဆီ လက်ညှိုးညွှန်ပြလိုက်၏။

"ဒီကောင်က ပါတလိပုတ္တရကနေ စွန့်စားရောက်လာသူလေးပဲ။ သူ့ဆီမှာ ပတ္တမြားတစ်လုံးပါတယ်။ အဲဒီ ပတ္တမြားကို ကိုယ်က ဆက်ကြေးအဖြစ် ကောက်ခံတာကို မပေးနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်နဲ့ အလဲအထပ်လုပ်မယ်တဲ့လေ။ ဒါကြောင့် ဒီပွဲလေး မမျှော်လင့်ဘဲ ဖြစ်သွားတာ။ ပွဲကတော့ သိပ်ကြည့်ကောင်းမှာ မဟုတ်ဘူး''

ပရိယန်ဆိုသည့် မိန်းမချောက စိမ့်ဒေဝီကို စိုက်ကြည့် လိုက်ပြီးနောက် ဦးခေါင်းကို စိတ်ပျက်စွာ ယမ်းလိုက်သည်။

''သူက နုနယ်ငယ်ရွယ်ပါသေးတယ်။ အဂ္ဂေါလို လူ ဘီလူးကြီးနဲ့ မယှဉ်သင့်ဘူး။ သတ်ပွဲဆိုတာ ဘက်ညီမှ ကြည့်လို့ ကောင်းမှာ''

''မတတ်နိုင်ဘူး ပရိယန်။ အဲဒီ အာဂကောင်လေးကစပြီး စိန်ခေါ်တာလေ ... ဟင်း ဟင်း ဟင်း''

စိမ့်ဒေဝီက နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်းနှင့် ဖြူဝင်းသော ပါးမို့မို့တို့ထက်တွင် ပန်းသွေးရောင်ပြေးနေသည့် မိန်းမချောကို ငေးစိုက်ကြည့်ရင်း တစ်နေရာရာမှာ တွေ့ဖူးသလို လို ခံစားရမိလိုက်၏။

ပရိယန်ကမူ စိမ့်ဒေဝီကို မကြာခဏ လှမ်းလှမ်းကြည့် နေရာမှ လှပသော နှုတ်ခမ်းကို မဲ့လိုက်လေသည်။

''ပုံစံကတော့ အတော်ခေါင်းမာမဲ့ပုံလေးပဲ။ အဲဒီလိုမာတဲ့





ခေါင်းတွေကို အဂ္ဂေါဖြတ်ခဲ့တာ မနည်းဘူး။ ဒီညလည်း အဲဒီ လှလှပပ ခေါင်းလေးဖြတ်တာကို မျက်စိအရသာခံပြီး ကြည့်ရဦး မှာပေါ့လေ ... ဟင်း ဟင်း ဟင်း''

''ကဲ ပွဲစမယ် ... ကြိုက်ရာလက်နက် ယူကြ''

လူထွားကြီးအဂ္ဂေါက သံတင်းပုတ်ကြီးကို ဆွဲယူလိုက် လေသည်။

စိမ့်ဒေဝီက လက်နက်စင်ပေါ်မှ လုံရှည်တစ်ချောင်းနှင့် ဒိုင်းလွှားကို ယူလိုက်၏။

သူတို့နှစ်ဦးက ကန္တာရမြွေဟောက်နှင့် ပရိယန်တို့၏ ရှေ့ ဆယ့်ငါးပေခန့်အကွာတွင် တစ်ဦးနှင့်တစ်ဦး လေးငါးပေခန့် ခွာလျက် မျက်နှာချင်းဆိုင်ရပ်လိုက်ကြလေသည်။

ကန္တာရမြွေဟောက်က လက်ယာဘက် လက်ကို မြှောက် ပြလိုက်သည်နှင့် မောင်းသံတစ်ချက် ထွက်ပေါ်လာတော့၏။

''ဒူ''

မောင်း၏ပဲ့တင်သံပင် မဆုံးသေးချေ။ အဂ္ဂေါက ရှေ့ခြေ တစ်လှမ်းတိုးကာ သံတင်းပုတ်ကြီးဖြင့် လွှဲထုချလိုက်တော့၏။

''ဝှီး''



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီက ဝဲဘက်သို့ ခြေတစ်လှမ်းတိုးပြီး ကိုယ်ကို ဝပ်ချလိုက်ရာ သံတင်းပုတ်က သူ၏ဦးခေါင်းထက်မှ ဝှီးခနဲ ဖြတ်သန်းသွားတော့၏။

သို့သော် အင်္ဂါက ကိုယ်ကိုထိန်းပြီး သံတင်းပုတ်ကြီးဖြင့် အဆက်မပြတ် ထုတော့ရာ ဒိုင်းလွှားဖြင့် ခံရင်း စိမ့်ဒေဝီက နောက်သို့ ဆုတ် ဆုတ်ပေးနေရလေ၏။

"ဒေါင်း" "ဒေါင်း" "ဒေါင်း"

ကြီးမားလှသော အားအင်ဖြင့် ထုနှက်လာသော သံတင်းပုတ်ရိုက်ချက်ကြောင့် သံဒိုင်းလွှားပင် ပဲ့ရွဲ့စပြုလာတော့၏။

တစ်ချီဝယ် အင်္ဂါက အပေါ်မှမိုးကာ စိမ့်ဒေဝီကို အားကုန် လွှဲခုတ်ချလိုက်လေလျှင် စိမ့်ဒေဝီသည် ဒိုင်းလွှားဖြင့် ခံလိုက်ရာ သံတင်းပုတ်မှ သံဆူးတို့က ဒိုင်းလွှာကို ချိုးဖျက်လိုက်တော့၏။

"ခွမ်း"

"အိ"

အာမေဍိတ်သံက ပုရိယန်၏နှုတ်ဖျားမှ ခုန်ထွက်သွား၏။

စိမ့်ဒေဝီက လက်ဝဲလက်ထဲမှ ဒိုင်းလွှားကို ပစ်ချလိုက်ပြီး





လှံရှည်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ဆက်လက်ရင်ဆိုင်လိုက်၏။

အင်္ဂါက သွားဖြီကာ တဟီးဟီးရယ်လိုက်ပြီးနောက် သံတင်းပုတ်ကြီးကို အားရပါးရလွှဲလျက် ဆက်တိုက်ရိုက်ပုတ်တိုက်ခိုက်တော့သည်။

"ဝှီး" "ဝှီး" "ဝှီး"

စိမ့်ဒေဝီက သံတင်းပုတ်ရိုက်ချက်မမိစေရန် သိုင်းကွက်နင်းလျက် ငုံ့ကာ ဝိုက်ကာ ရှောင်တိမ်းရင်း လှံရှည်ဖြင့် ဆတ်ခနဲ ဆတ်ခနဲ လှမ်းထိုးလျက် အင်္ဂါ၏တိုက်စစ်ကို ဟန့်တားနေ၏။

တိုက်ပွဲကြာလသည်နှင့်အမျှ အင်္ဂါသည် လက်ပန်းကျလာပြီး သံတင်းပုတ် ရိုက်ချက်က နှေးကွေးလို့လာသည်။

ထိုအခါမှ စိမ့်ဒေဝီက လှံရှည်ဖြင့် ဆတ်ခနဲ ဆတ်ခနဲ ထိုးကာ အဆက်မပြတ် တိုက်ခိုက်တော့ရာ အင်္ဂါ၏ပေါင်များနှင့် နံစောင်းတို့တွင် ဒဏ်ရာတို့ ဆက်တိုက်ရရှိလာပြီး သွေးထွက်လွန်လာသဖြင့် အားအင်လျော့သည်ထက် လျော့လာတော့၏။

နောက်ဆုံးဝယ် သူသည် သံတင်းပုတ်ကိုမျှ မမြှောက်နိုင်တော့ဘဲ ကျောက်ကြမ်းပြင်ပေါ်သို့ ဒူးညွှတ်ကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် စိမ့်ဒေဝီက လှံဖျားဖြင့် အင်္ဂေါ၏လည်ပင်းကို ထောက်လိုက်ရာ အင်္ဂေါမှာ မည်သို့မျှ မကာကွယ်နိုင်တော့ဘဲ စိမ့်ဒေဝီ ပြုလုပ်သမျှ နရမည့်အဖြစ်သို့ ရောက်ရှိသွားပါတော့၏။

ယင်းမြင်ကွင်းကို ကြည့်နေသည့် ကန္တာရမြွေဟောက်၏ မျက်နှာကြီးက ရဲတွတ်သွားပြီး တောက်တစ်ချက် ပြင်းစွာခေါက်လိုက်လေသည်။

''တောက်''

ပရိယန်အပါအဝင် ကျန်လူအားလုံးက စိုးရိမ်တကြီးဖြင့် ဝိုင်းကြည့်နေကြလေ၏။

သို့သော် စိမ့်ဒေဝီက လှံကို ပြန်လည်ရုတ်သိမ်းလိုက်သဖြင့် အားလုံးသက်ပြင်းကြီး ချလိုက်ကြပါတော့သည်။

ယင်းအချိန်တွင် ကန္တာရမြွေဟောက်က မိုးခြိမ်းသံနှယ် ကျယ်လောင်သောအသံကြီးဖြင့် အော်ဟစ်လိုက်လေ၏။

''ကောင်လေး . . . အဲဒီကောင်ကို သတ်လိုက်။ အသုံးမကျတဲ့ကောင်ကို သတ်လိုက်စမ်း''

စိမ့်ဒေဝီက ကန္တာရမြွေဟောက်ကို လှည့်ကြည့်ပြီး ခေါင်းကိုယမ်းပြလိုက်သည်။





''ရှုံးနေတဲ့သူကို ထပ်ပြီး အနိုင်ယူတာဟာ ဂုဏ်သရေမဲ့တဲ့အလုပ်ပါ။ အဲဒီလိုအလုပ်မျိုး ကျုပ်မလုပ်နိုင်ပါဘူး''

''နောက်ပြီး အင်္ဂေါဟာ ခုတစ်ကြိမ် အသုံးမကျပေမယ့် ခင်များအတွက် အကြိမ်ကြိမ် အသုံးကျခဲ့ဖူးမှာပါ။ လူ့အသက်တစ်ချောင်းကို အလဟဿ မဆုံးရှုံးစေချင်ဘူး''

စိမ့်ဒေဝီက လှံရှည်ကို လက်နက်စင်ဝယ် သွားထောင်ထားလိုက်၏။

အင်္ဂေါသည် ကျောက်ကြမ်းပြင်ပေါ်ဝယ် သွေးအလိန်းလိန်းဖြင့် ပက်လက်ကြီးလဲကျလျက်ရှိလေသည်။

ကန္တာရမြွေဟောက်က ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီးလျှင် လက်နက်စင်ဆီ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းသွားကာ လှံရှည်တစ်ချောင်းကို ဆွဲထုတ်လိုက်လေ၏။

ပြီးလျှင် သူက လဲကျနေသည့် အင်္ဂေါဆီ လျှောက်လှမ်းသွားရာ သူဘာလုပ်တော့မည်ကို သိနေသည့် အင်္ဂေါက သူ့ဆရာကို ထိတ်လန့်တကြား မော့ကြည့်ရင်း လက်ကာတားရှာသည်။

''ဆ ဆရာ . . . မ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့''

သို့သော် ကန္တာရမြွေဟောက်က လှံကို ကိုင်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အင်္ဂါဓါ်ရင်ဝဆီသို့ အားကုန်ထိုးစိုက်ချလိုက်လေသည်။

"ရွပ်"

"အား"

အင်္ဂါသည် ဝမ်းခေါင်းသံကြီးဖြင့် နာနာကျည်းကျည်း အော်ဟစ်လိုက်ပြီးနောက် ဆန့်ငင် ဆန့်ငင် ဖြစ်နေပြီးမှ တဖြည်းဖြည်း ငြိမ်ကျသွားပါတော့၏။

ပရိယန် အပါအဝင် ဝိုင်းကြည့်နေကြသူအားလုံးမှာ သက်ပြင်းကြီးခိုးချလိုက်မိကြပါတော့သည်။

စိမ့်ဒေဝီကမူ ကန္တာရမြွေဟောက်၏ ရက်စက်လွန်းသည့် လုပ်ရပ်ကို မနှစ်မြို့စွာ စိုက်ကြည့်နေလေ၏။

ကန္တာရမြွေဟောက်က သူ့ထိုင်ခုံတွင် ပြန်ထိုင်လိုက်ပြီး သူ့တပည့်တစ်ဦး ရှိသေစွာ ကမ်းပေးလာသည့် ငွေစွပ်တံစွပ် စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်လေသည်။

ပြီးမှ စိမ့်ဒေဝီအား စိုက်ကြည့်ကာ ပြတ်သားစွာ ပြောလိုက်လေသည်။

"ဒီမှာ ဓာဓာ ...ငါက ငါ့အတွက် အသုံးမကျတဲ့ ဘယ်အရာကိုမှ ဖက်တွယ်ထားတတ်သူ မဟုတ်ဘူး။ မင်းရဲ့





လုံချက်တွေကြောင့် ဒီကောင့်ရဲ့ပေါင်ကြောတွေ ပြတ်ကုန်ကြပြီ။ ခင်တရွတ်ဆွဲပြီး ဒီကောင် ငါ့ကို တစ်သက်လုံး မှီခိုနေရင် ငါ့ အတွက် အနှောင့်အယှက်ဖြစ်မယ်။ ငါက အဲဒီလို အနှောင့် အယှက်မျိုးကို မကြိုက်ဘူး"

စိမ့်ဒေဝီက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဟုတ်ပါပြီလေ၊ ဒါကြောင့်လည်း ခင်ဗျားဟာ ကန္တာရ မြွေဟောက်ဆိုပြီး နာမည်ကြီးနေတာပေါ့၊ ဟင်း ဟင်း"

"တစ်ခုတော့ရှိတယ်။ ဒီပွဲမှာ ခင်ဗျားရှုံးသွားပြီ ဒီ အတွက် ခင်ဗျားပေးထားတဲ့ကတိ တည်ဖို့လိုတယ်"

"ငါက စကားတစ်ခွန်းကို နှစ်ခါမပြောတတ်ဘူး"

"ပြီးတော့ မင်းကိုပြောရဦးမယ်။ ငါက သူရဲကောင်းကို နှစ်သက်တတ်သူ ဖြစ်တယ်။ ထူးချွန်ထက်မြက်သူကို သဘောကျ တယ်။ မင်းဟာ အရွယ်နဲ့မလိုက်အောင် ထူးချွန်ထက်မြက်သူဖြစ် လို့ မင်းရဲ့ စော်ရစော်ကားကား ပြောဆိုသမျှကို ငါ သည်းခံနေတာ ပဲ"

"မင်းရဲ့ပြောပုံဆိုပေါက်မျိုး ဟောဒီရာဇပုတ္တရမှာ ဘယ်သူမှ ငါ့ကို မပြောဝံ့ခဲ့ကြဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ မင်းနိုင်သွားပြီ။ ဒီတော့ ငါ့ရဲ့ကတိအတိုင်း ငါနဲ့ ငါ့ရဲ့တပည့်အားလုံးက ဒီရာဇပုတ္တရမှာ မင်းရှိနေသရွေ့ မနှောင့်ယှက်စေရဘူး"

"ကောင်းပြီလေ၊ ကဲ ... ကျုပ်ပြန်လို့ရပြီလား"

"မင်း ပြန်လိုရင်ပြန်နိုင်ပါတယ်။ တစ်ခုထပ်ပြောလိုက်မယ်။ မင်းလို ထက်မြက်ထူးချွန်သူကို ငါအလိုရှိတယ်။ မင်း ငါ့ဆီမှာ အမှုထမ်းရင် လစာကောင်းကောင်းပေးမယ်။ ဘယ့်နှယ်လဲ"

စိမ့်ဒေဝီက မဲ့ပြုံးပြုံးလိုက်ရင်း ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... ရွှေထွက်နေပါစေ၊ ခင်ဗျားရဲ့တပည့်အဖြစ်နဲ့ မတရားမှုပြုကျင့်ဖို့ ကျုပ် ဝါသနာမပါဘူး"

စိမ့်ဒေဝီက ခပ်ပြတ်ပြတ်ပြောပြီးနောက် ခန်းဆောင်ထဲမှထွက်သွားကာ လေပကားအတိုင်း ဆင်းချသွားတော့၏။

ကန္တာရမြွေဟောက်က ပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျန်ရစ်သည်။

※





ပရိယန်သည် ဖဲမွေ့ရာကြီးပေါ်တွင် ဟိုလူး သည်လှိမ့်ဖြင့်ညဉ့်နက်သည့်တိုင် အိပ်မပျော်နိုင် ဖြစ်နေ၏။

သူ့မျက်ဝန်းထဲတွင် နေ့လယ်က တွေ့ကြုံခဲ့ရသည့်ဓာဓာဆိုသော ဂျစ်တူးတူး ဂျစ်ကန်ကန် ကောင်လေး၏မျက်နှာကိုသာ မြင်ယောင်နေမိလေသည်။

"အဲဒီကောင်လေးရဲ့မျက်နှာဟာ တစ်ယောက်ယောက်ရဲ့ တူသလိုလိုပဲ။ ဒါမှမဟုတ် ငါ အဲဒီကောင်လေးကို တစ်နေရာရာမှများ တွေ့ဖူးခဲ့လေသလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်လေးက ပါတလိပုတ္တရကာခ်နဲ့ လာသူလေးတဲ့"

"ပါတလိပုတ္တရ ပါတလိပုတ္တရ"

တကယ်တော့ ပါတလိပုတ္တရမှာ သူမ မေ့လျော့ထားခဲ့သည့် ဒေသဖြစ်သည်။

ဘဝပေးအခြေအနေအရပ်ရပ်အရ ရာဇပုတ္တရမှာ ကျင်လည်ရှင်သန်ခဲ့ရပြီးကတည်းက ပါတလိပုတ္တရကို သူမ မေ့ထားခဲ့သည်ပဲ။

ယခုတော့ ပါတလိပုတ္တရဆိုသော အမည်နာမကို သူမ ထပ်ကာ ထပ်ကာ စိတ်ထဲမှ ရေရွတ်နေမိပါတော့၏။

ညည့်သန်းခေါင်ယံတိုင်မှ ကန္တာရမြေပြောက်ပဲ့၍ ထင်ရှားလျက်ရှိသော သူမ၏လင်ယောက်ျား ဂျေဗီဒမ်က သူတည်ထောင်ထားသည့် စားတော်ဆက်တစ်ခုမှ တပည့်များနှင့်အတူ ပြန်ရောက်လာလေသည်။

သူ၏လက်ရင်းတပည့်တို့က စံအိမ်ရဲတိုက်နီကြီး၏ အောက်ထပ်ရှိအခန်းများတွင် အိပ်စက်ကြသဖြင့် အောက်ထပ်မှာပင် နေရစ်ခဲ့ကြပြီး ဂျေဗီဒမ်က သူတို့ လင်မယား၏အိပ်ခန်း





ကျယ်ကြီးရှိရာ အပေါ်ထပ်သို့ ခပ်ယိုင်ယိုင်ဖြင့် တက်လာလေသည်။

စံအိမ်ရဲတိုက်ကြီးရှေ့သို့ ခြူသံ တချွင်ချွင်ဖြင့် မြင်းရထားရပ်သံ ဆူဆူညံညံ စကားပြောသံများ၊ ရယ်မောသံများ ကြားရကတည်းက ထုံးစံအတိုင်း ပရိယန်က အိပ်ရာထက်မှ လူးလဲထကာ ကြေးမုံပြင်ရှေ့တွင် ဆံပင်ရှည်လိန်ကောက်ကောက်တို့ကို ဆင်စွယ်ဘီးဖြင့် ဖြီးသင်လိုက်၏။

ပြီး . . . ညဝတ်အင်္ကျီပါးပါးလေးကို အတန်ငယ် ဆွဲဆန့်လိုက်လေသည်။

ထို့နောက် အိပ်ခန်းထဲမှထွက်ခဲ့ကာ သွေးညီနုံမကင်းသေးသည့် အထူးဧည့်ခန်းဆောင်ကြီးကို ဖြတ်သန်းပြီး လှေကားထိပ်ဆီ လှမ်းလာခဲ့လေသည်။

လှေကားထိပ်သို့ ဂျေဗီဒမ်ရောက်လာသည်နှင့် သူမက တွဲပြီး အိပ်ခန်းဆောင်ကြီးဆီ ခေါ်သွားလေသည်။

ပြီး . . . ဂျေဗီဒမ် ဝတ်ဆင်ထားသည့် ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်တို့ကို ညဝတ်ဖဲအင်္ကျီရှည်ကြီးနှင့် ကူညီလဲလှယ်ပေးရလေသည်။"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသင့်ဖျော်ထားသော သံပုရာရည်တိုက်ကာ ခုတင်ဘောင်ကို ခေါင်းအုံးခုလျက် ကျောမှီထိုင်နေသည့် ဂျေဗီဒမ်၏ခြေသလုံးတို့ကို နှိပ်နယ်ပေးရင်း သူမ သိလိုသောစကားကို မေးလိုက်လေသည်။

"ဒါလင် ... နေ့လယ်တုန်းက ဇာဇာဆိုတဲ့ကောင်လေးဟာ ပါတလီပုတ္တရကနေလာတာ ဟုတ်လား"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဩော် ... ဘာမှမဖြစ်ပါဘူး။ သူက ကုန်သွယ်ဖို့လာတာလား"

"အင်း ဟင်း ဟင်း ... အဲဒီကောင်လေးက ကုန်သွယ်ဖို့လာတာ မဟုတ်ပါဘူး။ သူ့အမေကို ရှာဖွေဖို့လာတာတဲ့"

"သူ့အမေကိုရှာဖွေဖို့လာတာ ဟုတ်လား"

"အင်း ... အဲဒီလိုပဲပြောတယ်"

"သူ့အမေက ဘယ်သူတဲ့လဲ"

"အင်း ... ဘာတဲ့၊ အဲ ... နန်းစောမာလာတဲ့"

"ရှင် ... နန်းစောမာလာ ဟုတ်လား"

"အင်း ... ဘာဖြစ်လို့လဲ"





"အဲ ... မဖြစ်ပါဘူး။ နာမည်လေးက တစ်မျိုးပဲ၊ လှလို့ပါ"

"ကဲ ... ကိုယ်အိပ်ချင်ပြီ"

ခရာအကြော်၌ ဖဲမွေ့ရာပေါ်တွင် တခေါခေါဖြင့် အိပ်မောကျသွားသည့် ဂျေဗီဒမ်ကို ကျောခိုင်းထိုင်ရင်း ပရိယန်၏ရင်က ပြင်းထန်စွာ ခုန်လှုပ်လျက် ရှိတော့သည်။

"အဲ ... အဲဒီကောင်လေးက သူ့အမေကို ရှာဖွေဖို့ ပါတလီပုတ္တရကနေလာတာတဲ့ ...၊

သူ့အမေရဲ့နာမည်က နန်းစောမာလာတဲ့ ... ဘုရား ဘုရား။

ငါမေ့ထားခဲ့တဲ့ အတိတ်ကအရိပ် လိုက်ပါလာပြီနဲ့တူရဲ့။ သူ ... သူဟာ ငါ့ ... ငါ့ရဲ့ ... အို မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး။ သူဟာ ယောကျ်ားလေးပဲ၊ ယောကျ်ားမှ တကယ့်သူ့ရဲ့ကောင်းလေး။ ငါ ... ငါ ပါတလီပုတ္တရမှာ ချန်ထားခဲ့တာက သမီးလေးပါ ...၊

အင်း ငါ့လင်သေသွားပြီးတဲ့နောက် ငါ ဒီရာဇပုတ္တရော ဆွေမျိုးသားချင်းတွေဆီလာတော့ ငါ့ရဲ့သမီးလေးဟာ ပါတလီ



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တရက မဟာရာဇာကြီးတို့လင်မယားရဲ့လက်ထဲမှာ ကျန်ခဲ့တာပဲ ...။

နောက်လေးနှစ်လောက်အကြာ ပါတလိပုတ္တရက ကုန်သွယ်သူတွေလာလို့ သိရတာက ငါ့ရဲ့သမီးလေးနာမည်က စိမ့်ဒေဝီတဲ့။ မဟာရာဇာကြီးတို့ရဲ့ မွေးစားသမီးဖြစ်နေပြီတဲ့ ...။

အဲဒီလို သမီးလေးပျော်ရွှင်ကောင်းစားနေတဲ့ သတင်းကြားရတော့ သမီးလေးရဲ့ဘဝရေးရေးအတွက် စိတ်ချသွားပြီး ဒီရာဇပုတ္တရမှာ ငါ့ဘာသာကြုံလာရတဲ့ အခက်အခဲတွေကို ရင်ဆိုင်ရင်း သမီးလေးနဲ့ ပါတလိပုတ္တရရဲ့အကြောင်းကို မေ့ထားခဲ့တယ် ...။

အခုမှ ဆက်သွယ်မှုတွေ ပြန်ပေါ်လာပါလား ...။

အဲဒီကိစ္စတွေကို ဂျေဗီဒမ် သိလို့ လုံးဝမဖြစ်ဘူး။ သူက ငါ့ကို အပျိုစင်လို့ထင်ပြီး လက်ထပ်ယူခဲ့တာ။ ဒါကလည်း ဒီရာဇပုတ္တရက မိန်းမပျိုတွေထက် ငါက အပုံကြီးပိုလှလို့ ချော့လို့ဆိုပြီး သူက တရားဝင်လက်ထပ်ယူခဲ့တာပဲ ...။

ဒါကြောင့်လည်း သူ့ရဲ့အပျော်မယားတွေထက် ငါ့ကို မဟေသီအဖြစ် အစစအရာရာ ဦးစားပေးခဲ့တာပဲ ...။





ဒါကြောင့်မို့ ငါ့ရဲ့ဘဝနောက်ကြောင်းကို ဂျေဗီဒမ် သိလို့ လုံးဝမဖြစ်ဘူး ...။

သူ မသိခင် ဒါမှမဟုတ် ငါ့ရဲ့အတိတ်ဇာတ်ကြောင်း ဘွားဘွားကြီးမပေါ်ခင် အဲဒီကိစ္စကို အရင်ဦးအောင် ရှင်းထားမှ ...။

အင်း ... တော်ပါသေးရဲ့။ ဂျေဗီဒမ်နဲ့ လက်ထပ်ပြီးတဲ့နောက် ဒီလောက်နှစ်တွေအကြာကြီးအတွင်း ခရီးလမ်းပန်း ကြမ်းတမ်းလှတဲ့အတွက် ပါတလိပုတ္တရကနေ ဘယ်ကုန်သည်မှ မလာလို့ ...။

ဟုတ်ပြီ၊ ဘာပဲဖြစ်ဖြစ် ငါ ရှင်းစရာရှိတာ ကြိုရှင်းထားရမယ်၊ ကြိုရှင်းထားရမယ်”

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## ပျောက်သောသူ ရှာလျှင်တွေ့

နံနက်စောစော

နှင်းမြူမကွဲတကွဲအချိန်။

ရာဇပုတ္တရမြို့စွန်ရှိ ဖုန်းဆိုးမြေအစပ်တွင် စီးလာသည့် မြင်းတို့ကိုရပ်လိုက်ကြကာ အဆုံးအစမဲ့သည့် သဲကန္တာရလွင်ပြင်ကြီးဆီသို့ နေမန္တနှင့် စိမ့်ဒေဝီတို့ ငေးကြည့်ရင်း ငြိမ်သက်နေကြလေသည်။

ဆံပင်ကို နောက်လှန်ဖြီးထားပြီး နောက်စေ့၌ သားရေကွင်းဖြင့် စုချည်ကာ ပိုနီတေးဆံပင်ချထားသည့် စိမ့်ဒေဝီက





နားနှစ်ဖက်တွင် သတ္တုနားကွင်းကြီးကြီးတို့ကိုပါ ပန်ထားသဖြင့် ပင်လယ်ဓားပြပုံပေါက်နေ၏။

အရပ်မြင့်မားပြီး ခန္ဓာကိုယ်ထွားကြိုင်းကျစ်လစ်သဖြင့် ရုပ်အကျီအကြား ရောက်ရှည် သရေဝေ့စ်ကုတ်အကျီ နီညိုရောင်မြင်းစီးဘောင်းဘီကျပ်ကျပ် တောစီးဘွတ်ဖိနပ်လည်ရှည်တို့ ဝတ်စားထားကာ ခါးပတ်၌ ဓားမြှောင်တစ်ချောင်းကို သားရေဓားအိမ်ဖြင့် ချိတ်လွယ်ထားသည့် သူမ၏ဟန်ပန်က ပီဘိယောက်ျားလေး အသွင်ပေါက်နေသည်။

သူမက လေသံအမျိုးမျိုး ပြောင်းပြောတတ်အောင် လေ့ကျင့်ထားသူမို့လည်း သူမ၏ယောက်ျားလေး စကားသံက တကယ် ယောက်ျားလေးအစစ်၏ အသံမျိုး ဖြစ်နေသည်။

သူမက သားရေဝေ့စ်ကုတ်အကျီထူထူကို ဂရုမြှုဝတ်ဆင်သဖြင့် မို့မောက်သည့်ရင်သားတို့ကို ဖုံးကွယ်ထားပြီးဖြစ်၏။

ယောက်ျားလေးတစ်ဦး၏ ဟန်ပန်မာန်အပြည့်ရှိနေသည့် စိမ့်ဒေဝီက ယမန်နေ့နေ့လယ်ကအဖြစ်အပျက်တို့ကို ပြောပြသဖြင့် နေမန္တမှာ အံ့အားတသင့် ဖြစ်ရသလို သူမ၏ ထက်မြက်ရဲရင့်မှုကိုလည်း စိတ်ထဲမှ မချီးကျူးဘဲ မနေနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မနက်စောစောမှာပင် မြင်းခွာလျှက်စီးရင်း စကား ပြောနိုင်ရန် ရွေကန္တာတည်းခိုဆောင်သို့ သူစီရောက်ရှိလာပြီး စိမ့် ဒေဝီကို နှိုးကာ ခေါ်ထုတ်ခဲ့ခြင်းဖြစ်သည်။

"အင်း ... စိမ့်ဟာ တကယ့်အာဂမိန်းကလေးပဲ"

စိမ့်ဒေဝီသည်ကား ချစ်မက်မြတ်နိုးစရာကောင်းသော မိန်းကလေးမျိုးမဟုတ်ဘဲ တန်ဖိုးထားလေးစားအပ်သည့် မိန်း ကလေးမျိုးဖြစ်၏။ သူက သည်လိုမိန်းကလေးမျိုးကိုမှ ချစ်မိနေ သည်ပဲ။ တွေးရင်း သူမကို ငေးကြည့်နေစဉ်မှာပင် စိမ့်ဒေဝီက လှည့်ကြည့်သည်။

"အဲဒီပရိယန်ဆိုတဲ့ အမျိုးသမီးပြောပုံဆိုပေါက်ကြည့်ရ တာ သူ့ယောက်ျား ကန္တာရမြွေဟောက်လိုပဲ ရက်စက်တတ်တဲ့ သဘောရှိတယ် သိလား ...၊

ဒါပေမဲ့ သူ စိမ့်ကိုကြည့်တဲ့မျက်လုံးတွေထဲမှာ စိတ် ဝင်စားတဲ့ အရိပ်အယောင်တွေကို တွေ့ရတယ် သိလား နေမနွ ...၊

စိမ့်ရယ် ... မင်းကိုတွေ့တဲ့လူတိုင်းက စိတ်ဝင်စား ကြတာပဲ။ အဲဒါ မဆန်းပါဘူး"





"အမ်း ... ထားပါလေ၊ စိမ့်ရဲ့စိတ်ထဲမှာလည်း အဲဒီ မိန်းမကို တစ်နေရာရာမှာ မြင်ဖူးသလိုလိုပဲ"

"ဒါကလည်း ဖြစ်တတ်ပါတယ်။ သူနဲ့ ရုပ်ချင်းဆင်တဲ့ အမျိုးသမီးတစ်ယောက်ယောက်ကို စိမ့်မြင်ဖူးတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"အင်းလေ ... အဲဒီလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါထက် ... စိမ့်က တန်ဖိုးကြီးလှတဲ့ ပတ္တမြားကို ဘာဖြစ်လို့ ယူလာရတာလဲ။ ရောင်းဖို့ယူလာတာလား"

"ရောင်းဖို့ မဟုတ်ပါဘူး။ အဲဒီပတ္တမြားကို မဟာရာဇာ ကြီးတို့လင်မယားက စိမ့်ကိုမွေးတဲ့နေ့မှာပဲ လက်ဆောင်အဖြစ် အမေ့ကိုပေးခဲ့တာတဲ့ ...၊

အမေကလည်း အဲဒီပတ္တမြားကို သိပ်မြတ်နိုးတာပဲတဲ့ ...၊

ဒါပေမဲ့ ... အမေက အဲဒီပတ္တမြားကို ဆွဲသီးလုပ်ပြီး လည်း မဆွဲဘူး။ လက်စွပ်လည်း ကွင်းမဝတ်ဘူး။ စိမ့်အသက် ၁၈–နှစ်ပြည့်တဲ့အခါ ဘယက်ဖြစ်ဖြစ် လည်ဆွဲဖြစ်ဖြစ် လုပ်ပေးဖို့ သိမ်းထားခဲ့တယ်တဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



အဖေဆုံးပြီး ရာဇပုတ္တရဆီ ထွက်ခွာခါနီးမှာမှ စိမ့်ကို ရော၊ ပတ္တမြားကိုပါ စိမ့်ရဲ့မွေးစားမိဘ မဟာရာဇာကြီး လင်မယားရဲ့လက် အပ်ခဲ့တာတဲ့ ...၊

ဒါကြောင့် အမေ့ကို ရှာဖွေဖို့ ဒီရာဇပုတ္တရဆီလာတော့ အမေ့ရဲ့ပတ္တမြားလေးကိုပါ တစ်ခါတည်း ယူလာခဲ့တာပါ။ စိမ့်မှာ မေမေ့ရဲ့ ငယ်ဘဝဓာတ်ပုံနဲ့ အဲဒီပတ္တမြားလေးပဲ သက်သေခံ အနေနဲ့ ရှိပါတယ်''

''အင်း ... ကိုယ်လည်း လက်လှမ်းမီသလောက် စိမ့်ရဲ့ အမေကို စုံစမ်းရှာဖွေပေးနေပါတယ်။ ဒီရာဇပုတ္တရမှာ စိမ့်ရဲ့အမေ အသက်ထင်ရှားရှိနေရင် တစ်နေ့မဟုတ် တစ်နေ့ တွေ့ရမှာပါပဲ''

''ကဲ ... နေလည်း အတော်ထွက်လာပြီ။ ကိုယ်တို့ မြို့ဘက် ပြန်ရအောင်''

သို့ဖြင့် သူနှင့်သူမတို့က ရာဇပုတ္တရမြို့ဘက်ဆီသို့ မြင်းတို့ကို ခပ်ဖြည်းဖြည်း အသားကျစီးလာကြတော့၏။

ထိုစဉ် မြို့ဘက်မှ ရထားလုံးတစ်စီး မောင်းနှင်လာကာ သူမတို့နှင့်နီးလာသည်တွင် ရထားလုံးက ရပ်သွားပြီး ရထားထက်မှ လှပချောမောသော အမျိုးသမီးတစ်ဦး ဆင်းသက်လာတော့၏။





''အို ... ကန္တာရမြွေဟောက်ရဲ့မိန်းမ ပရီယန်ပါလား''

ပရီယန်က သူမတို့၏ပြေးလမ်းရှေ့မှာ ဝိတ်ရပ်ရင်း လက်ပြတားလိုက်သဖြင့် မြင်းများကိုရပ်လိုက်ရပြီး စိမ့်ဒေဝီက မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

''ဘယ့်လိုလဲ ... ကျုပ်ကို လုံးဝမနှောင့်ယှက်တော့ပါဘူးလို့ ခင်ဗျားရဲ့ယောကျ်ား ကန္တာရမြွေဟောက်က ကတိပေးပြီးပြီ မဟုတ်လား။ ဘာဖြစ်လို့ ခုလို နှောင့်ယှက်ရတာလဲဗျ''

အငေါ်တူးကာမေးလိုက်သည့် စိမ့်ဒေဝီကို ပြုံးကြည့်ရင်း ပရီယန်က အေးဆေးစွာဖြေသည်။

''မင်းကို နှောင့်ယှက်တာ မဟုတ်ပါဘူး။ နှစ်ယောက်တည်း စကားပြောစရာရှိလို့ပါ''

သူမက နေမန္တဘက်သို့ပါ ပြုံးရင်း လှည့်ပြောလိုက်သည်။

''သခင်လေးနဲ့ ဇာဇာတို့က အဖွဲ့ကျနေပါလား''

''ဟုတ်ပါတယ်၊ ကျုပ်တို့က သူငယ်ချင်းတွေပါ''

''သြော် ... သြော်''

''ကဲ ... ကောင်းပြီလေ။ ဇာဇာနဲ့ပြောစရာရှိတာ ပြောကြပါ။ ကျုပ်ကိုတော့ သွားခွင့်ပြုပါ''



www.burmeseclassic.com

www.burmeseclassic.com



ခဲနေမန္တ နှုတ်ဆက်ပြီး မြင်းဖက်ကြိုးကိုဆွဲကာ မြို့ဘက်ဆီသို့ ထွက်ခွာသွားလေလျှင် စိမ့်ဒေဝီလည်း မြင်းပေါ်မှဆင်းလိုက်ရတော့၏။

"ကဲ ကလေး . . . တို့များ အေးအေးဆေးဆေး မေးမြန်းဆွေးနွေးနိုင်စေဖို့ ဟောဟိုက ချုံပုတ်တွေဆီသွားရအောင်"

ပရိယန်က ခပ်လှမ်းလှမ်းမှ ဆူးချုံကြီးများဆီသို့ လက်ညှိုးညွှန်ပြပြီးနောက် သူကိုယ်တိုင်လည်း ယင်းနေရာသို့ လျှောက်လှမ်းသွားရာ စိမ့်ဒေဝီသည်လည်း သူမ၏နောက် ခပ်လှမ်းလှမ်းမှလိုက်ပါသွားရလေသည်။

ရထားလုံးနှင့် အတော်လှမ်းသည့်နေရာရောက်မှ ပရိယန်က ရပ်လိုက်ပြီး စိမ့်ဒေဝီအား သေသေချာချာ စူးစူးစိုက်စိုက်လှည့်ကြည့်ရာ –

စိမ့်ဒေဝီကလည်း သူမကို ခပ်စူးစူးလေးပြန်ကြည့်ကာ အကဲခတ်နေလိုက်လေ၏။

"ဒီမှာ မင်းက ပါတလိပုတ္တရကနေ မင်းရဲ့အမေကို ရှာဖွေဖို့လာတာဆို"

"ဟုတ်ပါတယ်"





"မင်းအမေရဲ့နာမည်က ဘယ်သူလဲ?"

"နန်းစောမာလာပါ"

"ဩော် . . . ဟုတ်လား။ ဒါထက် မင်းရဲ့အမေကလည်း မင်းကို ပါတလိပုတ္တရမှာ ဘာသဘောနဲ့ ထားရစ်ခဲ့တာပါလိမ့်"

"အမေက သူ့ရဲ့အမျိုးတွေကို ပြန်တွေ့လိုတွေ့ငြား မျှော်လင့်ချက်နဲ့ ထွက်သွားတာပါ။ နှစ်နှစ်သားအရွယ် ကျွန်တော့်ကို မဟာရာဇာကြီးတို့က ကျွေးမွေးစောင့်ရှောက်ထားခဲ့ပါတယ်"

ပရိယန်က ဘေးဝန်းကျင်ကို မျက်စိကစားကာ ဝေ့ကြည့်လိုက်ပြီးမှ စိမ့်ဒေဝီ၏မျက်ဝန်းတို့အထဲသို့ စူးစူးစိုက်စိုက် ကြည့်ကာ သံပြတ်ဖြင့် မေးလိုက်လေသည်။

"ဒီမှာ ဖာဖာ . . အဲဒီ နန်းစောမာလာဟာ ပါတလိပုတ္တမြို့မှာ သမီးတစ်ယောက်ကိုပဲ ချန်ထားခဲ့တာမဟုတ်လား"

ဤတွင် စိမ့်ဒေဝီက အံ့အားသင့်သွားပြီး ပရိယန်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

"အဲဒါကို ခင် ခင်ဗျားကြီး ဘယ်လိုသိတာလဲ"

"ဘယ်လိုပဲ သိသိပေါ့။ နန်းစောမာလာမှာ သမီးတစ်ယောက်ပဲရှိတယ်။ ဘယ်က သားမှမရှိဘူး"

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



စိမ့်ဒေဝီက လိုက်ခနဲ ဝမ်းသာသွားတော့၏။ ထို့ကြောင့်လည်း ပရိယန်၏လက်များလှေ့များကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ကာ အသံတုန်တုန်လေးဖြင့် မေးမိလေသည်။

''ဒါ ဒါဆို ကျွန်တော့်ရဲ့အမေကို အန်တီ ကောင်းကောင်းကြီး သိနေတယ်ပေါ့ ဟုတ်လား''

''ဆိုပါတော့ကွယ်''

''ဟာ ...ဒါ ဒါဆို အမေ အမေ ဘယ်မှာလဲဟင်?''

''နေပါဦး ...မင်းက ဘာဖြစ်လို့ အမေလို့ ခေါ်ရတာလဲ။ နန်းစောမာလာမှာ သားမရှိဘူး။ သမီးတစ်ယောက်ပဲ ရှိပါတယ်''

''ဟုတ်ပါတယ် ...တကယ်တော့ ကျွန်တော်ဟာ ယောကျ်ားလေး မဟုတ်ပါဘူးဗျာ။ မိန်းကလေးပါ။ နာမည်ကလည်း ဇာဇာမဟုတ်ပါဘူး။ စိမ့်ဒေဝီပါ''

''အို ...ဟုတ်လား''

ပရိယန်က အံ့ဩဝမ်းသာစွာ အော်ဟစ်လိုက်၏။

''ဟုတ်ပါတယ်၊ ယောဒါ ...စိမ့်မေမေရဲ့ဓာတ်ပုံပါ''

စိမ့်ဒေဝီက သားရေဝေ့စကုတ်၏အတွင်းအိတ်ထဲမှ ဆေးသား အတန်လွင့်ပြယ်နေပြီဖြစ်သည့် ပုံဟောင်းလေးကို





ထုတ်ယူကာ ပြလိုက်၏။

ပရိယန်က ဓာတ်ပုံကိုကြည့်လိုက်၊ စိမ့်ဒေဝီကို ကြည့်လိုက်ဖြင့် မျက်ဝန်းတို့အထဲမှ မျက်ရည်တို့ စီးလိမ့်ကျလာတော့သည်။

စိမ့်ဒေဝီက ပရိယန်ကို အံ့အားတသင့် ကြည့်ရင်း မေးလိုက်၏။

''နေပါဦး။ အန် ...အန်တီက''

''အမေ အမေက ...နန်းစောမာလာပါပဲကွယ်''

''အို''

''ဟုတ်ပါတယ် သမီးလေးရယ်။ အမေဟာ သမီးလေး ရှာဖွေနေတဲ့ နန်းစောမာလာပါပဲ''

''ဒါ ဒါဆို တစ်ခုမေးပါရစေ၊ အမေနန်းစောမာလာမှာ ငယ်နာမည်ရှိတယ်။ ပြောပြနိုင်မလား''

''ဩော် ...သမီးလေးက အမေ့ကို မယုံသေးဘူးကိုး။ အမေ့ရဲ့ငယ်နာမည်က ပိုးတောင်ဖြူပါတဲ့ကွယ်။ အသားဖြူလွန်းလို့ လူကြီးတွေက ချစ်စနိုးခေါ်ခဲ့ကြတာပါ''

''ဟာ ...ဟုတ်ပြီ၊ ဒါဆိုရင် စိမ့်ရဲ့မေမေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာသွားပြီ။ မေမေ . . . မေမေရယ် . . . သမီး ရှမ်းသာလိုက်တာ''

စိမ့်ဒေဝီက မိခင်ဖြစ်သူကို အားပါးတရဖက်လိုက်သလို မိခင်ကလည်း သမီးကို တင်းတင်းကြီး ပြန်ဖက်ကာ ဝမ်းသာမျက်ရည်တို့ စီးလိမ့်ကျလာကြပါတော့၏။

ယင်းအချိန်တွင် ခပ်ဝေးဝေးမှ ကျောက်တောင်ကို ကွယ်ကာ လူတစ်ဦးက အဝေးကြည့်မှန်ပြောင်းဖြင့် စိမ့်ဒေဝီတို့ကို ဂရုတစိုက် ကြည့်ရှုလျက်ရှိလေ၏။

''ကဲ သမီး . . . မေမေနဲ့တွေ့ရပြီပဲ။ ဘာမှ အားမငယ်နဲ့တော့ ဟုတ်လား''

''ဟုတ်ကဲ့ပါ မေမေ၊ အခုမှ သမီးရဲ့ဘဝဟာ လုံးဝအဓိပ္ပာယ်ရှိသွားပါပြီ''

''ဒါပေမဲ့ တစ်ခုတော့ရှိတယ် သမီး။ အဲဒီအချက်ဟာ မေမေနဲ့သမီးတို့ရဲ့ အသက်တမျှ အရေးကြီးတဲ့အချက်ပဲ''

''ဘာများလဲ မေမေ''

''မေမေတို့ရဲ့ဇာတ်လမ်းကို ဂျေဗီဒမ်သိလို့ လုံးဝမဖြစ်ဘူး သမီး''





''ဂျေဗီဒမ် . . . ဟုတ်လား မေမေ။ သူက ဘယ်သူလဲ''

''ကန္တာရမြွေဟောက်ပေါ့ သမီးရဲ့''

''ဗြော်''

''သူသိလို့ လုံးဝမဖြစ်ဘူး သမီး။ သူက လုံးဝခွင့်လွှတ်တတ်သူမဟုတ်ဘူး။ ဘဝပေးအခြေအနေအရ သူကိုလက်ထပ်ဖို့ဖြစ်လာတော့ အမေ့ကို အဖျိုစင်လို့ပဲ ယုံကြည်ယူဆပြီး သူက တရားဝင်လက်ထပ်ယူခဲ့တာပါပဲကွယ် . . .၊

အခုမှ မေမေ့ရဲ့နောက်ကြောင်းတွေ ပေါ်သွားရင် ကန္တာရမြွေဟောက်က လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူး။ သူ ဘယ်လောက်ရက်စက်တတ်သလဲဆိုတာ သမီးလည်း ကိုယ်တွေ့ကြုံလာရတာပဲလေ''

''ဟုတ်ပါပြီ . . . သမီး သဘောပေါက်ပါပြီ။ ဒါပေမဲ့ သမီး မေမေနဲ့ ထပ်တွေ့ချင်ပါသေးတယ်''

''အေးပါကွယ် . . . မေမေ ကြည့်ပြီးစီစဉ်ပါ့မယ်။ ခုတောင် မြို့လယ်ဈေးဘက်သွားဦးမယ်လို့ ပြောလာရတာ။ အချိန်တောင် အတော်နှောင်းသွားပြီ။ ကဲ မေမေသွားဦးမယ်နော်''

''ဟုတ်ကဲ့ပါ . . . ဟုတ်ကဲ့ပါ မေမေ''



www.burmeseclassic.com

www.burmeseclassic.com



နန်းစောမာလာက သမီး၏လက်လေးကို မလွှတ်ချင် လွှတ်ချင် လွှတ်လိုက်ကာ ရထားလုံးဆီ လျှောက်သွားပြီး ရထားလုံးပေါ် တက်လိုက်တော့၏။

စိမ့်ဒေဝီမှာမူ ရထားလုံးကို ငေးကြည့်ကျန်ရစ်ရင်း ဝမ်းမြောက်ဝမ်းသာစွာ ရင်ခုန်လှုပ်ရှားလျက် ရှိပါတော့၏။

❋





"ဘာ ဒေဗီ ... မင်းမြင်ခဲ့တာတကယ်လား"

"တကယ်ပါ ဆရာ၊ မြို့တောင်ဘက်က ကန္တာရအစပ်နားမှာပါ။ သူတို့နှစ်ယောက်က ချုံကိုကွယ်ပြီး ချစ်ရည်လူးနေကြတာပါ။ တစ်ယောက်ကိုတစ်ယောက် တအားကိုဖက်ထားကြတာပါ။ ကျွန်တော် မှန်ပြောင်းနဲ့ သေချာတွေ့ခဲ့ရတာပါ"

"တောက် ... ဖောက်ပြန်တဲ့ဟာမနဲ့ ဟိုခွေးသားလေးတို့ တော့ တွေ့ကြသေးတာပေါ့ကွာ"

ကန္တာရမြွေဟောက်သည် တပည့်ရင်းတစ်ဦးဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဒေဗီအား အထပ်ထပ်အခါ စစ်မေးလျက်ရှိပြီး ဒေါသလည်း အကြီးအကျယ် ပေါက်ကွဲလျက်ရှိလေသည်။

"အေး . . . ဒါပေမဲ့ အဲဒီအမှုကို တည်သောက်ရာမှာ တိကျပြီး အကွက်စေ့ဖို့လိုတယ်။ ဒါကြောင့် ဒေဗီ"

"ဗျာ"

"မင်း . . . သူတို့နှစ်ယောက်ကို မျက်ခြည်မပြတ်ကြည့်ပြီး ငါ့ကို သေချာပြန်ပြောဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

"အေး . . . သင်းတို့ ဖောက်လွဲဖောက်ပြန် တကယ်ဖြစ်နေကြောင်း ကျိုးကြောင်းခိုင်လုံပြီးမှ သင်းတို့ကို ငါကိုယ်တိုင်သတ်မယ်"

"ဟုတ်ကဲ့"





နောက်နေ့နံနက်တွင် —

မြို့အရှေ့ဘက်ပိုင်းဆီ မြင်းစီးအတူထွက်ကြရင်း စိမ့်ဒေဝီက ဖြစ်ကြောင်းကုန်စင်ကို နေမန္တအား ဖွင့်ပြောလိုက်သည်။

"သြော် . . . ဟုတ်ပြီ၊ ဒါဆို စိမ့်ရဲ့ရည်ရွယ်ချက် အောင်မြင်သွားပြီပေါ့"

"ဟုတ်တယ် . . . မေမေ့ကိုတွေ့ရပြီ။ ဒါပေမဲ့ အဲဒီအကြောင်း ကန္တာရမြွေဟောက်သိလို့ လုံးဝမဖြစ်ဘူးလို့ မေမေက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီလေ။ ဒါက နှုတ်လုံရင်ရပါတယ်။ ခက်တာက ရေရှည်မှာ ဘယ့်လိုလုပ်ကြမလဲဆိုတာပဲ။ စိမ့်ရဲ့အမေက စိမ့်နောက်ကိုပဲလိုက်မှာလား။ ဒီမှာ ဗိုလ်နေမြဲ ကျားနေမြဲနေမှာလား ဆိုတာပဲ"

"အို ... စိမ့်ကတော့ မေမေ့ကို ဒီလောက် ဝေးလံသီခေါင်ပြီး ရာဇဝတ်မှုထူပြောလှတဲ့ ဒေသမှာ မထားခဲ့ချင်ပါဘူး။ မေမေ့ကို မရရအောင် ခေါ်ထုတ်မှာပဲ"

"ဟုတ်ပါပြီလေ။ ကဲ ကဲ ... ခုလောလောဆယ်တော့ ကန္တာရမြွေဟောက်ကြီး လုံးဝမရိပ်မိအောင် သေသေဝပ်ဝပ်နဲ့ နေထိုင်ဖို့ အရေးကြီးတယ်"

❋ ❋ ❋





## လျှို့ဝှက်လမ်း

"ရှင် ... ဘယ်လို"

"ဟုတ်တယ် ပရိယန်။ မင်း ဒီနေ့ကစပြီး ဒီအိမ်ပေါ်ထပ်ကနေ အောက်ကိုဆင်းခွင့်မရှိတော့ဘူး"

"နေပါဦး ... ကျွန်မကို အဲဒီလို ဘာဖြစ်လို့ ချုပ်ချယ်ရတာလဲ"

အိပ်ခန်းဆောင်ကြီးထဲတွင် ကန္တာရမြွေဟောက်၏ တစ်ချက်လွှတ်အမိန့်ကြောင့် ပရိယန်သည် မခံချိ မခံသာ ဒေါသဖြစ်သွားရသလို သူမ၏ဘဝနောက်ကြောင်းများ သိသွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် စိုးရိမ်ထိတ်လန့်စိတ်က တစ်ပြိုင်နက် ဖြစ်ပေါ်သွားရတော့၏။

"ပြောပါဦး ကောက်ကာငင်ကာနဲ့ ကျွန်မကို ဘာဖြစ်လို့ ဒီလိုချုပ်ချယ်ရတာလဲ"

ကန္တာရမြွေဟောက်က ခုတင်နံဘေးတွင် ခါးကြီးထောက်ရပ်လျက် မျက်ထောင့်နီဖြင့် ကြည့်သည်။

"ဒီမှာ ပရီယန် ... ငါ့မှာ အပျော်မယားတွေ ဘယ်လောက်ရှိရှိ မင်းကိုအချစ်ဆုံးပဲ။ မင်းကို တန်ဖိုးအထားဆုံးပဲ။ အေး ... ဒါပေမဲ့ မင်းကတော့ သစ္စာပျက်ယွင်းဖို့ ခြေလှမ်းစပြင်နေပြီ ဟုတ်ထယ် မဟုတ်လား။ အဲဒါကြောင့် မင်းကို အိမ်ထဲက အိမ်ပြင် ထွက်ခွင့်မပေးတော့တာပဲ။ မင်းအကြောင်းကို မင်းသိ၊ ငါ ဒါပဲ ပြောလိုက်မယ်"

"နေပါဦး ... ကျွန်မရဲ့အကြောင်း ကျွန်မ သိရအောင် ကျွန်မက ဘာတွေလုပ်နေလို့လဲ။ ဘယ်လိုသစ္စာကိုရော ကျွန်မက ပျက်ယွင်းနေလို့လဲ"

"ပရီယန် ... မင်း ပြီးခဲ့တဲ့ သောကြာနေ့မနက်တုန်းက မြို့တောင်ဘက်က မြက်ခင်းပြင်မှာ ဇာဇာနဲ့ ချိန်းတွေ့တာ ငါ





မသိဘူးမှတ်လို့လား"

"အို ... ဘုရားရေ"

"မင်း ဘာငြင်းချင်သေးသလဲ ... ဟင်း ဟင်း။ အဲဒီကိစ္စဟာ လူတွင်ပေါ်လို့ နားကျားကိုက်တာပါ။ အေး ... မင်းကို ငါ ချစ်လွန်းလို့ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ကြိမ်ဆိုရင်တော့ မင်းရော ဇာဇာဆိုတဲ့ကောင်ပါ၊ အသေသာမှတ်"

ပရီယန့်မှာ မည်သို့ဖြေရှင်းရမှန်းမသိတော့ချေ။ ဖြေရှင်းလျှင် ပိုရှုပ်ကုန်ပြီး ညောင်မြစ်တူးကာမှ ပုတ်သင်ဥပေါ် ဆိုသလိုဖြစ်မည်စိုးသဖြင့် အသာကိုယ်ရှိန်သတ်နေလိုက်ရလေသည်။

မည်သို့ဖြစ်စေ ပရီယန်မှာ ထိုအချိန်မှစပြီး စံအိမ်ရဲတိုက်နီကြီး၏အပေါ်ထပ်မှနေ၍ အောက်သို့ ဆင်းခွင့်မရတော့ချေ။

"အင်း ... ငါ့သမီးလေးနဲ့ ထပ်ပြီးတွေ့ချင်လိုက်တာ။ ခက်တာက ငါကိုယ်တိုင် ဒီစံအိမ်နီကြီးပေါ်က ဆင်းခွင့်မရတော့ သမီးလေးနဲ့ တွေ့ဖို့အရေး ဘယ်လိုမှ မကြံတတ်အောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီသည်လည်း မိခင်ဖြစ်သူနှင့် တွေ့ခွင့်မရသည်မှာ လေးငါးရက်ခန့်ရှိပြီမို့ နေမထိ ထိုင်မသာ ဖြစ်နေတော့၏။ မိခင်အတွက်လည်း လွန်စွာ စိုးရိမ်ပူပန်လျက်ရှိလေသည်။

"အမေ အမေ . . . ဘာများဖြစ်နေသလဲမသိဘူး။ အမေ့ရဲ့နောက်ကြောင်းတွေကို ကန္တာရမြွေဟောက် သိသွားလို့များ ပြဿနာဖြစ်နေသလား မသိဘူး"

"မဖြစ်သေးပါဘူး။ အမေ့ကို ငါ မဖြစ်,ဖြစ်တဲ့နည်းနဲ့ သွားတွေ့မယ်၊ သွားတွေ့မယ်"





ယခုရက်ပိုင်းအတွင်း နေမန္တမှာလည်း ဖခင်စော်ဘွားကြီး စေခိုင်းသဖြင့် အခွန်အကောက်ကိစ္စတို့အတွက် တာကစွတန်နယ်စပ်ရွာများဆီ သွားနေရသောကြောင့် စိမ့်ဒေဝီမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်မရှိ ဖြစ်နေရတော့၏။

မည်သို့ဖြစ်စေ မဖြစ်ဖြစ်သည့်နည်းဖြင့် မိခင်အား သွားတွေ့ရန် ဆုံးဖြတ်ထားသောကြောင့် ယနေ့ညမှာ ကန္တာရမြွေဟောက်၏စံအိမ် ရဲတိုက်နန်းကြီးထဲသို့ ဝင်ရောက်ကာ သွားတွေ့ရန် ကြံစည်တော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com



အကာလ ညဥ့်ယံက မှောင်မိုက်လို့နေသည်။

ပရိယန်မှာ ဖဲမွေ့ရာကြီးပေါ်တွင် ဟိုလူး သည်လှိမ့်ဖြင့် အိပ်စက်မပျော်နိုင် ဖြစ်နေရ၏။

လင်ယောကျ်ားဖြစ်သူ ကန္တာရမြွေဟောက်ကလည်း သူမအပေါ် ဒေါသမပြေသေးသဖြင့် စံအိမ်ရဲတိုက်နီကြီးဆီ ညည ပြန်မအိပ်သည်မှာ လေးညမက ရှိနေချေပြီ။

''အင်း ... ခုမှ ငါ့ရဲ့ဘဝက သမီးလေးနဲ့လည်း တွေ့ခွင့်မရ စံအိမ်ကြီးထဲကလည်း ဘယ်မှထွက်ခွင့်မရဘဲ အကျဉ်းကျ





သလို ဖြစ်နေရတယ်''

''သမီးလေးလည်း ငါ့ကို တွေ့ချင်ရှာမှာပဲ။ တွေ့ချင်ရှာမှာပဲ''

''အမေ'' !

''တာင်!''

ရုတ်တရက် သမီးဖြစ်သူ၏ခေါ်သံ ကြားလိုက်ရသဖြင့် ပရိယန်မှာ သူမ၏နားကို သူမ မယုံနိုင်အောင်ဖြစ်သွားပြီး အသံကြားရာ အိပ်ဆောင်ခန်းမကြီး၏တံခါးဝဆီ လှမ်းကြည့်လိုက်မိ၏။

တံခါးဝဆီမှ ခေါ်သံတိုးတိုး ထပ်ကြားလိုက်ရပြန်သည်။

''အမေ''

''ဟယ် ... ငါ့ ငါ့သမီးလေးရဲ့ခေါ်သံပါလား''

ပရိယန်သည် ထိတ်လန့်သလို ဝမ်းသာသလို ဖြစ်သွားတာ အိပ်ရာပေါ်မှ ကပျာကသီဆင်းပြီး တံခါးချက်ကို ပြေးဖွင့်လိုက်၏။

''အို ... သမီး သမီးပါလား''

သမီးဖြစ်သူကို တံခါးဝတွင် တွေ့လိုက်ရသဖြင့် လွန်စွာ ဝမ်းသာသွားပြီး တွေးဖက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီးလေး၊ အမေ့ဆီလာတာယ် ဟုတ်လား"

"ဟုတ်တယ် အမေ၊ သမီးအမေ့ကို မတွေ့တာကြာလို့ တွေ့ချင်လွန်းလို့ လာခဲ့တာပါ"

"အစောင့်တွေ ဒီလောက်ရှိနေတာကို သမီး ဘယ်လို လုပ်ပြီး ဝင်လာသလဲဟင်"

"သမီးက ကိုယ်လုပ်ချင်တာကို မရ,ရအောင် လုပ်တတ်တယ် အမေ"

"သမီး ... သမီး အစောင့်တွေကို သတ်မျှားသတ်ခဲ့သလား"

"သတ်တော့မသတ်ပါဘူး။ သူတို့အလစ်မှာ ခုန်ပျံကျော်လွှားပြီး ဝင်ခဲ့တာပါ။ အစောင့်နှစ်ယောက်ကိုတော့ မလွှဲမရှောင်သာ သတိလစ်ယုံ ရိုက်ခဲ့ရတယ် အမေ"

"အင်း ... ဂျေဗီဒမ်က သမီးကို ယောကျာ်းလေးဇာဇာလို့ပဲ ထင်နေတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မနက်တုန်းက မြို့တောင်ဘက်က မြက်ခင်းလွင်ပြင်မှာ သမီးနဲ့ တွေ့ခဲ့တာကို သူ ဘယ်လိုလုပ် သိသွားသလဲ မသိဘူး။ အမေ့ကို ဇာဇာဆိုတဲ့ ကောင်လေးနဲ့ ဖောက်ပြန်ဖို့ ချိန်းတွေ့တယ်လို့ စွပ်စွဲတယ်လေ"





"ဩော် ... ဖြစ်ရလေ အမေရယ်"

"ဒါပေမဲ့ သူက အမေ့ကို ချစ်လွန်းလို့ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ် နောက်တစ်ခါဆိုရင် နှစ်ယောက်စလုံးကို သတ်ပစ်မယ်လို့ ကြိမ်းထားတယ် သမီး။ သူကပြောတဲ့အတိုင်း လုပ်တတ်တယ်။ အခု ဒီစံအိမ်ကြီးထဲ တစ်ယောက်ယောက် ဝင်လာတယ်လို့ သူသိရင် ဇာဇာဝင်လာတာလို့ သူစွပ်စွဲမှာ သေချာတယ် ...၊

ဒါကြောင့် ဇာဇာအဖြစ်ရှိနေတဲ့ သမီးအတွက် အသက်အန္တရာယ်ရှိတယ်။ အမေ့ကိုလည်း သူ ဒုက္ခတစ်ခုခုပေးမှာပဲ"

"ဒီလောက် ရက်စက်ကြမ်းကြုတ်တဲ့ ဒုစရိုက်ကောင်ကြီးရဲ့လက်ထဲကနေ အမေ့ကို သမီးခေါ်သွားပါရစေ။ သမီးနဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား အမေ"

"အင်း ... မှန်တာပြောရရင် အမေလည်း သူ့ရဲ့လက်ထဲမှာ မနေလိုတော့ပါဘူးကွယ်။ သူ ဆင်မြန်းပေးတဲ့ ရတနာထည်တွေ၊ သူကျွေးတဲ့ စားသောက်ဖွယ်တွေ၊ သူဆင်ယင်ပေးတဲ့ အဖိုးတန် အဝတ်အထည်တွေမှာ သူတစ်ပါးရဲ့ သွေးညှီနံ့တွေ လိမ်းကျံနေတယ်လို့ အမေ ခံစားရတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့နေတော့ သူ့အကြိုက်လိုက်ပြီး ကြိမ်းကြုတ် ရက်စက်ဟန်ဆောင်ရတယ်။ ခက်ထန်မာကျောတဲ့စကားတွေ ပြောရတယ်။ တကယ်တော့ အဲဒီလို အကုသိုလ်များလှတဲ့ဘဝကို ရွံရှာစက်ဆုတ်လှပြီ။ ရုန်းမထွက်သာလို့သာ ကြိတ်မှိတ်ပြီး ပျော်ချင်ဟန်ဆောင်နေရတာပါ သမီးရယ်''

''ဒါကြောင့် သမီးပြောတာပေါ့။ သမီးနဲ့ တစ်ခါတည်း လိုက်ခဲ့ပါအမေ။ သူနဲ့ဝေးရာဆီ သမီးတို့ ထွက်ပြေးကြရအောင်''

ထိုအချိန်မှာပင် ခြံဝင်းကြီးဆီသို့ မြင်းရထားများ မောင်းဝင်လာသံတို့ကို ကြားလိုက်ရတော့၏။

''ချွင် ချွင် ချွင်''

''ဟော ... သူ သူပြန်လာပြီ သမီး''

''လာ လာ သမီး သမီးကို သူ တွေ့သွားလို့ မဖြစ်ဘူး''

ပရီယာနက စိမ့်ဒေဝီကို အခန်းငယ်တစ်ခုထဲသို့ ပုန်းအောင်းနေရန် ဆွဲခေါ်သွားစဉ် အောက်ဘက်ခြံဝင်းကြီးထဲမှ လိုသည့်ထက် ပိုသော ဆူညံသံများ ပွက်လောရိုက် ကြားရသဖြင့် မသက်သာဖြစ်ကာ ပြတင်းတံခါးတစ်ချပ်ကို အသာဖွင့်ပြီး ခြံဝင်းထဲသို့ ကဲကြည့်လိုက်၏။





''ငါတို့လူနှစ်ယောက်ကို ရိုက်သွားတယ်''

''သူခိုးဝင်တယ် လိုက်ရှာကြဟေ့''

''အဲဒါ ဇာဇာဆိုတဲ့ကောင်ပဲ ဖြစ်ရမယ်။ တောက် ... အဲဒီကြာကူရိုကောင်ကို တွေ့တဲ့နေရာမှာသတ်ပစ်။ ဟို မျောက်မထားတဲ့ ကောင်မယုတ်ကို ငါကိုယ်တိုင်သတ်မယ်''

''ရှာကြ ... ချောင်ကြိုချောင်ကြားအနှံ့ လိုက်ရှာကြစမ်း''

ပြတင်းတံခါးကို ပြန်ပိတ်ပြီး ပရီယာနက စိမ့်ဒေဝီကို ထိတ်လန့်တကြားကြည့်သည်။

''သမီး မိုးမီးလောင်ပြီ''

''သမီး အားလုံးကြားတယ် အမေ''

''ခုအချိန်မှာတော့ ဘယ်လိုမှ ရှင်းပြလို့ရတော့မှာ မဟုတ်ဘူး''

စိမ့်ဒေဝီက ခါးကြားမှာထိုးထားသည့် ပစ္စတိုကို ဆွဲထုတ်လိုက်၏။

''သမီး အမေ့ကိုအသက်ပေးပြီးကာကွယ်ပါ့မယ် အမေ။ သိပ်လည်း မစိုးရိမ်ပါနဲ့''

www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူး သမီး။ သူတို့က လူအုပ်များတယ်။ သူတို့မှာလည်း သေနတ်တွေရှိတယ်။ သူတို့နဲ့ ထိပ်တိုက်တွေ့လို့ မဖြစ်ဘူး။ အဲ ... တစ်ခုတော့ရှိတယ်၊ လျှို့ဝှက်လမ်းတစ်ခုတော့ ရှိတယ်။ အဲဒီလမ်းကနေ ထွက်ပြေးမှဖြစ်မယ်။ လာ လာ သမီး ... လာ လာ''

ပရိယန်က အိပ်ခန်းထဲမှ သော့တွဲတစ်တွဲနှင့် လက်နှိပ်မီးကို ပြေးယူပြီးနောက် စိမ့်ဒေဝီ၏ လက်ကို ဆွဲပြေးတော့သည်။

စင်္ကြံလမ်းအတိုင်း စံအိမ်ကြီး၏နောက်ဘက်ဆီသို့ ပြေးသွားကြပြီးနောက် အခန်းတစ်ခန်းထဲသို့ သော့ဖွင့်ဝင်လိုက်ကြလေသည်။

ထိုအခန်းလွတ်၏ နံရံတစ်ဖက်ပေါ်ရှိ အုတ်ချပ်တစ်ချပ်ကို အားစိုက်ပြီး သုံးကြိမ်သုံးခါ ဖိနှိပ်လိုက်ရာ တဟီဟီမြည်သံကြီးနှင့်အတူ နံရံမှ အနံသုံးပေ၊ အမြင့်ခြောက်ပေခန့်ရှိသော အုတ်သားလွှာကြီးမှာ အတွင်းဘက်သို့ နစ်ဝင်သွားသည်တွင် ဝင်ပေါက်တစ်ခု ဖြစ်ပေါ်လာတော့၏။

''လာ သမီး''

ပရိယန်က စိမ့်ဒေဝီ၏လက်ကို ဆွဲလျက် လျှို့ဝှက်



အပေါက်ထဲသို့ ဝင်လိုက်ပြီး နံရံမှ အုတ်ချပ်တစ်ချပ်ကို ဖိနှိပ်လိုက်ရာ ဝင်ပေါက်တံခါးမှာ တဟီဟီမြည်လျက် ပြန်ပိတ်သွားပါတော့၏။

လက်နှိပ်မီး၏အလင်းရောင်ကို အားပြုလျက် ကျောက်သားလှေကားထစ်များအတိုင်း ဆင်းခဲ့ပြီးမှ ကျောက်သားဥမင်လိုဏ်လမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လှမ်းခဲ့ကြရာ ကွေ့လိုက်၊ ကောက်လိုက်၊ နိမ့်ဆင်းသွားလိုက်၊ မြင့်တက်လိုက်ဖြင့် တစ်နာရီကျော်ကျော်ခန့် ခရီးနှင်ခဲ့ပြီးလျှင်မှ ရှေ့၌ ကျောက်သားတံခါးတစ်ချပ် ပိတ်ဆီးထားသည်ကို တွေ့ရလေသည်။

ပရိယန်က ယင်းကျောက်သားတံခါးချပ်၏လက်ဝဲဘက်ရှိ ကျွဲချိုသဏ္ဍာန် လက်ကိုင်ခလုတ်ကို ဖိနှိပ်ဆွဲချလိုက်ရာ –

''ဟီ ဟီ ဟီ ဟီ''

တဟီဟီ မြည်သံတို့နှင့်အတူ ကျောက်သားတံခါးချပ်ကြီး ပွင့်သွားပါတော့၏။

ဤတွင် ကြယ်ရောင် လရောင်မှိန်မှိန်ကို မြင်ရပြီး ချုံနွယ်ပိတ်ပေါင်းတို့က တံခါးဝကို ပိတ်ဆီးထားကြောင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး အခု အမေတို့ရောက်နေတဲ့နေရာဟာ ဂျေဗီဒမ်ရဲ့ တပည့် ဓားပြအဖွဲ့ရဲ့ စခန်းပဲ။ သတိထား"

"ဒီနေရာက မြို့စွန်ပေါ့ ဟုတ်လား အမေ"

"ဟုတ်တယ်သမီး၊ မြို့ရဲ့ အနောက်စူးစူး တောအုပ်ထဲမှာပဲ"

စိမ့်ဒေဝီက ဓားမြှောင်ဖြင့် ချုံနွယ်တို့ကို ဖယ်ရှားကာ အပြင်သို့ ထွက်လိုက်ရာ မြေအုတ်တို့ဖြင့် ဆောက်ထားသည့် အုတ်တိုက်ငယ်လေး သုံးလေးလုံးနှင့် ရွက်ဖျင်တဲတစ်လုံးကို တွေ့လိုက်ရပြီး ယင်းတို့၏အလယ်၌ မီးပုံတစ်ပုံရှိကာ ဓားပြအချို့က မီးပုံကို ဝိုင်း၍ထိုင်လျက် အရက်သောက်နေကြလေသည်။

စိမ့်ဒေဝီက လက်ယာလက်တွင် ပစ္စတိုကို ဆုပ်ကိုင်ထားလျက် လက်ဝဲဘက်ဖြင့် မိခင်၏လက်ကိုဆွဲကာ မှောင်ရိပ်ခိုပြီး အုတ်တိုက်ငယ်လေးတို့နှင့် ဝေးရာသို့ ခြေသံလုံလုံဖြင့် ခပ်သုတ်သုတ် လှမ်းလာခဲ့ကြ၏။

"ဟိတ် ဘယ်သူတွေလဲ"

"အို သမီး . . . အမေတို့ကို တွေ့သွားကြပြီ"

"ဟော့ . . . ရပ်စမ်း"





"ဒိုင်း"

အစောင့်တစ်ယောက်က သူမတို့ဆီ သေနတ်ဖြင့် လှမ်းပစ်သဖြင့် စိမ့်ဒေဝီက ပြန်ပစ်ရတော့၏။

"ဒိုင်း"

"အား"

"ရန်သူဟေ့ ရန်သူ"

ဓားပြအဖွဲ့တစ်ခုလုံး လှုပ်လှုပ်ရှားရှား အော်ဟစ်ဆူညံသွားကာ လက်နှိပ်မီးရောင်တို့ကလည်း စိမ့်ဒေဝီတို့ဆီ ကျရောက်လာတော့၏။

"ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်ကျည်ဆံတို့ကလည်း တစ်ပြိုင်နက်ကျရောက်လာရာ သစ်ခြောက်ပင်တို့ကိုကွယ်လျက် စိမ့်ဒေဝီက ပစ္စတိုဖြင့် ပြန်ပစ်လေ၏။

လက်ဖြောင့်လှသည့် စိမ့်ဒေဝီက မှောင်ရိပ်ခိုကာ ပစ်ခတ်သမျှ အလင်းရောင်အောက်ရှိ ဓားပြတို့မှာ တစ်ယောက်ပြီး တစ်ယောက် ကားခနဲ ကားခနဲ ကျဆုံးကုန်ရာ ဓားပြတို့၏ တိုက်စစ်က ခေတ္တရပ်တန့်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီတို့က မှောင်ရိပ်ခိုလျက် ဆက်ပြေးလာရာ မြင်းများ လှန်ထားရာဆီသို့ ရောက်ရှိသွားကြတော့၏။

"အမေ မြင်းနဲ့ပြေးကြမယ်။ အမေ မြင်းစီးတတ်တယ်မဟုတ်လား"

"ဟင့်အင်း . . . မစီးတတ်ဘူး သမီး"

"ကဲ . . . ဒါဆို သမီးရဲ့နောက်ကလိုက်ပေတော့"

စိမ့်ဒေဝီက မြင်းတစ်စီးပေါ်သို့ လွှားခနဲ တက်လိုက်ပြီးနောက် သူမ၏မိခင်ကိုပါ တက်စေကာ ထိုနေရာမှ စိုင်းနှင်ထွက်ခွာခဲ့တော့၏။

"ခွပ်"

"ခွပ်"

"ခွပ်"

"ဟာ . . . ရန်သူတွေပြေးပြီဟေ့၊ လိုက် . . . လိုက်ကြ"

စိမ့်ဒေဝီက ဖုန်းဆိုးမြေပြင်ကို ဖြတ်လျက် မြင်းကို စိုင်းနှင်ခဲ့ရာ ကောင်းကင်ထက်မှ နက္ခတ်တာရာတို့ကိုကြည့်ကာ မြောက်စူးစူးအရပ်ဆီ ဦးတည်ခဲ့လေသည်။



နောက်မှ လိုက်လာသူတို့၏ အသံဗလံတို့က ဝေးသည်ထက် ဝေးကာ ကျန်ခဲ့ပြီဖြစ်သဖြင့် အတန် စိတ်အေးသွားကြရပြီး ပြေးလာသည့် အရှိန်ကို လျှော့လိုက်၏။

စိမ့်ဒေဝီတို့သည် ဆူးချုံများ၊ ကန္တာရပင်များကို နာရီများစွာ ဖြတ်သန်းခဲ့ကြရင်း ကြာတော့ ပရိယန် (ခေါ်) နန်းစောမာလာမှာ ပင်ပန်းလွန်းသဖြင့် ၅ွမ်းခွေလာတော့သည်။

"အမေ . . . အမေအိပ်ချင်ပြီလား။ ဒါဆို ရှေ့ကကျောက်တောင်တန်းမှာ ခဏနားကြမယ်နော်"

သို့ဖြင့် စိမ့်ဒေဝီတို့သားအမိသည် ဖုန်းဆိုးမြေ၏ အစွန်းရှိကျောက်တောင်တန်း အခြေဝယ်မြင်းပေါ်မှ ဆင်းလိုက်ကြပြီးမြင်းဇက်ကြိုးကို ကျောက်စွန်းတစ်ခုတွင် ချည်လိုက်လေသည်။

"ကဲ အမေ . . . ဒီမှာ သမီးတို့ဖြစ်သလို အိပ်ကြမယ်။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ရမှာပေါ့ သမီးရယ်။ သွေးညှိနံ့တွေလှိုင်နေတဲ့ ဓဲမွေ့ရာရွှေကော်ဇောပေါ်မှာ အိပ်စက်ရတာထက် သန့်သန့်စင်စင်နဲ့ ဒီလိုဖုန်းဆိုးမြေပြင်မှာ အိပ်ရတာ ပိုပြီး ချမ်းမြေ့ပါတယ်ကွယ်"

"သမီးရဲ့ လက်မောင်းပေါ်မှာ ခေါင်းအုံးပြီးအိပ်ပါအမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် သမီးရဲ့လက်လေး နာသွားမှာပေါ့။ အမေ့ရဲ့ လက်မောင်းပေါ်မှာပဲ သမီးလေးက ခေါင်းအုံးပြီး အိပ်ပါကွယ်"

"မဟုတ်ဘူး အမေ၊ သမီးက အကြမ်းပတမ်းခံဖို့ လေ့ကျင့်ထားပြီးသား။ ခရီးကြမ်းတွေ၊ ဒုက္ခတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်ဖြတ်သန်းပြီး အမေ့ကို ရှာဖွေဖို့ သမီး အထပ်ထပ်အခါခါ လေ့ကျင့်ထားပြီးသားပါ"

"သမီးက ထုသား ပေသားကျနေပြီအမေ့ရဲ့။ လာပါ အမေရယ်။ သမီးရဲ့လက်မောင်းကို ခေါင်းအုံးပြီး အိပ်ပါနော်"

"ကောင်းပါပြီ သမီးရယ်၊ ကောင်းပါပြီ"

နန်းစောမာလာက သမီးဖြစ်သူ၏လက်မောင်းပေါ် ခေါင်းမှီပြီးအိပ်လိုက်ရာ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ချက်ချင်း ဆိုသလို အိပ်ပျော်သွားတော့၏။

မိခင်ကြီး၏ဦးခေါင်းအောက်တွင် လက်မောင်းထိုးခံထားရင်း ပက်လက်လှန်နေသည့် စိမ့်ဒေဝီသည် ကောင်းကင်နက်ပြာပြာကြီးထက်မှ တဖျပ်ဖျပ်လက်နေသော ကြယ်ပွင့်လေးများကို ငေးမောကြည့်ရင်း ရင်ထဲဝယ် ပီတိလှိုင်းတို့ ရိုက်ခတ်လျက်ရှိတော့သည်။





"အင်း ... ငါသိပ်တွေ့ချင်ခဲ့တဲ့ အမေကို တွေ့ခွင့်ရခဲ့တဲ့ အပြင် ခုဆို အမေ့ကို အကျဉ်းသားဘဝဆိုးကြီးထဲကနေ ဆွဲထုတ် နိုင်ခဲ့ပြီ။ အဲဒီအပြင် အမေ့ကို ငါ့ရဲ့လက်မောင်းပေါ်မှာ အိပ်စက် ပျော်စေနိုင်ခဲ့ပြီ ဖို့ရှေ့ဆက် ကံကောင်းတဲ့သူ ဒီကမ္ဘာလောကကြီး ထဲမှာ ရှိမယ်မထင်ဘူး။ ဟုတ်တယ်။ ငါဟာ ကံအကောင်းဆုံးပဲ၊ ကံအကောင်းဆုံးပဲ"

ပီတိအဟုန်ဖြင့် ရင်သိမ့်သိမ့်တုန်အောင် ခံစားနေရင်း အတန်ကြာသည်၌ သူမသည်လည်း အိပ်ပျော်သွားပါတော့ သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ပွားရတနာ

"ဗွမ်း"

အေးစက်သောရေကြောင့် မွန်းသွားပြီး အိပ်ပျော်နေရာမှ စိမ့်ဒေဝီ လန့်နိုးသွားရာ သူမတို့ကို ဝိုင်းထားသည့် ဓားပြတို့အား တွေ့ရတော့သည်။

"ဟား ဟား ဟား ...လက်စသတ်တော့ ဆရာကတော်နဲ့ကြာကူရီကောင်ပါလား"

စိမ့်ဒေဝီရော နန်းစောမာလာပါ လဲလျောင်းနေရာမှ လူးလဲထရှုပ်လိုက်ကြတော့၏။





သူမတို့သားအမိကို ဓားပြလေးဦးက ဝိုင်းကာ ဓားရှည်များ သေနတ်များဖြင့် ချိန်ထားကြလေသည်။

ဓားပြတစ်ဦးက စိမ့်ဒေဝီ၏မျက်နှာကို ခြောက်လုံးပြူးဖြင့် ထိုးချိန်လိုက်ကာ

"ဆရာက အမိန့်ပေးထားတယ်။ ဒီ ကြာကူရီကောင်ကို တွေ့ရာအရပ်မှာသတ်တဲ့"

"ဟုတ်တယ် ...ဒီကောင့်ကိုသတ်ပြီး ဒီကောင့်ဆီက ပတ္တမြားကို ယူရမယ်"

"ကြာတယ်ကွာ။ အဲဒီ ကြာကူရီကောင်ကို အရင်ရှင်းလိုက်"

ဤတွင် နန်းစောမာလာက ပြတ်သားစွာပင် ပြောလိုက်သည်။

"ဟဲ့ ...ကြာကူရီလို့ပြောရအောင် သူက ယောကျ်ားလေး မဟုတ်ဘူး။ မိန်းကလေးဟဲ့၊ မိန်းကလေး သိရဲ့လား"

"ဟား ဟား ဟား ...ဒါလား မိန်းကလေး။ သူသာ မိန်းကလေးဆိုရင် ကျုပ်တို့ရဲ့ဆရာက သိမ်းပိုက်လိုက်မှာပေါ့"

"ဟုတ်တယ်ကွ၊ ယောကျ်ားလေးဖြစ်နေတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ချောတဲ့ မိန်းကလေးသာဆို လှလိုက်မယ့်ဖြစ်ခြင်း ... ဟင်း ဟင်း ဟင်း''

ဤတွင် မုတ်ဆိတ်ဖါးမြိုင်မွေး ပရပျစ်နှင့် ဓားပြက ရှေ့သို့တိုးလာပြီး ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် –

''နေပါဦး ... သူလေးက ယောက်ျားလား မိန်းမလားဆိုတာ ငါ စစ်ဆေးလိုက်ဦးမယ် ... ဟီး ဟီး''

ဟုပြောရင်း စိမ့်ဒေဝီ၏ သားရေဝှေ့စ်ကုတ်ကို ဆွဲလှန်ရန် လက်လှမ်းလိုက်သည်နှင့် စိမ့်ဒေဝီက ထိုလူ၏လက်ကို ရုတ်ခနဲ ဖမ်းဆွဲယူလိုက်ကာ ပခုံးဖြင့်ထမ်းလျက် ကိုင်ပေါက်ထည့်လိုက်တော့သည်။

''ဘုန်း''

''အား''

ရုတ်တရက်မို့ ဓားပြများ ကြောင်သွားကြစဉ်မှာပင် ဓားပြကောင်ကို ကိုင်ပေါက်ရင်း ဝှေ့စ်ကုတ်အတွင်း အိတ်ထဲမှ ပစ္စတိုကို လှစ်ခနဲ ဆွဲထုတ်ယူပြီးဖြစ်သည့် စိမ့်ဒေဝီက သူမအား ခြောက်လုံးပြူးဖြင့် ချိန်ထားသူကို ပစ်ထည့်လိုက်၏။

''ဒိုင်း''





''အား''

စိမ့်ဒေဝီက ချက်ချင်းဆိုသလိုပင် သူမ၏နောက်ကျော ဘက်မှ ဓားဖြင့် ဝင်ခုတ်ရန် ဟန်ပြင်လိုက်သူအား ကိုယ်ကို တစ်ပတ်လှည့်ကာ ပစ်ချလိုက်လေသည်။

''ဒိုင်း''

''အ''

ထိုစဉ် သေနတ်သမားတစ်ဦးက ရိုင်ဖယ်ဖြင့် စိမ့်ဒေဝီ၏ ဦးခေါင်းအား အနီးကပ်ချိန်ကာ မောင်းခလုတ်ကို ဆွဲရန် ဟန်ပြင်လိုက်စဉ် –

''ဝှစ်''

ပေါက်ဓားတစ်စင်းက လေကိုခွင်းကာ အဟုန်ပြင်းစွာ ဝင်လာပြီး ရိုင်ဖယ်သမား၏ ရင်ကို ပြေးစိုက်လေတော့၏။

''စွပ်''

''အ''

ယင်းသို့ ပေါက်ဓားဖြင့် ပစ်လိုက်သူသည်ကား ကျောက်တောင်စွန်းအကွယ်တစ်ခုမှ မြင်းကို တစ်လှမ်းချင်းလှမ်းထွက်လာသည့် နေမန္တပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပေါက်ခံခဲ့ရသည့် ဓားပြမုတ်ဆိတ်သည်မှ လူးလဲထလိုက်ပြီးသည်နှင့် ခါးတွင်ချိတ်ဆွဲထားသော ဓားကောက်ကို ဆွဲဖြုတ်လိုက်ပြီးလျှင် –

စိမ့်ဒေဝီကို စလွယ်သိုင်း ခုတ်ချလိုက်တော့သည်။

"ဝှစ်"

သို့သော် စိမ့်ဒေဝီက ရှေ့ဒူးညွတ်ကာ ငုံ့ရှောင်လိုက်ပြီး ခြေစောင်းဖြင့် ဓားပြမုတ်ဆိတ်၏နံစောင်းကို ခတ်ထည့်လိုက်သည်။

"ဖောင်း"

ဓားပြမုတ်ဆိတ်သည် သဲပြင်ပေါ်သို့ ဘေးတစ်စောင်း ပစ်ကျသွားရာမှ ရုတ်ခနဲခုန်ထကာ လက်ထဲမှ ဓားကောက်ဖြင့် စိမ့်ဒေဝီကို လှံပေါက်လိုက်ရာ –

"ဝိုး"

ဓားကောက်ကြီးက လေမှာပျံ့ဝဲလျက် စိမ့်ဒေဝီ၏ လည်ပင်းဆီသို့ ပြေးဝင်သွားတော့၏။ သို့သော် ပေါက်ဓားတစ်စင်းက လေကိုခွင်းလာပြီး ဓားကောက်ကြီး၏ ဓားရွက်ကို ထိမှန်သွားတော့သည်။





"ဝှစ်"

"ချွင်"

ဓားကောက်ကြီးမှာ လမ်းကြောင်းလွဲသွားပြီး နံဘေးမှ ကျောက်ဆောင်အစွန်းနှင့် ပြေးရိုက်တော့၏။

"ချွမ်း"

"ဝှစ်"

နောက်ထပ် ပေါက်ဓားတစ်ချောင်းက လေကိုခွင်းလာပြီး ဓားပြမုတ်ဆိတ်၏

ရင်ဝသို့ ထိုးစိုက်သွားပါတော့၏။

"စွပ်"

"အား အ အ"

စိမ့်ဒေဝီက သွေးသံရဲရဲဖြင့် ဗိုဝိုက်ချပ်သွားသည့် ဓားပြအလောင်းလေးလောင်းအား စက်ဆုတ်စွာ ငေ့ကြည့်လိုက်ပြီးမှ နေမန္တအားမော့ကြည့်ကာ –

"ကျေးဇူးပဲ နေမန္တ"

ဟုပြောလိုက်သည်တွင် နေမန္တလည်း မြင်းပေါ်မှ ဆင်းလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ပြီး ဒီသဲကန္တာရအစုပ်ကို ရောက်လာရတာလဲ စိမ့်"

ဤတွင် စိမ့်ဒေဝီက ဖြစ်ကြောင်းကုန်စင်ကို အတိုချုံး ပြောပြလိုက်လေသည်။

စိမ့်ဒေဝီ၏စကားအဆုံးတွင် နေမန္တ၏ မျက်နှာက ညှိုးလျှသွားတော့၏။

"ဒါ ဒါဆို စိမ့်က ဒီရာဇပုတ္တရကနေ ထာဝရ ထွက်ခွာသွားတော့မှာပေါ့နော်"

"ဟုတ်တယ် နေမန္တ၊ ရာဇပုတ္တရနဲ့ ဝေးသထက် ဝေးရာ မြန်မာပြည်အရောက် သွားကြမယ်လို့ စိမ့်တို့သားအမိ မြေအောက်လှိုဏ်လမ်းထဲ ဖြတ်သန်းရင်း ဆွေးနွေးဆုံးဖြတ်ထားကြတယ်"

"ဟင် ... မြန်မာပြည်ဆိုတာ ဘယ်နေရာမှာလဲ စိမ့်"

"ဒီကနေ အရှေ့တောင်စူးစူးအရပ်မှာရှိတယ်လို့ အမေက ပြောတယ် နေမန္တ။ ပါတလိပုတ္တရမှာဆိုရင် ဇေဗိဒမ်ရဲ့ရန်က စိတ်မချရဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတုန်းက သူ့အပေါ် သစ္စာဖောက်သွားတဲ့ တပည့်တစ်ယောက်ကို သိဟိုဠ်နိုင်ငံအထိ





လိုက်ပြီး လက်စားချေသတ်ဖြတ်ဖူးတယ်။ ဒါကြောင့် ဒီအိန္ဒိယ ပြည်မှာတောင် မနေဖို့ စိမ့်တို့သားအမိ ဆုံးဖြတ်ထားကြတယ်"

"အင်း ... ကန္တာရမြွေဟောက်ရဲ့ရန်ကနေ ဝေးသထက် ဝေးရာဆီကို ပြေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ သူက အဆိပ်ပြင်းသလောက် အငြိုးကြီးတယ်လေ။ ဒါ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်သလဲ နေမန္တ"

နေမန္တက ခပ်လှမ်းလှမ်းရှိ ကျောက်စွန်းတစ်ခုတွင် သွားထိုင်နေသည့် ပရိယန် (ခေါ်) နန်းစောမာလာအား လှမ်းကြည့်လိုက်ပြီးမှ ခပ်တိုးတိုးဖြေသည်။

"ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ စွဲစွဲလမ်းလမ်းချစ်မြတ်နိုးနေရတဲ့ စိမ့်ကို ထာဝရ စွန့်လွှတ်ခွဲခွာရတော့မယ်ဆိုတော့ ကိုယ်ရင်ထဲမှာ ဘယ်လိုမှ ဖြေဆည်လို့မရဘူး စိမ့်ရယ်"

စိမ့်ဒေဝီက နေမန္တ၏မျက်နှာကို ရီဝေဝေ မော့ကြည့်လိုက်သည်။

"နေမန္တနဲ့ ခွဲသွားရမှာကို စိမ့်လည်း စိတ်မကောင်းပါဘူးရှင်။ မှန်တာပြောရရင် စိမ့်လည်း နေမန္တရဲ့အပေါ်မှာ သံယောဇဉ် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဒါနဲ့များ ကိုယ့်ကို ခွဲသွားရက်သလား အချစ်ရယ်"

နေမန္တက စိမ့်ဒေဝီ၏ လက်ဖျားလေးများကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်သည်။

"ဒါကတော့ နေမန္တရယ် ... လောကကြီးမှာ အချစ်ထက် အရေးကြီးတာ ဦးစားပေးရတာတွေ ရှိတတ်တယ်လေ။ စိမ့်ဆိုရင် နှလုံးသားအရေးထက် နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရတဲ့ မအေအရင်းကို အတူတူနေပြီး လုပ်ကျွေးပြုစုကျေးဇူးဆပ်ဖို့ အရေးက ပိုပြီးအဓိကကျနေတယ်လေ ...၊

ပြီးတော့ ရက်စက်ယုတ်မာကြမ်းတမ်းတဲ့ လူသတ်ဂိုဏ်းခေါင်းဆောင် ဓားပြဂိုဏ်းခေါင်းဆောင်ကြီးရဲ့လက်ခုပ်ထဲကရေ ဖြစ်နေရပြီး အကုသိုလ်တွေနဲ့ နေ့တိုင်း စက္ကန့်မိနစ်နဲ့အမျှ လုံးထွေးနေရတဲ့ ဘဝဆိုးကြီးကနေ အမေ့ကို လွတ်အောင် ကြိုးစားကြံစည်ပေးရမယ့်အရေးက ပိုပြီး အရေးကြီးပါတယ် နေမန္တ ...၊

နေမန္တအဖို့မှာလည်း ဖခင်တော်ဘုရားကြီးရဲ့ အရိုက်အရာ တာဝန်တွေကို တစ်နေ့နေ့မှာ မလွှဲမရှောင်သာရယူပြီး ဒီ ရာဇပုတ္တရဒေသကြီးရဲ့အကျိုး၊ နယ်သူနယ်သားတွေရဲ့အကျိုးကို ထမ်းရွက်ဖို့အရေးဟာ အချစ်ရေးထက် ပိုပြီး အရေးကြီးတယ်





မဟုတ်လား ...

အဲဒီအရေးတွေထက် အချစ်ရေးက ပိုပြီး အရေးကြီးတယ်လို့ ယူဆတယ်ဆိုရင်တော့ စိမ့်ရဲ့နောက်ကို အခုတစ်ခါတည်း လိုက်ခဲ့လေ၊ ဘယ့်နှယ်လဲ"

နေမန္တ တွေတွေဝေဝေဖြစ်ကာ ခေါင်းငိုက်စိုက်ကျသွားပါတော့၏။ စိမ့်ဒေဝီက နာကျင်စွာ ပြုံးလိုက်သည်။

"ကဲ ... လောကကြီးမှာ အချစ်ရေးထက်ပိုပြီး အရေးကြီးတဲ့အရာတွေ ရှိနေတယ်ဆိုတာကို လက်ခံပြီ မဟုတ်လား နေမန္တ"

"ဟုတ် ... ဟုတ်ပါတယ် စိမ့်ရယ်။ ကိုယ်တို့ရဲ့ဘဝမှာ အချစ်ရေးထက်ပိုပြီး အရေးကြီးတဲ့တာဝန်တွေ ထမ်းဆောင်ဖို့ ရှိနေတယ်ဆိုတာကို ကိုယ်နားလည်လက်ခံမိပါပြီ"

"ဒါကြောင့် ကိုကို ထားရစ်ပြီး စိမ့်လိုရာဆီ သွားပါလေ"

"ဒါပေမဲ့ ဘယ်အချိန် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုဟာ စိမ့်ကို တမ်းတမ်းတတနဲ့ သတိရနေမှာပါ။ အဲဒါကိုတော့ သိပါ စိမ့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် ကို။ စိမ့်လည်း ကို့ကို ထာဝရ သတိရနေမှာပါ"

နေမန္တက သူ၏လက်ယာလက်သူကြွယ်တွင် စွပ်ထားသည့် ပုလဲနက်လက်စွပ်လေးကိုချွတ်ကာ –

"စိမ့် ... ဒီပုလဲနက်လက်စွပ်လေးဟာ ကို့ရဲ့အသက်နဲ့တန်ဖိုးညီတဲ့ ရတနာတစ်ပါးပါပဲ။ ကိုယ့်ရဲ့အဘိုး ဗော်ဘွားကြီးက ကိုယ့်ကို ထိန်မွေနန်းမွေလို သဘောထားပြီး ပေးခဲ့တာပါပဲ ...။

အဘိုးကိုလည်း သူ ကိုးကွယ်လျှဒါန်း ထောက်ပံ့ခဲ့တဲ့ ဆရာတော်ကြီးတစ်ဦးက အဆောင်လက်ဖွဲ့ကောင်းအဖြစ် ပေးခဲ့တာပါ။ ကိုယ့်ရဲ့ဘဝမှာ သေရေး ရှင်ရေး ဘေးဒုက္ခမျိုးနဲ့ ကြုံလာတိုင်း တောဒီ ပုလဲနက်လက်စွပ်လေးကို နေ့တိုင်း ခုနစ်ကြိမ် ခုနစ်လီ ပွတ်ပြီး သုံးရက်ဆက်တိုက် ဆုတောင်းတဲ့အခါ ဘေးဒုက္ခဆိုးတွေကနေ အလိုလို လွတ်မြောက်ခဲ့ရဖူးပါတယ် ...။

စိမ့် ဘေးဒုက္ခနဲ့ကြုံတဲ့အခါ ကို ကူညီခဲ့တယ်။ ဒီနေ့လည်းကို ခရီးကနေအပြန် စိမ့်နဲ့ မမျှော်လင့်ဘဲ ဆုံဆည်းပြီး ကူညီခွင့်ရခဲ့တယ် ...။

ဒါပေမဲ့ ဒီကနေ ရှေ့လျှောက် စိမ့်နဲ့ကို မိုင်ပေါင်းရာထောင်ချီဝေးကွာသွားရတော့မှာမို့ စိမ့်ကို ကို မစောင့်ရှောက်နိုင်တော့ပါဘူး ...။

ဒါကြောင့် ကို့ရဲ့ကိုယ်စား ကိုယ်ပွားအဖြစ် စိမ့်ကို စောင့်ရှောက်နိုင်ဖို့ ဟောဒီပုလဲနက်လက်စွပ်လေးကို ပေးလိုက်ပါရစေကွယ်"





နေမန္တက ပြောပြောဆိုဆိုဖြင့် ပုလဲနက်လက်စွပ်လေးကို စွမ့်ဒေဝီ၏လက်ယာဘက်လက်မတွင် ဖြည်းဖြည်းသာသာလေး စွပ်ပေးလိုက်လေသည်။

"ဒါဆို စိမ့်ကလည်း ဟောဒီပတ္တမြားလေးကို အမှတ်တရ လက်ဆောင်အဖြစ် ပေးချင်တယ်၊ လက်ခံရမယ်နော်"

နေမန္တက ပတ္တမြားကို လက်ခံယူပြီးနောက် ...

"အခု ခက်ခဲကြမ်းတမ်းလှတဲ့ သဲကန္တာရလွင်ပြင်ကျယ်ကြီးကို ဖြတ်သန်းသွားရမှာဆိုတော့ စိမ့်တို့ ဒီအတိုင်းသွားလို့ မဖြစ်ဘူး။ အနည်းဆုံး ကုလားအုတ်တစ်ကောင်နဲ့ စားနပ်ရိက္ခာတွေ အလုံအလောက်ပါဖို့လိုတယ်၊ ဒီတော့ ဒီကနေ အရှေ့တောင်အရပ် ငါးမိုင်အကွာမှာ အိုအေစစ်စခန်းတစ်ခု ရှိတယ်။ အဲဒီစခန်းဆီ ကို ကုလားအုတ် တစ်ကောင်နဲ့ စားရေရိက္ခာတွေရယ်



www.burmeseclassic.com

www.burmeseclassic.com



ကြေးစားအစောင့်အရှောက် တစ်ဖွဲ့ရယ် လွှတ်ပေးလိုက်မယ်''

''ကျေးဇူးပါပဲ ကိုရယ်၊ ကိုယ်ကတော့ စိမ့်အတွက် မေ့မရနိုင်တဲ့ တကယ့်မိတ်ဆွေကောင်းပါပဲ''

''ဟုတ်ပါပြီလေ၊ ကိုဟာ စိမ့်အတွက် ဘဝအဖော်မွန် ကောင်း ချစ်သူကောင်းမဖြစ်ရတဲ့တိုင်အောင် မိတ်ဆွေကောင်း ဖြစ်ရတယ်ဆိုရင်ပဲ ကျေနပ်လှပါပြီကွယ်''

ထို့နောက် စိမ့်ဒေဝီက လက်ပြနှုတ်ဆက်လျက် အရှေ့ တောင်ရှုးရှုးအရပ်ဆီ မိခင်ကြီးကို မြင်းပေါ်တင်ပြီး ခရီးဆက် ထွက်ခွာသွားရာ နေမန္တမှာ နေရာတွင် ရပ်လျက် ငေးကြည့် ကျန်ရစ်လေသည်။

''သွားပေဦးတော့ ချစ်ရသူလေးရေ၊ မင်းရဲ့ဘဝ သာယာ ဖြောင့်ဖြူးပါစေကွယ်''

နေမန္တသည် ရင်နင့်အောင်ချစ်မြတ်နိုးရသော မိန်းမချော လေးကို နောက်ဆုံးမြင်တွေ့ခြင်းအဖြစ် ငေးရီကြည့်နေသည်မှာ သဲကန္တာရလွင်ပြင်ထဲတွင် စိမ့်ဒေဝီတစ်ယောက် အစက်အပြောက် လေးအဖြစ် ပျောက်ကွယ်သွားသည်အထိ ဖြစ်ပါသည်။

❋ ❋ ❋





## လွှတ်မြောက်သူ

စိမ့်ဒေဝီက ဤနေရာအရောက်တွင် သူမ၏ဖြောင့်ချက် ပေးခြင်းကို ရပ်တန့်လိုက်ပြီး —

''ကျွန်မ ရေနည်းနည်းလောက်သောက်ပါရစေရှင်''

ဟု တောင်းဆိုသဖြင့် အိုင်အိုကျော်စိုးက စားပွဲပေါ်ရှိ ဖန်ချိုင့်ထဲမှ ရေကို ဖန်ခွက်ထဲလောင်းထည့်ကာ စိမ့်ဒေဝီအား ကမ်းပေးလိုက်လေသည်။

စိမ့်ဒေဝီက ရေတစ်ဖန်ခွက်လုံး ကုန်အောင်သောက်ပြီးမှ သူမ၏စကားကိုဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြမ်းတမ်းခက်ခဲလှတဲ့ သဲကန္တာရလွင်ပြင်ကြီးကို ဘယ်လိုတွေ ဖြတ်သန်းပြီး ပြန်လာရတယ်ဆိုတာတော့ အသေးစိတ်မပြောလိုတော့ပါဘူးရှင် ...။

အဲ ... အဲဒီအပြန်ခရီးမှာ ကန္တာရမြွေဟောက်ကို တကယ်ပဲ တွေ့ခဲ့ရတယ်ရှင့် ...။

သဲကန္တာရကြီးထဲက ကျောက်တောင်တန်းတစ်ခုရဲ့ အခြေမှာ စခန်းချဖို့ စီစဉ်နေကြတုန်း ကျောက်တောင်တွေကြား ကနေ လျှောဆင်းလာတဲ့ ကန္တာရမြွေဟောက်ကြီးတစ်ကောင်ကို တွေ့လိုက်ကြရတယ်ရှင့် ...။

ကန္တာရမြွေဟောက်တွေရဲ့ ကိုယ်အရောင်ဟာ တစ်ခါတလေ သဲနဲ့ရောထွေးနေတတ်ပြီး တစ်ခါတလေ ကျောက်တောင်ကျောက်ခဲတွေနဲ့ ရောထွေးနေတတ်တယ်ရှင့်။ အင်မတန် အဆိပ်ပြင်းသလောက် သဲကန္တာရထဲမှာ ကြောက်စရာအကောင်းဆုံး သတ္တဝါဆိုးပါပဲရှင်။ ဒါကြောင့်လည်း အန္တရာယ်ကြီးမားလှတဲ့ ဂျေဗီဒမ်ကို ကန္တာရမြွေဟောက်လို့ တင်စားခေါ်ဝေါ်ခဲ့ကြတာပါပဲ၊

ကျွန်မတို့သားအမိဟာ ပါတလိပုတ္တရကိုဝင်ပြီး ကျွန်မရဲ့ကျေးဇူးရှင် မွေးစားမိဘများဖြစ်ကြတဲ့ မဟာရာဇာကြီး ဖနီးမောင်နဲ့ကို အကျိုးအကြောင်း ရှင်းပြ နှုတ်ဆက်ကန်တော့ခဲ့ပါတယ် ...။

အဲဒီနောက် မဟာရာဇာကြီးရဲ့ ကူညီပံ့ပိုးစီစဉ်ပေးမှုနဲ့ ကလကတ္တားမြို့ဆီ ကား၊ ရထားတို့နဲ့ အဆင့်ဆင့်လာခဲ့ကြရာက ကလကတ္တားဆိပ်ကမ်းကနေ ပင်လယ်ကူးသင်္ဘောနဲ့ မြန်မာပြည်ကို လာခဲ့ကြပါတယ်ရှင် ...။

မြန်မာပြည်ရောက်တယ်ဆိုရင်ပဲ အမေ့ရဲ့ဆွေမျိုးများရှိရာ ကလောမြို့ကိုလာခဲ့ကြပြီး အမေရဲ့ဘကြီးတော်သူ ဦးစိုင်းအောင်ပန်းရဲ့အိမ်မှာ တည်းခိုနေထိုင်ရင်း ခြံနဲ့အိမ်ကိုဝယ်ဖို့ ရှာဖွေခဲ့ကြပါတယ်ရှင် ...။

အဲဒီလိုရှာဖွေရာက အခုအခင်းဖြစ်တဲ့အိမ်ကို သဘောကျတဲ့အတွက် ဝယ်ဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ အိမ်ရှင်တွေက မရောင်းတဲ့အတွက် နှစ်ချုပ်နဲ့ပဲ ငှားနေခဲ့ကြတယ် ...။

အဲဒီလို ကျွန်မတို့ကလောမှာ အခြေချတဲ့အချိန်တုန်းက အင်္ဂလိပ်အစိုးရအရာရှိကြီးတွေ ကလောမှာ သိပ်မနေကြသေးဘူးရှင့်။ ဒါကြောင့် ခေါ်ပြတွေ တအားသောင်းကျန်းခဲ့ပါတယ်ရှင့်

ကျွန်မတို့အိမ်ကိုပဲ ဓားပြတွေဝင်စီးဖို့ကြိုးစားတာ







www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါတောင်ရှင့်။ ခါးပြတွေ မှောင်ရိပ်ခိုပြီး ခြံထဲဝင်ဖို့ ကြိုးစားတိုင်း ကျွန်မက နှစ်လုံးပြူးသေနတ်နဲ့ ထိုးထိုးပစ်နေတဲ့အတွက် ခါးပြတွေအနားမကပ်ဝံ့ကြဘူးလေ ...။

ဒါပေမဲ့ သားအမိနှစ်ယောက်ရယ်၊ အိမ်စေကောင်မလေး နှစ်ယောက်ရယ်ပဲရှိတဲ့ အိမ်ကြီးကို တစ်ချိန်ချိန်မှာတော့ ခါးပြတွေဝင်စီးလိမ့်မယ်လို့ ယူဆတဲ့အတွက် အိမ်ပေါ်ထပ် စာကြည့်ခန်းထဲက ပန်းချီကားတစ်ချပ်ရဲ့ နောက်က အံဝှက်ထဲမှာ လက်ဝတ်လက်စား ရတနာထည်တွေနဲ့အတူ ပုလဲနက်လက်စွပ်လေးကိုပါ ခါးပြတွေချတ်ယူသွားမှာစိုးတဲ့အတွက် ထည့်ပြီး သိမ်းထားလိုက်တယ် ...။

အဲဒီနောက် တစ်နှစ်ကျော်ကျော်လောက်အကြာမှာ ကျွန်မနဲ့ အမေဟာ မန္တလေးဘက်ကို အလည်အပတ်ခရီးထွက်ခဲ့ကြရာက လမ်းခရီးမှာ ကားမှောက်ခဲ့တယ်ရှင့် ...။

ကျွန်မဟာ ခေါင်းမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့ပြီး အမေကတော့ ပွဲချင်းပြီးသေဆုံးခဲ့ရရှာတယ်။ သွေးသံရဲရဲနဲ့ အမေ့အလောင်းကိုကြည့်ရင်း စိတ်တအားထိခိုက်ရာက ကျွန်မဟာ သတိလစ်သွားခဲ့ရတယ် ...။





သတိပြန်ရလာတဲ့အခါမှာတော့ ကျွန်မဟာ အတိတ်ကို မေ့သွားခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်သူ ဘယ်ဝါမှန်းမသိတော့ဘူး။ ဒဏ်ရာတွေ ပျောက်ကင်းပြီးတဲ့နောက်မှာ ...။

မန္တလေးဆေးရုံကြီးက ဆရာဝန်ကြီးလင်မယားက သူတို့အိမ်မှာ ခေါ်ပြီး စောင့်ရှောက်ထားခဲ့ကြပါတယ်ရှင် ...။

အဲဒီလို ဆရာဝန်ကြီးတို့ရဲ့အိမ်မှာ သောင်တင်နေခဲ့ရာက နောက်နှစ်နှစ်လောက်အကြာမှာ မုဆိုးဖို ပွဲစားကြီး ဦးခင်ဇော်နဲ့ လက်ထပ်ဖြစ်ခဲ့ပါတယ် ...။

ဒါပေမဲ့ ... အိမ်ထောင်သက် သုံးနှစ်အထိ သားသမီးမရတာနဲ့ ကလေးတစ်ယောက်ကို မွေးစားခဲ့ကြပါတယ်။ အဲဒီကလေးဟာ အခုသေဆုံးသွားရှာတဲ့ မောင်အောင်စိုးပါပဲရှင် ...။

ကလေးမွေးစားပြီး ငါးနှစ်လောက်အကြာမှာပဲ ကျွန်မတို့မိသားစုဟာ ပုဂံဘုရားဖူးထွက်ခဲ့ကြရာက ဧရာဝတီမြစ်ကြီးရဲ့ တစ်ဖက်ကမ်းက တန့်ကြည့်တောင်စွယ်တော်ရှင်စေတီကို သွားဖူးခဲ့ကြပြီးအပြန်မှာ မြစ်လယ်အရောက် အချိန်အခါမဟုတ်ဘဲ လေမိုးထန်လာပြီး စက်လှေနစ်ခဲ့ရတယ်လေ ...။

ကျွန်မဟာ သစ်တုံးတစ်တုံးကိုဖက်တွယ်ပြီး တစ်ညနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးလုံး မျောပါသွားရာက သတိလစ်သွားပြီးတဲ့နောက် တံငါသည် တစ်ယောက်က ကယ်တင်တဲ့အတွက် အသက်ရှင်ခွင့် ရခဲ့ပြီး အဲဒီတံငါရွာလေးမှာပဲ သောင်တင်နေခဲ့ပါတယ်ရှင် …။

ကျွန်မက မချစ်မနှစ်သက်တဲ့ ပွဲစားကြီးဦးခင်ဇော်ကို မပေါင်းသင်းချင်တော့တဲ့အတွက် မန္တလေးကိုမပြန်တော့ဘဲ အဲဒီ တံငါရွာက ရေလုပ်ငန်းပိုင်ရှင် လူပျိုကြီးရေဆင်လို့ခေါ်တဲ့ ကိုမြဝင်းနဲ့ လက်ထပ်ခဲ့ပါတယ် …။

သဘောမနောကောင်းလှတဲ့ ကိုမြဝင်းကိုတော့ ကျွန်မ ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူနဲ့လည်း သားသမီးမရပါဘူး''

ထို့နောက် စိမ့်ဒေဝီက ရေတိုက်ရန်ပြောသဖြင့် အိုင်အို ကျော်စိုးက ရေတိုက်ရပြန်၏။ ရေသောက်ပြီးနောက် စိမ့်ဒေဝီက စကားဆက်လေသည်။

''အဲဒီလိုနဲ့ပဲ အိမ်ထောင်သက် ဆယ့်ငါးနှစ်လောက် အကြာမှာ ကိုမြဝင်းဟာ သွေးတိုးရောဂါကြောင့် ရုတ်တရက် ကွယ်လွန်သွားခဲ့ပါတယ် …။

ကိုမြဝင်းကွယ်လွန်သွားပြီးတဲ့နောက် ကျွန်မဟာ ရွာက အိမ်ခြံမြေတွေရယ်၊ လုပ်ငန်းရယ်ကို ရောင်းချပြီး ရန်ကုန်မြို့ဆီ





ပြောင်းခဲ့ပါတယ် …။

ရန်ကုန်ရောက်တော့ စမ်းချောင်းဘက်မှာ အိမ်လေး တစ်လုံး ငှားနေရာက မြင်းလှည်းငါးစီးထောင်ထားခဲ့ပါတယ် …။

တစ်နေ့မှာ မြင်းလှည်းနဲ့ လှည်းတန်းဘက်သွားရာက လှည်းတန်းကုန်းအဆင်းမှာ မြင်းလှည်းမှောက်ပြီး ခေါင်းကို ဇောက်ရာပြင်းပြင်းရခဲ့တယ်ရှင် …။

ဒါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်ကုသရာက ဦးနှောက်နဲ့ အာရုံကြောဆရာဝန်ကြီး မစ္စတာအောင်သန့်ဦးရဲ့ ကျေးဇူးကြောင့် အတိတ်ဖြစ်ရပ်အားလုံးကို ပြန်သတိရလာတော့ တယ် …။

အဲဒီမှာ ကျွန်မဟာ ကလော်ကအိမ်ကြီးကို သတိရလာ တယ်။ အဲဒီအိမ်ကြီးရဲ့အပေါ်ထပ်က စာကြည့်ခန်းထဲမှာ ဝှက်ထား ခဲ့တဲ့ ရတနာထည်တွေနဲ့အတူ ပုလဲနက်လက်စွပ်လေးကိုပါ ပြန် လိုချင်လာတယ် …။

ဒါနဲ့ပဲ မြင်းလှည်းတွေရောင်းပြီး ကလောကိုတက်လာခဲ့ ပါတယ်။ ကလောရောက်တော့ ချယ်ရီမြိုင်တည်းခိုခန်းမှာ တည်းခို ပြီး အဲဒီစံအိမ်ကြီးရဲ့အကြောင်း စုံစမ်းကြည့်တဲ့အခါ တိုက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဆိုင် တစ်ချိန်က ကျွန်မရဲ့ယောက်ျားဖြစ်ခဲ့တဲ့ ပွဲစားကြီး ဦးခင်ဇော်က အဲဒီတိုက်အိမ်ကြီးကို ဝယ်ထားကြောင်း သိရတယ် …।

ကျွန်မ မသေမုန်းသိရင် ဦးခင်ဇော်က သူ့ရဲ့မယားပါဆိုပြီး အတင်းပြန်ပေါင်းနေမှာကို မလိုလားတဲ့အတွက် ကျွန်မဟာ သူနဲ့ လုံးဝဆက်သွယ်မှုမပြုဘဲ အဲဒီစံအိမ်ကြီးထဲက ကျွန်မလိုချင်တဲ့ဟာကို တိတ်တိတ်တက်ယူဖို့ ကြံစည်ချောင်းမြောင်းနေခဲ့တယ်ရှင် …।

အဲဒီလိုနဲ့ အခင်းဖြစ်တဲ့ညက ဝင်ဖို့အခွင့်အရေးရချိန်မှာ ခြံဝင်းကြီးထဲနဲ့ အိမ်ထဲဝင်၊ အိမ်ပေါ်ထပ်တက်ပြီး စာကြည့်ခန်းထဲ ဝင်ခဲ့တယ် …।

စာကြည့်ခန်းထဲက မန္တလေးနန်းတော်ပုံပန်းချီကားချပ်ရဲ့နောက်ကျောက လျှို့ဝှက်ခလုတ်ဖုလေးကိုနှိပ်ပြီး အံဝှက်ထွက်ပေါ်လာတဲ့အခါ ကျွန်မသိမ်းထားတဲ့ ပုလဲနက်လက်စွပ်လေးကိုယူပြီး ဝတ်ကြည့်နေတုန်း ဖြုန်းဆို လူတစ်ယောက်က ကျွန်မကိုနောက်ကနေ မပြေးနဲ့ဆိုပြီး ဖမ်းချုပ်လိုက်တယ်။ အဲဒီမှာ ကျွန်မဟာ လန့်ဖျပ်ပြီး ဓားမြှောင်နဲ့ ထိုးထည့်လိုက်မိတော့တာပါပဲ၊





ဒဏ်ရာကြောင့် သွေးထွက်လွန်နေတဲ့ ကောင်လေးကိုကြည့်ရင်း ငါတော့ လူသတ်မိပြီဆိုပြီး ထွက်ပြေးဖို့ကြိုးစားနေတုန်း ဖြုန်းဆို ဦးခင်ဇော်က သူ့ရဲ့အိပ်ခန်းထဲက ထွက်လာတော့ ကျွန်မနဲ့ ပက်ပင်းဆုံရတော့တယ် …।

သူက ကျွန်မကိုတွေ့တော့ အံ့အားကြီးသင့်ပြီး မင်း မင်း မသေဘူးနော်လို့ ပြောရှာတယ်။ ကျွန်မကလည်း လူသတ်မိပြီ ကယ်ပါဦးလို့ သူ့ကိုပြောတော့ သူက အိပ်ခန်းထဲဝင်ခိုင်းပြီး ဗီရိုကြီးတစ်လုံးရဲ့နောက်က လျှို့ဝှက်အခန်းလေးထဲမှာ ဝင်ပုန်းနေစေခဲ့တာပါပဲရှင် …।

ကျွန်မရဲ့ဖြစ်ပျက်ရပုံကတော့ အဲဒီအတိုင်းပါပဲ။ မောင်အောင်စိုးကို တမင်ရည်ရွယ်ချက်ရှိရှိနဲ့ သတ်ခဲ့တာ မဟုတ်ရပါဘူး။ ယောင်ပြီး ဓားနဲ့တွက်လိုက်မိတာပါ …।

ဘာပဲဖြစ်ဖြစ် ဥပဒေအရ လိုအပ်သလို အရေးယူပါတော့ရှင်”

✲



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဒေဝီအား လူသတ်မှုဖြင့် ဖမ်းဆီးပြီး လေးလခန့် အကြာဝယ် ကျွန်ုပ်သည် ရန်ကုန်မြို့ ဗားကရာချောက်အနီးရှိ ကျွန်ုပ်၏ နေအိမ်သို့ ပြန်ရောက်ရှိကာ စာရေးစာဖတ်ခြင်းအလုပ်တို့ကို အေးအေးလူလူ ပြုလုပ်နေချိန် –

တစ်နေ့နံနက်၌ အိုင်အိုကျော်စိုးသည် သူ၏အိုပယ်လ်ကားနက်လေးဖြင့် ရောက်ရှိလာလေ၏။

"ဟဲလို အိုင်ဆေးကိုကျော်စိုး ... ရန်ကုန်ရုံးကို ပြန်ရောက်နေပြီလား"





"ဟုတ်တယ် အာစရိရေ့ ဒီမှာ အမှုတွေအရေးကြီးနေလို့"

ကျွန်ုပ်တို့သည် အာလာပ သလ္လာပ စကားများ ပြောဆိုနေကြရာမှ ဖျတ်ခနဲ သတိရလိုက်သဖြင့် သူ့ကို မေးလိုက်မိသည်။

"ဩော် ... ဒါထက် အိုင်ဆေးရေ ... ဟို ကလောကထူးဆန်းလှတဲ့ မိန်းမချော စိမ့်ဒေဝီကို ကြိုးမိန့်ပေးလိုက်ပြီလားဗျ"

"သူ လွတ်သွားတယ် အာစရိရဲ့"

"ဘာ မောင်ရင်ကိုယ်တိုင် ဖော်ထုတ်ဖမ်းဆီးပြီး အခိုင်အမာ တရားစွဲဆိုခဲ့တဲ့ဟာ ဘာကိစ္စလွတ်သွားရတာတုံး အိုင်ဆေးရဲ့။ အမှုကမခိုင်လုံလို့လား"

"အမှုက ခိုင်လုံပါတယ်။ အမှုခိုင်လုံတဲ့အတွက် တရားသူကြီးက သေဒဏ်ချမှတ်ခဲ့ပါတယ်"

"ဩော်"

"ဒါပေမဲ့ ... သေဒဏ်ပေးမယ့် မနက် ငါးနာရီမှာ ကြိုးပေးဖို့ သူ့ကိုသွားနှိုးတော့ ကြိုးတိုက်အခန်းထဲမှာ သူ့ကို လုံးဝမတွေ့ရတော့ပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတိုက်ခန်းရဲ့သော့လည်း မပျက်စီးဘူး၊ ဖောက်ထွင်းထွက်သွားတာလည်း မဟုတ်ဘူး''

''ဪ ... မြေလျှိုးပြီး မိုးပျံသွားတယ်ပေါ့ ... ဟုတ်လား''

''အဲဒါတော့မသိဘူး။ သူ့ကို ဒီနေ့အထိ လုံးဝ ရှာမတွေ့တော့တာအမှန်ပဲ''

''နေပါဦး ... ဒါ ဒါဆို စိမ့်ဒေဝီ ဘာဖြစ်လို့လွတ်သွားတာလဲဗျ''

''ပုလဲနက်လက်စွပ်လေ။ အဲဒီလက်စွပ်ဟာ သက်သေခံပစ္စည်းတွေထဲမှာ မပါတာ ကျွန်တော်သိတယ်။ သူက အဲဒီလက်စွပ်ကို သူ့ရဲ့ခန္ဓာ တစ်နေရာရာမှာ ဝှက်ထားမှန်း ကျွန်တော်သိတယ် ...၊

စိမ့်ဒေဝီဟာ အဲဒီလက်စွပ်လေးရဲ့အစွမ်းနဲ့ လွတ်မြောက်အောင် ကြိုးစားကြံစည်လိမ့်မယ်ဆိုတာလည်း ကျွန်တော်သိတယ်''

''အဲဒီလိုသိလျက်နဲ့ မောင်ရင်က သူ့ဆီမှာရှာဖွေပြီး ဘာဖြစ်လို့ မသိမ်းတာလဲ အိုင်ဆေးရဲ့''





''သူ့ကို လွတ်မြောက်သွားစေချင်လို့ပေါ့''

''ဘယ်လို ... ဘယ်လို''

''အာစုရိကရော စိမ့်ဒေဝီကို ကြိုးစင်ပေါ်တက်စေချင်သလား''

''အဲ ... အဲဒီလိုတော့ မဟုတ်ပါဘူး''

''အာစရိ စဉ်းစားကြည့်လေ ... စိမ့်ဒေဝီ လူသတ်မှုဖြစ်တာက မတော်တဆ ဖြစ်သွားရတာ ...၊

သူဟာ ဘဝတစ်လျှောက်လုံး လောကဓံရဲ့အထုအထောင်းခံခဲ့ရရှာတဲ့ သနားစရာ မိန်းကလေး ...၊

ပြီးတော့ ... သူဟာ မိခင်ကို ချစ်မြတ်နိုးလှတဲ့ မိန်းကလေး ...၊

စိတ်ထားဖြောင့်မှန်ပြီး အမှန်တရားဘက်က အမြဲရပ်တဲ့ မိန်းကလေး ...၊

အဲဒီလိုတန်ဖိုးရှိလှတဲ့ သတ္တိခဲမိန်းကလေးမျိုးကို မတော်တဆ ကျူးလွန်မိတဲ့ လူသတ်မှုအတွက်နဲ့ ကြိုးစင်ပေါ် မတက်စေချင်ဘူး ...၊

ဒါကြောင့် ပုလဲနက်လက်စွပ်လေး သူ့ဆီမှာရှိတာကို

www.burmeseclassic.com



ကျွန်တော် ရှာဖွေတာတွေ သိမ်းဆည်းတာတွေ မရှုပ်ခဲ့တာပဲ အာစရိ''

''သြော် ... သြော် ... ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့''

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ

ခု နှစ် စဉ် ကြယ် တာ ပေ

# စိတြအဂ္ဂ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ဂငယ်သုံးလုံးမောင်သံပုံး

၂။ မိကျောင်းခုစတာမန်

၃။ ခုဒ္ဒနီကျိန်စာ

၄။ စွယ်နက်ရှင်

၅။ စီးနပ်(စ်)ပုလဲ

၆။ ပင်လယ်မြွေဟောက်

၇။ အင်းဘိလုံး

၈။ သဝေမြိုင်မောင်နမ

၉။ အရိုင်းမေတ္တာ

၁၀။ နှံသာအိမ်ကြီး ရေကူဆီး

၁၀။ ငှက်ဂဠုန်မြွေနဂါး

၁၂။ သမုဒယကောရီ

၁၃။ ကျောက်စိမ်းယက္ခ

၁၄။ လေးပွင့်သစ္စာ

၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား


www.burmeseclassic.com